ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**အနိုင်မယူ ဆုံးရှုံးမှုမရှိ**

တိုက်ခိုက်ရာ၌ အောင်နိုင်သူ၊ ကျရှုံးသူဟူ၍ ရှိရမြဲဖြစ်၏။ နိုင်သူသည် ရန်ကိုပွားစေ၏။ ရှုံးသူသည် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ရ၏။ နှစ်ဦးစလုံးအဖို့ အကျိုးမဲ့သည်သာ ဖြစ်၏။ လောဘ၊ ဒေါသ၊ မာန စသော ကိလေသာငြိမ်းပြီး သူတို့အဖို့မူ မည်သူ့ကိုမျှ အနိုင်မယူ၊ အနိုင်မယူသဖြင့် ဆုံးရှုံးမှုမရှိ၊ ဆုံးရှုံးမှုမရှိသဖြင့် ချမ်းသာစွာနေရ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၁)

၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၂ ရက်၊ တနင်္လာနေ့။ Monday, 27 February 2017 (၈၈၅၀)

# တရားလွှတ်တော်ရှေ့နေ ဦးကိုနီနှင့် အငှားယာဉ်မောင်း ဦးနေဝင်းတို့အတွက် အောက်မေ့ဖွယ်အခမ်းအနားကျင်းပ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကျန်ရစ်သူမိသားစုဝင်များကို အားပေးစကားပြောကြား



တရားလွှတ်တော်ရှေ့နေ ဦးကိုနီနှင့် အငှားယာဉ်မောင်း ဦးနေဝင်းတို့အတွက် အောက်မေ့ဖွယ်အခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

တရားလွှတ်တော်ရှေ့နေ ဦးကိုနီနှင့် အငှားယာဉ်မောင်း ဦးနေဝင်းတို့အတွက် အောက်မေ့ဖွယ်အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တက်ရောက်၍ ကျန်ရစ်သူနှစ်ဖက်မိသားစုဝင်များကို အားပေးစကားပြောကြားသည်။

ရှေးဦးစွာ အခမ်းအနားမှူးက တရားလွှတ်တော်ရှေ့နေ ဦးကိုနီနှင့် အငှားယာဉ်မောင်း ဦးနေဝင်းတို့၏ ကိုယ်ရေးအကျဉ်းကိုဖတ်ကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဦးကိုနီသည် ဥပဒေအထောက်အကူပြုအဖွဲ့ထဲတွင် ပါဝင်ခဲ့ခြင်းမှာ ယုံကြည်ချက်နှင့် တရားဥပဒေစိုးမိုးရေးအတွက် တက်တက်ကြွကြွတတ်နိုင်သလောက် ပါဝင်ကူညီခဲ့သူဖြစ်ပါကြောင်း၊ မိမိတို့သည် ဦးကိုနီအား ရဲဘော်ရဲဘက် တစ်ယောက်အနေဖြင့်ရော ဥပဒေပညာရှင်တစ်ယောက်အနေဖြင့်ပါ အင်မတန်မှ လေးစားပါကြောင်း၊ တန်ဖိုးထားပါကြောင်း၊ အလားတူ ပုဂ္ဂိုလ်မျိုးများများရှိမှသာ မိမိတို့နိုင်ငံတွင် ကိုယ်လုပ်ချင်သည့်ကိစ္စကို တရားဥပဒေဘောင်အတွင်းမှလုပ်သည်ဆိုသည့် အစဉ်အလာခိုင်မြဲသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် "အပြစ်တစ်ခုကျူးလွန်ပြီးတော့ အလွတ်ရုန်းသွားမယ့်သူကို ဖမ်းတယ်ဆိုတာ သူ့ကိုမုန်းလို့မဟုတ်ဘူး။ ဒီလိုအပြစ်တွေကို ကျူးလွန်ချင်တိုင်း ကျူးလွန်လို့မရဘူး။ ကိုယ်မလုပ်သင့်တဲ့၊ မလုပ်ထိုက်တဲ့ ကိစ္စတွေ၊ ရာဇဝတ်မှုတွေ၊ အပြစ်တွေ၊ သူတစ်ပါးကိုထိပါးစေတဲ့အလုပ်တွေကို လုပ်ချင်တိုင်းလုပ်ပြီး လွတ်လွတ်လပ်လပ်နဲ့ ပြေးချင်တိုင်းပြေးလို့ ရတယ်ဆိုတာ ဒါ မဖြစ်သင့်ဘူး။ တရားဥပဒေစိုးမိုးတဲ့ အသိုင်းအဝိုင်းမှာ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❋

**ပဲခူးတိုင်းဒေသကြီး ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ တောင်ငူတွင် ကျင်းပ**

သတင်း
စာမျက်နှာ » ၃

# ကျေးရွာအရောက် ကားလမ်းပေါက်၍ လူနေမှုဘဝ မြင့်မားတော့မည်



အိမ်ခစ် - နောင်ဟူးမြေသားလမ်းကို တွေ့ရစဉ်။

**မိုးလွင်ဦး(လွိုင်လင်)**

တောင်ပတ်လည်ဝန်းရံထားပြီး ပင်လယ်ရေမျက်နှာပြင် အထက် အမြင့်ပေ ၄၄၄၇ ပေတွင် တည်ရှိသည့် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ လွိုင်လင်မြို့နယ်သည် ပင်လုံမြို့၊ မိုင်းပွန်မြို့တို့ဖြင့် ဖွဲ့စည်းထားလျက်ရှိသည်။ လွိုင်လင်မြို့နယ်တွင် ကျေးရွာအုပ်စု ၁၉ စု၊ ကျေးရွာပေါင်း ၃၀၅ ရွာရှိပြီး ပအိုဝ်းတိုင်းရင်းသားများနေထိုင်ကြသည်။

တောင်ပေါ်ဒေသဖြစ်သော်လည်း မြို့နယ်အတွင်းရှိ ကျေးရွာအချို့မှာ လမ်းပန်းဆက်သွယ်ရေးဝေးလံခက်ခဲကြပြီး အချို့ကျေးရွာများမှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ကျေးရွာများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❋

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

## မြားမှုန်

# ကျန်းမာရေးအသိဖြင့် သတိပြုဆင်ခြင်

ဆောင်းအကုန် နွေအကူး ရာသီကူးပြောင်းစကာလတွင် အဖြစ်များသော ရောဂါဘေးအန္တရာယ်များ မဖြစ်ပွားအောင် ပြည်သူများအနေဖြင့် သတိပြုရှောင်ရှားဆင်ခြင်နေထိုင်ကြရမည်ဖြစ်သည်။ နွေဦးကာလတွင် အပူချိန်တိုးလာခဲ့ပြီး လူတို့၏ ကျန်းမာရေးကို ထိခိုက်နိုင်သောကြောင့် သတိထားနိုင်မှသာ ရောဂါဘေးမှ ကင်းဝေးနိုင်မည်ဖြစ်သည်။

နွေဦးကာလ အဖြစ်များသောရောဂါများအနက် လတ်တလော အဖြစ်များသောရောဂါမှာ ဝက်သက်ရောဂါဟုဆိုကြသည်။ ဝက်သက်ရောဂါမှာ အသက်(၁၅)နှစ်အောက် ကလေးသူငယ်လူရွယ်များတွင် အဖြစ်များပြီး ပြင်းထန်ရောဂါလက္ခဏာဖြစ်နိုင်သော်လည်း လူအသေအပျောက်မှာမူ မဖြစ်သလောက်နည်းသည်။ သို့သော် လူတို့၏ကျန်းမာရေးကို ထိခိုက်နိုင်သဖြင့် သတိပြုရမည့်ရောဂါဖြစ်သည်။

ထို့ကြောင့် ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ကျန်းမာရေးဘက်ဆိုင်ရာတို့က ရာသီအလိုက် ဂရုစိုက်ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် အလေးထားပြီး ကျန်းမာရေးစောင့်ရှောက်ခြင်း ကုသမှုတို့ကိုခံယူသင့်ပေသည်။ ယခုဖြစ်ပွားနေသော ဝက်သက်ရောဂါမှာ နာဂဒေသတွင် လူတို့အသက်ဆုံးရှုံးစေခဲ့သည့် ဝက်သက် ရောဂါလက္ခဏာများနှင့်တူညီနေသဖြင့် အထူးဂရုစိုက်ရန်လည်းလိုအပ်သည်။

ဝက်သက်ရောဂါကြောင့် နောက်ဆက်တွဲအဖြစ်များသော ရောဂါများမှာ ဝမ်းပျက်၊ ဝမ်းလျှောရောဂါများနှင့် အဆုတ်ရောင်၊ အဆုတ်ပွရောဂါများပင်ဖြစ်သည်။ ထိုရောဂါများမှာ အာဟာရချို့တဲ့သည့် ကလေးငယ်များတွင်ဖြစ်ပွားပါက အသက်အန္တရာယ်ရှိသည်ကိုလည်း သတိမူရမည်ဖြစ်သည်။ သာမန်အားဖြင့်မူ ဖျားနာကိုက်ခဲခြင်းကဲ့သို့ အဖျားရောဂါသဖွယ်ဖြစ်သည်။

ဝက်သက်ရောဂါသည် အခြားဗိုင်းရပ်စ်ရောဂါကဲ့သို့ ဖျားနာခြင်း၊ ကိုယ်လက်မအီမသာကိုက်ခဲညောင်းညာခြင်း၊ အနီစက်များ တစ်ကိုယ်လုံး အနှံ့ထွက်ခြင်း စသည့်ဖြစ်လေ့ဖြစ်ထရှိသည့် ရောဂါလက္ခဏာများဖြစ်၍ သိလွယ် မြင်လွယ်ပေသည်။ သို့သော် ဝက်သက်ဖြစ်၊ မဖြစ် သေချာစွာ သိရှိနိုင်စေရန်မူ နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့သွားရောက်ကာ ဓာတ်ခွဲစမ်းသပ်မှုပြုရမည်ဖြစ်သည်။

ဝက်သက်ရောဂါမဖြစ်ပွားစေရေးအတွက် အဓိကမှာ ကာကွယ်ဆေးကို အချိန်မှန်ထိုးနှံကြရမည်ဖြစ်ပြီး ဖြစ်ပွားပါကလည်း နီးစပ်ရာဆေးရုံ၊ ဆေးခန်းများတွင် အမြန်ဆုံးပြသကုသမှုခံယူကြရမည်ဖြစ်သည်။ ထို့အပြင် ကလေးငယ်များအား အာဟာရပြည့်ဝအောင် ကျွေးမွေးရမည်ဖြစ်ပြီး နို့တိုက်ကလေးငယ်များဖြစ်လျှင် မိခင်နို့ကို အပြည့်အဝတိုက်ဖို့လိုအပ်မည်ဖြစ်သည်။

ဝက်သက်ရောဂါကာကွယ်ရေးကို အမျိုးသားကျန်းမာရေးစီမံချက်အဖြစ် ရေးဆွဲဆောင်ရွက်လျက်ရှိပြီး ခြောက်လတစ်ကြိမ် ကာကွယ်ဆေးထိုးပေးလျက်ရှိရာ ယခုဖေဖော်ဝါရီလတွင် တစ်ကြိမ်၊ ဩဂုတ်လတွင် တစ်ကြိမ် ကာကွယ်ဆေးထိုးပေးနေ၍ မိမိတို့၏ကလေးသူငယ်များ ဝက်သက်ရောဂါကာကွယ်ဆေးထိုးခြင်းကို သတိပြု၍ မဖြစ်မနေထိုးပေးသင့်သည်။

အဓိကမှာ ကလေးသူငယ်များ အာဟာရပြည့်ဝစေရန်လိုအပ်ပြီး အာဟာရပြည့်ဝပါက ကျန်းမာသန်စွမ်းကာ ရောဂါဘေးကို ခုခံကာကွယ်နိုင်စွမ်းရှိပေသည်။ ကျန်းမာသန်စွမ်းရန်အတွက် အာဟာရပြည့်ဝသော အစားအစာများကို စားသုံးခြင်းအပြင် ကျန်းမာသော နေထိုင်မှုပုံစံများနှင့် ဗီတာမင်အေ တိုက်ကျွေးခြင်းတို့ကိုလည်း အလေးထားဆောင်ရွက်သင့်သည်။

ဝက်သက်တစ်ခါပေါက်ပြီး ထပ်မံမပေါက်တော့သကဲ့သို့ ဆေးတစ်ကြိမ်ထိုးပြီးလျှင် နောက်ထပ်ရောဂါ ထပ်မံမဖြစ်နိုင်တော့သဖြင့် ဝက်သက်ကာကွယ်ဆေးထိုးနှံခြင်းကို မိဘများက ကလေးငယ်များအား ယခုကဲ့သို့ဝက်သက်ဆေးထိုးအချိန်ကာလများတွင် မဖြစ်မနေဆေးထိုးထားသင့်သည်။ ကျန်းမာရေးဘက်ဆိုင်ရာတို့ကလည်း ဝက်သက်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို တစ်နိုင်ငံလုံး လွှမ်းခြုံဆောင်ရွက်ပေးနေသဖြင့် ဤကဲ့သို့ ကျန်းမာရေးအတွက် အလေးထားဆောင်ရွက်ပေးနေချိန်တွင် ပြည်သူ့ကျန်းမာရေးအတွက် ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါသည်။ ။

# အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးကော်မတီ (၁/၂၀၁၇)အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးကော်မတီ (၁/၂၀၁၇)အစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေးကော်မတီ(NCASC)ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၌ အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ချုပ်(ICAO)တွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ပြီး မြို့ပြလေကြောင်းဆိုင်ရာ ပင်မကွန်ဗင်းရှင်းတစ်ခုဖြစ်သည့် ချီကာဂိုကွန်ဗင်းရှင်းကို လိုက်နာရန် တာဝန်ရှိပါကြောင်း၊ ICAO မှ စစ်ဆေးရေးအဖွဲ့များသည်လည်း မြန်မာနိုင်ငံကို ၂၀၀၄ မှ ၂၀၀၉ ခုနှစ်အထိ သုံးကြိမ် လာရောက်စစ်ဆေးခြင်းကို ပြုလုပ်ခဲ့ပါကြောင်း၊ ၎င်းတို့၏ စစ်ဆေးတွေ့ရှိချက်အရ လိုအပ်ချက်၊ အားနည်းချက်များရှိပါက ပြင်ဆင်လိုက်နာ ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုလက်ရှိ ကမ္ဘာပေါ်တွင်ဖြစ်ပေါ်လျက်ရှိသည့် လေကြောင်းဆိုင်ရာအကြမ်းဖက်တိုက်ခိုက်မှုများနှင့်ပတ်သက်၍လည်း မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် သင်ခန်းစာယူ၍ ပြင်ဆင်ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်ပါကြောင်းနှင့် မြန်မာနိုင်ငံတွင် လက်ရှိလေယာဉ်ကွင်း ၆၉ ကွင်းရှိသည့်အနက် အပြည်ပြည်ဆိုင်ရာလေဆိပ် သုံးခုအပါအဝင် ပြည်တွင်းလေဆိပ် ၃၄ ခုတို့အား ခရီးစဉ်များ ပျံသန်းပြေးဆွဲလျက်ရှိသဖြင့် အဆိုပါလေဆိပ်များနှင့် လေယာဉ်စီးခရီးသည်များ၏ ဘေးကင်းလုံခြုံရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားလှယ်များက ကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးကော်မတီ အတွင်းရေးမှူး၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်အောင်က လက်ရှိ programme များအတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို တင်ပြဆွေးနွေးခဲ့ပြီး ကော်မတီတွင်ပါဝင်သည့် တပ်မတော်၊ ရဲတပ်ဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ ကိုယ်စားလှယ်များကလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြခဲ့ရာ တင်ပြချက်များအပေါ် ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❑

# တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ်ပညာပေးရေးအစီအစဉ် ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၏ တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ်ပညာပေးရေးအစီအစဉ်(CTME)ကို ယမန်နေ့နံနက် ၉ နာရီက နေပြည်တော်ရှိ ခုတင်(၁၀၀) တိုင်းရင်းဆေးရုံ၌ ကျင်းပရာ သဘာပတိ ခုတင်(၁၀၀) တိုင်းရင်းဆေးရုံအုပ်ကြီး ဦးဝေဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ခုတင်(၁၀၀) တိုင်းရင်းဆေးရုံ (နေပြည်တော်)မှ တိုင်းရင်းဆေးမှူး ဒေါ်သန္တာအောင်က ဇတ္တုထမ္ဘ(ခေါ်)ဇက်ခိုင်တောင့်တင်းခြင်း၊ ဇက်ကြောတက်ခြင်းရောဂါအကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာသူများက သိလိုသည်များကို စိတ်ဝင်စားစွာမေးမြန်းဆွေးနွေးကြရာ ဆေးရုံအုပ်ကြီးနှင့် တိုင်းရင်းဆေးမှူးတို့က ပြန်လည်ရှင်းလင်းဖြေကြားပြီး သဘာပတိဆရာကြီးက နိဂုံးချုပ်စကားပြောကြားသည်။

အခမ်းအနားသို့ နေပြည်တော် တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဦးစီးမှူး၊ ခုတင်(၁၀၀)တိုင်းရင်းဆေးရုံ(နေပြည်တော်) ဒုတိယဆေးရုံအုပ်၊ ခရိုင်တိုင်းရင်းဆေးပညာဦးစီးမှူးများ၊ မြို့နယ်တိုင်းရင်း ဆေးပညာဦးစီးမှူးများ၊ အကြီးတန်းတိုင်းရင်းဆေးမှူးများ၊ တိုင်းရင်းဆေးမှူးများ၊ လက်ထောက်တိုင်းရင်းဆေးမှူးများ၊ စိတ်ဝင်စားသူ တိုင်းရင်းဆေးဆရာများ တက်ရောက်ကြသည်။

တိုင်းရင်းဆေးပညာရှင်များ၏ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးကို အထောက်အကူပြုနိုင်ရန်အတွက် ဝိုင်းဝန်းအကောင်အထည်ဖော်ရန်၊ တိုင်းရင်းဆေးပညာရပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးအစီအစဉ်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ တိုင်းရင်းဆေးပညာရပ်၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများကို ဖြန့်ဝေနိုင်ရန်၊ ပိုမိုကောင်းမွန်သော ရောဂါသိမှု၊ ဆေးသိမှု၊ ကုထုံးသိမှုများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဖွံ့ဖြိုးတိုးတက်လာသော ဆေးပညာဆိုင်ရာ ဗဟုသုတများကို လက်တွေ့အသုံးချနိုင်စေရန်ရည်ရွယ်၍ တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ်ပညာပေးရေးအစီအစဉ်ကို လစဉ် တတိယပတ် စနေနေ့တိုင်းတွင် ကျင်းပလျက်ရှိပြီး တိုင်းရင်းဆေးပညာရှင် ဆရာကြီးများက တက်ရောက်ဆွေးနွေးပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း၊ ယခုလ တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ်ပညာပေးရေးအစီအစဉ်ကို နန်းတွင်းသမားတော် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထောက်ပံ့ပေးကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကလေးများစာဖတ်စွမ်းရည်၊ ကဗျာရွတ်ဆိုနှင့် ပုံပြောပြိုင်ပွဲများ ကျင်းပ

**ပန်းတောင်း ဖေဖော်ဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်း၌ ပြည်သူများ အားထားယုံကြည်ရသော လူမှုအခြေပြုအဖွဲ့နှင့် လူမှုစာကြည့်တိုက်အဖြစ် အဆင့်မြှင့်တင်နိုင်ရန်ရည်ရွယ်၍ ကလေးများစာဖတ်စွမ်းရည်၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများကို ဖေဖော်ဝါရီ တတိယပတ်က ကျင်းပခဲ့သည်။**(ယာပုံ)**



အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းအေးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကို စတင်ရာ ကျောင်းသား ကျောင်းသူလေးများက ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖

# လမ်း၊ တံတားနှင့် ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**မိုးမောက် ဖေဖော်ဝါရီ ၂၆**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းနှင့် မွမ်းမံခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော မန်နောင်-စီကော်ကျေးရွာချင်းဆက်လမ်း သစ်သားတံတား၊ ခုံဆင့်ဟောင်း-ခုံဆင့်သစ်ကျေးရွာချင်းဆက်လမ်း သစ်သားတံတား၊ ပန်ချိုးဟိုင်-နောင်ပေါင်း-မန်နောင် ကျေးရွာချင်းဆက်မြေသားလမ်း နှစ်မိုင်နှင့် နောင်းကွမ်-နောင်မကောက်-ကုန်းကတင် ကျေးရွာချင်းဆက် ကျောက်လမ်းခင်းခြင်း တစ်မိုင်လုပ်ငန်းဆောင်ရွက်နေမှုအား ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်နုနှင့်အဖွဲ့က ဖေဖော်ဝါရီ ၂၁ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါလမ်း၊တံတားများ ပြီးစီးပါက ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လယ်ယာကုန်ထုတ်လုပ်ငန်းများ ပိုမိုမြန်ဆန်လွယ်ကူစွာဖြင့် ကုန်စည်ပို့ဆောင်ရာတွင် အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**ခရမ်းလွန်ရောင်ခြည် အန္တရာယ်မကျရောက်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

မြားမှုန် နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးကိုနီ၏ မိသားစုဝင်များကို အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးနေဝင်း၏ မိသားစုဝင်များကို အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ဒါမျိုးဟာ မဖြစ်သင့်ဘူးဆိုတဲ့ယုံကြည်ချက်နဲ့ ဦးနေဝင်းက လုပ်တယ်လို့ ကျွန်မယုံကြည်တယ်"ဟု ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လူသားတိုင်းသည် အခြေခံအားဖြင့် စိတ်ချမ်းသာချင်ကြောင်း၊ လူကျန်းမာချင်ကြောင်း၊ ကိုယ်မကျန်းမာလျှင် စိတ်ချမ်းသာရန်ခက်ကြောင်း၊ ကိုယ်ကျန်းမာသော်လည်း ပူပင်သောကများနေလျှင်၊ စိတ်လုံခြုံမှုမရှိဘူးဆိုလျှင်၊ ကိုယ့်ပတ်ဝန်းကျင်တွင် လုံခြုံမှုမရှိဘူးဆိုလျှင်၊ အေးငြိမ်းမှုမရှိဘူးဆိုလျှင် စိတ်လည်းမချမ်းသာပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားအားလုံး မိမိတို့နိုင်ငံတွင် မှီတင်းနေထိုင်သူများအားလုံး ကျန်းမာရန်၊ ချမ်းသာရန်ဆိုသည့် ရည်ရွယ်ချက်သည် မိမိတို့၏ မူဖြစ်ပါကြောင်း၊ လူသားများအတွက် ရည်ရွယ်ချက်၊ ယုံကြည်ချက်ဖြစ်ပါကြောင်း ပြောကြားသည်။

နိုင်ငံတစ်နိုင်ငံ၏ သမိုင်းအတွက်၊ အစိုးရတစ်ခုအတွက် ဆယ်လ၊ တစ်နှစ်ဆိုသည်မှာ ဘာမျှမဟုတ်ပါကြောင်း၊ ကာလတိုသာ ရှိပါသေးကြောင်း၊ ဒီလိုကာလတိုလေးအတွင်း မိမိတို့ ဘာကျေနပ်ဖွယ်ရာတွေရှိခဲ့သလဲဆိုလျှင် ကျေနပ်ဖွယ်ရာများ အသီးသီးရှိပါကြောင်း၊ ထိုကျေနပ်စရာများထဲတွင် မိမိတို့၏အဖွဲ့ချုပ်ထဲတွင် ဦးကိုနီ၊ ဦးနေဝင်းတို့လို ပုဂ္ဂိုလ်များပါခဲ့သည်မှာလည်း မိမိတို့အတွက် အင်မတန်ကျေနပ်စရာတစ်ခု၊ ဂုဏ်ယူစရာကိစ္စတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဘယ်တော့မှ မမေ့ပါကြောင်း၊ မိမိတို့လုပ်သင့်လုပ်ထိုက်သည်ကို မလုပ်ရဲသေးသည့် အချိန်မှာ၊ မလုပ်သင့်မလုပ်ထိုက်တာကို ကြောက်လို့မလွန်ဆန်ရဲသည့်အချိန်မှာ မိမိတို့အဖွဲ့ချုပ်၏ အဖွဲ့ဝင်များထဲမှ အာဇာနည်သူရဲကောင်းများ၊ နိုင်ငံသားကောင်းများ ရှိခဲ့သည်ဆိုသည့်အသိကို အမြဲအောက်မေ့ပြီး အင်အားဖြစ်ကြပါစို့လို့ ဆန္ဒပြုပါကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကျန်ရစ်သူ နှစ်ဖက်မိသားစုဝင်များနှင့် သီးသန့်တွေ့ဆုံပြီး အားပေးစကားပြောကြားသည်။

ယနေ့ကျင်းပသည့် အောက်မေ့ဖွယ် အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယကသူရဦးတင်ဦး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင်များဖြစ်ကြသော ဦးဝင်းထိန်၊ ဦးညဏ်ဝင်း၊ ဦးဟံသာမြင့်၊ ဦးကိုနီ၏ ကျန်ရစ်သူမိသားစုဝင်များ၊ ဦးနေဝင်း၏ ကျန်ရစ်သူမိသားစုဝင်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ၊ အရပ်ဘက် အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**(ဇော်ဇော်ကြီး)**

# ပဲခူးတိုင်းဒေသကြီး ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ တောင်ငူတွင်ကျင်းပ

**တောင်ငူ ဖေဖော်ဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက တောင်ငူမြို့ရှိ ပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သိန်းလွင်က ဆွေးနွေးပြောကြားသည်။

ယင်းနောက် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်းက ဆွေးနွေးပြောကြားပြီး KNU ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ပဒိုစောတာဒိုမှူးက ငြိမ်းချမ်းရေးနှင့် ပတ်သက်သည်များကို ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်ဆေးက ဆွေးနွေးပွဲနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တောင်ငူခရိုင်မှ ကိုယ်စားလှယ်တစ်ဦး၊ ပဲခူးခရိုင်မှ ကိုယ်စား လှယ်တစ်ဦး၊ ပြည်ခရိုင်မှ ကိုယ်စားလှယ်တစ်ဦး၊ သာယာဝတီခရိုင်မှ ကိုယ်စား လှယ်တစ်ဦးတို့က နိုင်ငံရေးဆိုင်ရာ စာတမ်းများကို ဆွေးနွေးဖတ်ကြားသည်။ စီးပွားရေးဆိုင်ရာစာတမ်းများကို ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လေးခရိုင်၊ မြို့နယ်များမှ ကိုယ်စားလှယ်တစ်ဦးစီက ဆွေးနွေးဖတ်ကြားသည်။ ထို့နောက် UPDJC ၏ တာဝန်ရှိသူ ဦးလှမောင်ရွှေက ဆွေးနွေးပွဲရလဒ်များအကြောင်းကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ ကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ တိုင်းရင်းသားများ တက်ရောက်ကြပြီး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၈ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

✻ ကျေးရွာမှ

လမ်းတံတားများဖောက်လုပ်ပေးရန် နှစ်စဉ် လွှတ်တော်ရန်ပုံငွေ၊ ဌာနရန်ပုံငွေများတောင်းခံ၍ ဦးစားပေးရွာများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အိမ်ခစ်-နောင်ဟူး မြေသားလမ်း ၁ ဒသမ ၄ မိုင်ကို ခွင့်ပြုငွေကျပ် ၃၁ ဒသမ ၁၇၆ သန်းဖြင့် Dragon Power Light Co.,Ltd.က လည်းကောင်း၊ စံဖူးကျေးလက်ကျောက်ချောလမ်းတစ်မိုင်ကို ခွင့်ပြုငွေကျပ် ၇၁ ဒသမ ၅၇၃ သန်းဖြင့် ရှမ်းချယ်ရီတောင်တန်းကုမ္ပဏီတို့က လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း ကျေးလက်ဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အိမ်ခစ်ကျေးရွာသည် လွိုင်လင်မြို့၏ အနောက်မြောက်ဘက်တွင် တည်ရှိပြီး လွိုင်လင်မြို့နှင့် ကားလမ်းအတိုင်းသွားပါက ကတ္တရာလမ်း သုံးမိုင်၊ ကျောက်ချောလမ်း လေးမိုင်ခန့်နှင့် ယခုဖောက်လုပ်ထားသည့် မြေသားလမ်း ၁ ဒသမ ၄ မိုင် စုစုပေါင်း ရှစ်မိုင်ခန့်ကွာဝေးသည်။ အိမ်ခစ်-နောင်ဟူး မြေသားလမ်း ၁ ဒသမ ၄ မိုင်ကို ခွင့်ပြုငွေကျပ် ၃၁ ဒသမ ၁၇၆ သန်းဖြင့် Dragon Power Light Co.,Ltd. က တာဝန်ယူဆောင်ရွက်နေကြောင်း၊ တောင်တက်လမ်းဖြစ်ကာ လမ်းအကျယ် ၂၅ ပေအထိ ဖောက်လုပ်နေကြောင်း ကျေးလက်ဦးစီးဌာနမှ သိရသည်။ လက်ရှိအခြေအနေတွင် လုပ်ငန်းခွင်ဝင်နေသည့် စက်ယန္တရားများ၊ ကျေးလက်ပြည်သူများ၏ မော်တော်ဆိုင်ကယ်များ ဥဒဟိုသွားနေသည်ကို မြင်တွေ့ခဲ့ရသည်။

အိမ်ခစ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းလှိုင်နှင့်တွေ့ဆုံစဉ် သိလိုသည်များကို စေ့ငုကြည့်ရာ "ကျွန်တော်တို့ရွာမှာ လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းက အဓိကဖြစ်ပါတယ်။ အရင်တုန်းက ကျွန်တော်တို့ရွာကနေ မြို့ကိုသွားဖို့ ခြေကျင်လျှောက်ရပါတယ်။ ဆိုင်ကယ်နဲ့သွားဖို့လည်းခက်တယ်။ ဆိုင်ကယ်သွားနိုင်အောင် ကျွန်တော်တို့တွေ လူအားနဲ့ သုံးနှစ်ဆက်တိုက် ဖောက်လုပ်ခဲ့ရပါတယ်။ အခုတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လမ်းဖောက်ပေးလို့ ကျေးဇူးတင်ပါတယ်။ အခုဆိုရင် ရွာထဲအထိ ကားသွားလာလို့ရနေပြီ။ ဆက်သွယ်ရေးကလည်း MPT နဲ့ ဖုန်းပြောလို့ရပြီ။ ကျန်းမာရေးကတော့ ကျေးလက်ဆေးပေးခန်းမရှိသေးလို့ ခေါင်းနွဲ့ကျေးလက်ဆေးခန်းနဲ့ လွိုင်လင်ဆေးရုံတွေမှာပဲ သွားရောက်ကုသနေရပါတယ်။ မီးကတော့ ကိုယ့်အားကိုယ်ကိုး ဆိုလာပြားနဲ့ ပဲထွန်းပြီး သောက်သုံးရေကတော့ စိမ့်စမ်းရေနဲ့ မိုးရေကိုသုံးရပါတယ်။ ရွာမှာတော့ မူလတန်းကျောင်း တစ်ကျောင်းရှိပြီး ကျောင်းသားကတော့ ၈၀ ရှိပါတယ်။ လက်ရှိအခြေအနေမှာ စာသင်ခန်းမလုံလောက်ဘူး။ ဆရာမကတော့ ခုနစ်ဦးရှိပါတယ်။ ကျောင်းဆောင်ကတော့ ဝါးနဲ့တိုင်ထူပြီး မိုးကာအုပ်ထားရပါတယ်။ မူလွန်ကျောင်းဖြစ်ဖို့ တင်ပြထားတယ်။ အခုထိ မရသေးပါဘူး။ လက်ဖက်စိုက်ပျိုးတဲ့အတွက် ရရှိတဲ့လက်ဖက်ခြောက်ကို လွိုင်လင်မှာ သွားသွင်းရတယ်။ လက်ဖက်စိုကတော့ လွိုင်လင်မှာ အဝယ်ဒိုင်မရှိလို့ ပင်လုံမှာသွားသွင်းရတယ်။ နှစ်ရှည်ပင်အနေနဲ့ ထောပတ်စိုက်ပျိုးထားပါတယ်။ ကျွန်တော်တို့ရွာနဲ့ အနီးအနားကရွာတွေလည်း ဒီလမ်းကိုပဲ အသုံးပြုလာကြတာပါ။ ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံချင်ပါတယ်"ဆိုသည်။

ကားလမ်းပေါက်ခဲ့ပြီဖြစ်သည့် အိမ်ခစ်ကျေးရွာသည် ယခင်ကဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့သော်လည်း ယနေ့ခေတ်အခြေအနေတွင် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုဘဝလည်း တိုးတက်မြင့်မားလာတော့မည်ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။

# နိုင်ငံတကာမြင်ကွင်း



## ရဲရင့်လင်းလက်

**(ယခင်အပတ်မှအဆက်)**

လက်နက်ကိုင်တပ်ဖွဲ့တွေအကြား ညှိနှိုင်းဆွေးနွေးမှု တိုးမြှင့်လုပ်ဆောင်တာကလည်း ပဋိပက္ခ အရှိန်မြင့်လာတာမျိုးကို လျှော့ချနိုင်ပါတယ်။ ပြဿနာတစ်စုံတစ်ခု ဖြစ်ခဲ့ရင် ချက်ချင်းညှိနှိုင်းနိုင်မယ့် အရေးပေါ်လိုင်း (hotline) ထားရှိတာကလည်း ပဋိပက္ခလျှော့ချရေးကို အထောက်အပံ့ဖြစ်စေပါတယ်။ လက်ရှိမှာ အရေးပေါ်လိုင်းကို တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံကြား၊ တရုတ်နိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံကြား၊ တရုတ်နဲ့ အာဆီယံကြားတွေမှာ ထားရှိပြီးပါပြီ။ ဒီလိုအရေးပေါ်လိုင်းမျိုးထားရှိရေးကို တောင်တရုတ်ပင်လယ် ပိုင်နက်နယ်မြေအငြင်းပွားမှုမှာ ပါဝင်ပတ်သက်နေတဲ့ နိုင်ငံအားလုံးကြားမှာ ဆောင်ရွက်သင့်ပါတယ်။ မတော်တဆဖြစ်ရပ်တွေကနေ ပဋိပက္ခအဆင့်ကို ကူးတော့မလို အနေအထားမျိုးမှာ သက်ဆိုင်ရာနိုင်ငံ့ခေါင်းဆောင်တွေအကြား ညှိနှိုင်းနိုင်ဖို့ ဒီအရေးပေါ်လိုင်းတွေက အရေးကြီးပါတယ်။ ဒီလို မတော်တဆဖြစ်ရပ်တွေကလည်း မကြာခဏဆိုသလို ဖြစ်ပွားလေ့ရှိပါတယ်။ ရေတပ်သင်္ဘောတွေရဲ့ လှုပ်ရှားမှုကို ကုန်တင်သင်္ဘောတွေနဲ့ ငါးဖမ်းသင်္ဘောတွေက အဓိပ္ပာယ်ကောက်လွဲတာမျိုးဟာ ဖြစ်လေ့ရှိပါတယ်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလမှာ တရုတ်နိုင်ငံက အဆိုပြုခဲ့သလို ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုတွေဟာ သက်ဆိုင်ရာ ရေတပ်တွေအကြား နားလည်ယုံကြည်မှု တိုးပွားစေပြီး မလိုလားအပ်တဲ့ ဖြစ်ရပ်တွေကို လျှော့နည်းစေမှာပါ။

တောင်တရုတ်ပင်လယ်ပြင်မှာ ဖြစ်ပွားနေတဲ့ အငြင်းပွားမှုတွေလျှော့ချနိုင်လို့ တရုတ်နိုင်ငံနဲ့ အာဆီယံနိုင်ငံတွေကြား ထူထောင်ထားရှိတဲ့ ဘက်ပေါင်းစုံ ဆက်ဆံညှိနှိုင်းရေးစံချိန်စံညွှန်းမျိုး ထူထောင်ထားရှိဖို့ စဉ်းစားသုံးသပ်သင့်ပါတယ်။ တကယ်ကတော့ ၂၀၀၂ ခုနှစ်မှာ ထုတ်ပြန်ခဲ့တဲ့ တောင်တရုတ်ပင်လယ်အတွင်း သက်ဆိုင်ရာနိုင်ငံတွေရဲ့ ဆက်ဆံရေးမူဝါဒကြေညာချက် (Declaration on the Conduct of Parties in the South China Sea) မှာ ဘက်ပေါင်းစုံအန္တရာယ်လျှော့ချရေးနဲ့ ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းစဉ်တွေပါဝင်ပြီးသားပါ။ သမိုင်းအရပြောရရင် တရုတ်နိုင်ငံဟာ ပြဿနာတွေကို သက်ဆိုင်ရာနှစ်နိုင်ငံချင်း ညှိနှိုင်းတာမျိုးကို လိုလားပေမယ့် တရုတ်နိုင်ငံနဲ့ အာဆီယံအဖွဲ့အကြား ဆွေးနွေးတိုင်ပင်နေတာကို ကြည့်လိုက်ရင် ဘက်ပေါင်းစုံ ပေါင်းစပ်ညှိနှိုင်းရေးကိုလည်း ဦးတည်နေတာကိုတွေ့ရပါတယ်။ ဒီလိုဘက်ပေါင်းစုံပေါင်းစပ်ညှိနှိုင်းရေးတွေက ပူးပေါင်းဆောင်ရွက်မှုတွေကို မြှင့်တင်ပြီး ပြဿနာဖြေရှင်းနိုင်ရေးကို ဦးတည်စေမှာပါ။ ဒါပေမယ့် ပွင့်ပွင့်လင်းလင်းပြောရရင် တစ်ဖက်မှာ တရုတ်နိုင်ငံက အာဆီယံအဖွဲ့နဲ့ဘက်ပေါင်းစုံညှိနှိုင်းရေးလုပ်နေသလို တစ်ဖက်မှာလည်း တရုတ်နိုင်ငံက အစဉ်အလာအရ နှစ်နိုင်ငံချင်း ညှိနှိုင်းတာကို အားသန်မှုတွေကြားဘယ်လို တိုးတက်ဖြစ်ထွန်းမှုတွေ ဖြစ်လာမလဲဆိုတာကတော့ ခန့်မှန်းဖို့ မလွယ်ပါဘူး။

ဒီလိုပင်လယ်ပိုင်နက်နယ်မြေ အငြင်းပွားမှုတွေကို နိုင်ငံတကာတရားရုံးတွေကတစ်ဆင့် ဖြေရှင်းနိုင်မယ်ဆိုရင်လည်း ပဋိပက္ခဖြစ်ပွားနိုင်ခြေကိုလျှော့ချနိုင်မှာပါ။ ဒီလို ပင်လယ်ပိုင်နက်နယ်မြေ အငြင်းပွားမှုတွေကို ဖြေရှင်းဖို့ဆိုရင် နိုင်ငံတကာတရားရုံးနှစ်ခုရှိပါတယ်။ ပထမ တစ်ခုက နိုင်ငံတကာတရားရုံး (The International Court of Justice-ICJ)ပါ။ ဒုတိယတစ်ခုက ပင်လယ်ပြင်ဥပဒေဆိုင်ရာ နိုင်ငံတကာခုံရုံး (The International Tribunal for the law of the sea)ပါ။ ၂၀၁၃ ခုနှစ် ဇူလိုင်လမှာ နယ်သာလန်နိုင်ငံ သည်ဟိဂ်(The Hague)မြို့မှာ ကုလသမဂ္ဂခုံရုံးကို ဖွင့်လှစ်ခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ တောင်တရုတ်ပင်လယ်ပြင်မှာ တရုတ်နိုင်ငံက သူပိုင်ဆိုင်တယ်ဆိုတဲ့ နယ်မြေတွေနဲ့ ပတ်သက်ပြီး ဖိလစ်ပိုင်နိုင်ငံက သူ့နိုင်ငံကသာ အမှန်တကယ်ပိုင်ဆိုင်ပါတယ်လို့ တင်ပြလာတဲ့ အပေါ် စီရင်ဆုံးဖြတ်ဖို့ပါ။ ကုလသမဂ္ဂခုံရုံးက ၂၀၁၆ ခုနှစ် ဇူလိုင်လမှာ ဖိလစ်ပိုင်နိုင်ငံကို အသာပေးဆုံးဖြတ်ခဲ့ပါတယ်။ ကုလသမဂ္ဂခုံရုံးရဲ့ ဆုံးဖြတ်ချက်မှာ တရုတ်နိုင်ငံက သူတို့ပိုင်ဆိုင်တယ်လို့ ပြောဆိုထားတဲ့ ပင်လယ်ပြင်နယ်နိမိတ်ဟာ ဥပဒေကြောင်းအရ ခိုင်မာမှုမရှိတဲ့အတွက် တောင်တရုတ်ပင်လယ်အတွင်းက သယံဇာတတွေကို တရုတ်နိုင်ငံအနေနဲ့ ပိုင်ဆိုင်ခွင့်မရှိဘူးလို့ ဆုံးဖြတ်ခဲ့တာပါ။ သဘောကတော့ ဒီပင်လယ်ပြင်နယ်နိမိတ်ဟာ တရုတ်နိုင်ငံရဲ့ သီးသန့်စီးပွားရေးဇုန်မဟုတ်ဘူးဆိုတဲ့ သဘောပါ။ တရုတ်နိုင်ငံက ကုလသမဂ္ဂခုံရုံးရဲ့ဆုံးဖြတ်ချက်ကို ပယ်ချခဲ့ပြီး ကုလသမဂ္ဂခုံရုံးရဲ့ ဆုံးဖြတ်ချက်ဟာ မဖြစ်မနေလိုက်နာရမယ့် ဥပဒေအကျိုးသက်ရောက်မှုမျိုးမရှိဘူးလို့ ထောက်ပြခဲ့ပါတယ်။ နောက်နည်းလမ်းတစ်ခုက ကြားလူအဖြစ် စေ့စပ်ညှိနှိုင်းပေးမယ့် အဖွဲ့အစည်း(ဒါမှမဟုတ်)ပုဂ္ဂိုလ်ရဲ့ အကူအညီကို ရယူတာပါ။ ဒါပေမယ့် ဒွဲပြောရရင် ဒီလိုနည်းလမ်းကလည်း အောင်မြင်ဖို့က မလွယ်ပါဘူး။ တရုတ်နိုင်ငံက သူ့စိတ်ကြိုက် အဖြေမျိုးမဟုတ်ခဲ့ရင် ကန့်ကွက်နိုင်လို့ပါ။

သံတမန်ရေးရှုထောင့်အရ ပြောမယ်ဆိုရင် တင်းမာမှုတွေ တိုးပွားလာခဲ့ရင် သံတမန်ရေးလှုပ်ရှားမှုတွေ မြင့်တက်လာနိုင်ပါတယ်။ အစပထမပိုင်းမှာ အမေရိကန်နိုင်ငံက စေ့စပ်ညှိနှိုင်းတဲ့ အခန်းကဏ္ဍကနေ ဆောင်ရွက်ခဲ့ပါတယ်။ တောင်တရုတ်ပင်လယ်မှာ ပဋိပက္ခဖြစ်ပွားတော့မလိုဖြစ်ခဲ့ရင် အာဆီယံအဖွဲ့ကပဲဖြစ်ဖြစ်၊ စင်ကာပူနိုင်ငံလို ကြားနိုင်ငံမျိုးကဖြစ်ဖြစ် ဝင်ရောက်ညှိနှိုင်းပေးနိုင်ခြေရှိပါတယ်။ ပဋိပက္ခဖြစ်ပွားနေတဲ့ အချိန်မျိုးဆိုရင် သက်ဆိုင်ရာနိုင်ငံတွေက ကုလသမဂ္ဂလုံခြုံရေးကောင်စီ အရေးပေါ် အစည်းအဝေးခေါ်ယူပေးဖို့ တောင်းဆိုနိုင်ပေမယ့် တရုတ်နိုင်ငံဟာ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံထဲက တစ်နိုင်ငံဖြစ်နေလို့ ဒီနည်းလမ်းရဲ့ ထိရောက်မှုက မသေချာပါဘူး။ တရုတ်နိုင်ငံရဲ့ အရှေ့ဘက်ပင်လယ်ပြင်မှာ နှစ်နိုင်ငံဆိုင်ရာ ပဋိပက္ခဖြေရှင်းရေးသဘောတူညီချက်က ပထမဦးဆုံးဖြစ်နိုင်ခြေလို့ ပြောရမှာပါ။ တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံတွေဟာ ပဋိပက္ခအသွင်မကူးပြောင်းရေးနှင့် ပဋိပက္ခဖြေရှင်းမှုဆိုင်ရာ သဘောတူညီချက်တွေကို ညှိနှိုင်းဆွေးနွေးနိုင်ပါတယ်။ တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံတွေဟာ ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှာ အချက်လေးချက်ပါ နှစ်နိုင်ငံဆက်ဆံရေးမူဝါဒကို ထုတ်ပြန်ခဲ့ပါတယ်။ ဒီမူဝါဒဟာ ပဋိပက္ခလျှော့ချရေးမှာ အရေးပါတဲ့ အောင်မြင်မှုအဆင့်သစ်တစ်ခုပါ။

စီးပွားရေးပိုင်းကို ကြည့်တဲ့အခါ သက်ဆိုင်ရာနှစ်နိုင်ငံကြား ကုန်သွယ်မှုက ဘယ်လိုပဲကျယ်ပြန့် ကျယ်ပြန့် ပဋိပက္ခကြောင့် စီးပွားရေးပိတ်ဆို့မှုက ဖြစ်လာနိုင်တဲ့ အလားအလာတစ်ရပ်ပါ။ တရုတ်နိုင်ငံရဲ့ လုပ်ဆောင်ချက်တစ်ခုခုကြောင့် အမေရိကန်နိုင်ငံက တရုတ်နိုင်ငံအပေါ် နိုင်ငံတကာဘဏ္ဍာရေး ငွေလွှဲငွေယူကိစ္စရပ်တွေမှာ ပိတ်ဆို့ဟန့်တားမှုတွေ ချမှတ်နိုင်ပါတယ်။ တရုတ်နိုင်ငံရဲ့ နိုင်ငံတကာကုန်သွယ်ရေးအပေါ် ပိတ်ဆို့ဟန့်တားမှုတွေ ချမှတ်နိုင်ပါတယ်။ အဆုံးစွန်ထိပြောရရင် နှစ်နိုင်ငံကြား ခရီးသွားလာမှုကိုတောင် ဟန့်တားပိတ်ပင်နိုင်ပါတယ်။ တရုတ်နိုင်ငံကလည်း လက်တုံ့ပြန်တဲ့အနေနဲ့ တရုတ်နိုင်ငံကို တင်ပို့မယ့် အမေရိကန်ပို့ကုန်တွေကို ပိတ်ပင်နိုင်ပါတယ်။ တရုတ်နိုင်ငံက သူ့လက်ထဲမှာ အမြောက်အမြားရှိတဲ့ အမေရိကန်အစိုးရ ငွေချေးစာချုပ်တွေကို ပြန်ရောင်းထုတ်တာမျိုးလုပ်လာနိုင်ပါတယ်။ ဒီလိုဖြစ်ရပ်မျိုးတွေက သမိုင်းမှာ ဖြစ်ခဲ့ဖူးပါတယ်။ ၂၀၁၂ ခုနှစ်က တရုတ်နိုင်ငံအတွင်း ဂျပန်နိုင်ငံလုပ် ကုန်ပစ္စည်းတွေအပေါ် သပိတ်မှောက်တဲ့ လှုပ်ရှားမှုတွေ ဖြစ်ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ် နယ်မြေကတောက်ကဆတ် နောက်ပိုင်း ဂျပန်နိုင်ငံက တရုတ်နိုင်ငံဟာ ရှားပါးသတ္တု(rare earth minerals) ဂျပန်နိုင်ငံတင်ပို့မှုကို ရည်ရွယ်ချက်ရှိရှိ တမင်ရပ်တန့်ခဲ့တယ်လို့ စွပ်စွဲခဲ့ဖူးပါတယ်။ တရုတ်နိုင်ငံက ဒီစွပ်စွဲချက်ကို ငြင်းဆိုခဲ့ပေမယ့် လက်တွေ့မှာတော့ ဒီလုပ်ရပ်ဟာ သယံဇာတ တင်သွင်းမှုတွေအပေါ် မှီခိုနေရတဲ့ ဂျပန်နိုင်ငံအတွက် အထိနာစေခဲ့ပါတယ်။

စစ်ရေးမျက်နှာစာကို ကြည့်ရင်တော့ တောင်တရုတ်ပင်လယ်ပြင်စစ်ရေးပဋိပက္ခမှာသာ ဂျပန်နိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံတို့သာ ပါဝင်ခဲ့ရင် အမေရိကန်နိုင်ငံဟာ ဒီနှစ်နိုင်ငံစလုံးနဲ့ ကာကွယ်ရေးစာချုပ် ချုပ်ဆိုထားတဲ့အတွက် ဒီစစ်ရေးပဋိပက္ခမှာ အမေရိကန်နိုင်ငံပါ ပါဝင်ပတ်သက်လာမှာပါ။ ဂျပန်နိုင်ငံနဲ့ချုပ်ဆိုထားတဲ့ စာချုပ်အရ ဂျပန်နိုင်ငံပါဝင်ပတ်သက်နေတဲ့ စစ်ရေးပဋိပက္ခဖြစ်ပြီဆိုရင် အမေရိကန်နိုင်ငံအနေနဲ့ ဂျပန်နိုင်ငံကို ကာကွယ်ပေးရမှာပါ။ ဖိလစ်ပိုင်နိုင်ငံနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သဘောကတော့ ဖိလစ်ပိုင်နိုင်ငံပါဝင်ပတ်သက်နေတဲ့ စစ်ရေးပဋိပက္ခမှာ အမေရိကန်နိုင်ငံက ဖိလစ်ပိုင်နိုင်ငံကို လိုအပ်တဲ့ စစ်ရေးထောက်ပံ့ကူညီမှုတွေကို ပြုလုပ်ပေးရမှာပါ။ တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံကြားမှာသာ စစ်ရေးပဋိပက္ခဖြစ်ပွားခဲ့ရင် အမေရိကန်နိုင်ငံအနေနဲ့ တရုတ်-အမေရိကန် ပင်လယ်ပြင်စစ်ရေးညှိနှိုင်းရေးသဘောတူညီချက် (US-China Military Maritime Consultative Agreement) အရ ထူထောင်ထားတဲ့ ဆက်ဆံရေးယန္တရားကတစ်ဆင့် တရုတ်-ဂျပန်အကြား စေ့စပ်ညှိနှိုင်းရေးကို ဆောင်ရွက်နိုင်ပါတယ်။ တောင်တရုတ်ပင်လယ်ပြင်မှာ တရုတ်နိုင်ငံက သူပိုင်ဆိုင်တယ်လို့ ကြေညာထားတဲ့ နယ်မြေတွေနဲ့ ပတ်သက်ပြီး အမေရိကန်နိုင်ငံက ကန့်ကွက်ပြောဆိုထားသလို တရုတ်နိုင်ငံရဲ့ ကျွန်းတုတည်ဆောက်မှုတွေနဲ့ စစ်ရေးဖြန့်ကြက်မှုတွေဟာ ဒေသအတွင်း တင်းမာမှုတိုးပွားစေတယ်လို့ ဝေဖန်ပြောဆိုနေတာပါ။ အမေရိကန်နိုင်ငံက ၂၀၁၅ ခုနှစ်မှာ တရုတ်နိုင်ငံကတည်ဆောက်ထားတဲ့ ကျွန်းတုတွေဆီ ထောက်လှမ်းရေးလေယာဉ်တွေ စေလွှတ်ခဲ့သလို ပါရာဆယ်နဲ့ စပရက်တလီကျွန်းစုတွေရဲ့ ရေမိုင် ၁၂ မိုင်အကွာအဝေးအထိ အမေရိကန်ရေတပ်စစ်သင်္ဘောတွေ စေလွှတ်ခဲ့ပါတယ်။ သဘောကတော့ တရုတ်နိုင်ငံက သူပိုင်ဆိုင်တယ်လို့ပြောဆိုနေတဲ့ ပင်လယ်ပြင်ဟာ နိုင်ငံတကာက လွတ်လပ်စွာသွားလာခွင့်ရှိတဲ့ ပင်လယ်ပြင်ပါလို့ မီးမောင်းထိုး ပြသနေတာပါ။ အမေရိကန်သမ္မတသစ် ဒေါ်နယ်ထရန့်လက်ထက်မှာ ကျင့်သုံးမယ့် တောင်တရုတ်ပင်လယ်ဆိုင်ရာ မူဝါဒဟာ အမေရိကန်-တရုတ်ဆက်ဆံရေးမှာရော ဒေသတွင်းလုံခြုံတည်ငြိမ်ရေးမှာပါ အခရာကျမယ်ဆိုတာကတော့ ယုံမှားသံသယဖြစ်စရာ မရှိပါဘူး။ ။

■



# ကစ္ဆပကိုကျော်၍ လေးမြို့ကိုဆန်သော

## ငွေးအောင် - ခရီးသွား

ခရစ်စမတ်နှင့် နှစ်သစ်ကာလအကြား ပြည်တွင်းခရီးတစ်ခုခုသွားရန်စိတ်ကူးခဲ့သော်လည်း တိုက်ဆိုင်မှုများရှိနေ၍မသွားဖြစ်ခဲ့။ လွန်ခဲ့သည့်အပတ်က ကိုမိုးမင်းနှင့်ဦးမောင်တို့အဖွဲ့ ငပလီ၊ ကျောက်ဖြူ မြောက်ဦး၊ စစ်တွေဘက်သို့ မော်တော်ယာဉ်ဖြင့်ခရီးရှည်သွားကြမည်။ လမ်းတစ်လျှောက်ဓာတ်ပုံရိုက်ကြမည်ဆိုရာ စိတ်ဝင်စားမိသည်။ အပြန်တွင် ပြည်ကိုဝင်ဦးမည်ဟု ဆိုပြန်သည်။ သို့ရာတွင် ခရီးစဉ်တွက်ကြည့်တော့ ရှစ်ညအိပ်ကိုးရက်လောက်ဖြစ်သဖြင့်အပြည့်မလိုက်တော့ဘဲ ကြားကဖြတ်လိုက်ရန် ဆုံးဖြတ်မိသည်။ ထို့အတွက် ရန်ကုန်မှစစ်တွေသို့ လေယာဉ်ဖြင့်သွားခဲ့သည်။

ရန်ကုန်-စစ်တွေကားလမ်းသည် မိုင် ၆၀၀ နီးပါးရှည်သော်လည်း လေထဲကသွားလိုက်တော့ တစ်နာရီခန့်သာကြာ၏။ ရန်ကုန်လေဆိပ်သို့ရောက်မှ ပြည်တွင်းဆိုက်ရောက်ထွက်ခွာနေရာကို အဆောက်အအုံသစ်သို့ ပြောင်းရွှေ့လိုက်ကြောင်းသိရသည်။ ပြည်တွင်းခန်းမသည် နိုင်ငံတကာလေဆိပ်ခန်းမအတိုင်း ဖြစ်သွားသဖြင့် အစစအဆင့်အတန်းမြင့်သွားသည်။ ကျယ်ကျယ်ဝန်းဝန်း၊ သပ်သပ်ရပ်ရပ်၊ ခံ့ခံ့ညားညားဆိုတော့ နိုင်ငံခြားသားတွေအမြင်လည်းကောင်းသွားသည်။ ဤအဆင့်လေးလျော့မသွားရလေအောင် ဝိုင်းဝန်းထိန်းသိမ်းနိုင်ဖို့ပဲလိုအပ်သည်။ စစ်တွေလေဆိပ်ရောက်တော့လည်း ပြုပြင်မွမ်းမံလျက်ရှိသဖြင့် အားတက်စရာပင်။ စစ်တွေတွင်ကြိုရောက်နေသော ကိုဥက္ကာနှင့်တွေ့ဆုံပြီး မြို့ထဲတွင်နေ့လယ်စာစားကြသည်။ ထို့နောက် မူလအစီအစဉ်အတိုင်း မြို့တစ်ပတ်ကားဖြင့်ကြည့်ရှုပြီး မြောက်ဦးသို့ခရီးဆက်နှင်ကြသည်။ အချိန်ကနေ့လယ် နှစ်နာရီခွဲပြီ။

စစ်တွေ-မြောက်ဦးကားလမ်းသည် ဟိုတုန်းကနှင့်မတူ၊ လုံးဝပြောင်းလဲသွားသည်ကိုသတိပြုလိုက်မိသည်။ ကတ္တရာပဲဖြစ်ဖြစ်၊ ကွန်ကရစ်ပဲဆိုဆို သွားလာရအဆင်ပြေလျှင် ခရီးသည်တွေစိတ်ပျော်ရွှင်ကြည်နူးရမှာ ဖြစ်သည်။ တစ်ချိန်က စစ်တွေ-မြောက်ဦးသည် ကားနှင့်သွားလျှင်လည်း ငါးနာရီ၊ သာမန်မော်တော်ဖြင့်သွားလျှင်လည်း ငါးနာရီ၊ သို့ရာတွင်ကားလမ်းကဆိုးသဖြင့် ပိုပင်ပန်းသည်။ ယခုတော့ မိုင်တစ်ရာခန့်ခရီးကို သုံးနာရီအတွင်းရောက်နိုင်ပြီ။ စစ်တွေကအထွက် ကွန်းတောင်ရွာတွင် ကားခဏရပ်ပြီး နာမည်ကြီးဒေသကြက်ကြော်စားဖြစ်ကြသည်။ ဤဆိုင်ရောက်တော့ ပုဂံ-ကျောက်ပန်းတောင်းလမ်းက လက်ပံပျားကြက်ကြော်ကို ပြေးသတိရမိသည်။ နေပြည်တော်တွင်ရှိစဉ်က ပုဂံကိုမကြာခဏရောက်လေ့ရှိရာ လက်ပံပျားကြက်ကြော်ကို အမြဲလိုစားဖြစ်သည်။ ပြန်လျှင်လည်း အိမ်အတွက်ဝယ်ဖြစ်သည်။ ဤကြက်ကြော်နာမည်ကြီးသဖြင့် ခိုင်ခိုင်ကျော်ပိုင်ရှင် ကိုမိုက်ကယ်က အသေးစိတ်လေ့လာပြီး သူ့ဆိုင်များတွင် တင်ရောင်းခဲ့ရာ အောင်မြင်နေလောက်ပြီ။

ယခုကွန်းတောင်ရွာကကြက်ကြော်မှာလည်း ရခိုင်ကြက်ပီပီ အသားကျစ်သော်လည်း စားကောင်းသည်။ အရသာလည်းရှိသည်။ ခရီးကြုံလျှင်ဝင်မြည်းစမ်းကြည့်စေချင်သည်။

စစ်တွေကထွက်လာပြီးနောက် ပုဏ္ဏားကျွန်းသို့ရောက်သည်။ ဤမြို့သည် ဆိပ်ကမ်းနှင့်ကပ်လျက်ရှိရာ ယခင်ကသင်္ဘောနှင့်လာသည့်အခါ ဆိပ်ကမ်းတစ်ဝိုက်လှည့်ပတ်ကြည့်ရှုဖြစ်သည်။ မြို့မှာကားလမ်းမ၏ဝဲ/ယာအတိုင်းတည်ထားသဖြင့် ကားပေါ်ကပင်မြို့၏စည်ပင်မှုကို လေ့လာနိုင်သည်။ ဟိုယခင်ကထက် ရောင်းဝယ်ဖောက်ကားမှု စည်ပင်လာသည်။ ကားများနှင့်ဆိုင်ကယ်များ အထူးပေါများလာသည်။ စစ်တွေ-မြောက်ဦးကားလမ်းသည် ကစ္ဆပနဒီနှင့်ယှဉ်၍ဖောက်လုပ်ထားသဖြင့် မြစ်ပြင်ကျယ်၏ပသာဒကို ကောင်းစွာခံစားနိုင်သည်။ ဝဲဘက်တွင် ရိုးပြတ်ခင်းနှင့်မလှမ်းမကမ်းတွင် တောင်ညိုတောင်တန်းများကို တွေ့မြင်ရသည်။

ကျွန်တော်တို့ကားသည် အရှိန်လေးတင်၍ မောင်းလာရာ တစ်နာရီခွဲခန့်အကြာတွင် ခရီးတစ်ဝက်ဖြစ်သည့် ကန်ဆောက်တောင်ကို ရောက်လာသည်။ ဤနေရာမှပတ်ဝန်းကျင်မြင်ကွင်းကျယ်ကို ရှုမြင်ခံစားမိ၏။ မျက်စိတစ်ဆုံးကျယ်ပြောလှသော လယ်ကွင်းပြင်များ၏ ဟိုမှာဘက်တွင် ကွေ့ဝိုက်စီးဆင်းနေသော ကစ္ဆပနဒီကို လှမ်းမြင်ရသည်။ ကန်ဆောက်တောင်ပေါ်တွင် ယခင်က ဆောက်လုပ်ရေးအလုပ်စခန်းနှင့် လမ်းလုပ်သားများကို တွေ့ခဲ့ဖူးသည်။ ယနေ့အခါတွင် တည်ဆောက်ရေးလုပ်ငန်းပြီးစီးသွားသည့်အတွက် အခြားအပိုင်းများသို့ ပြောင်းရွှေ့သွားသဖြင့် တောင်ပေါ်တွင်လမ်းလုပ်သားနှင့် စက်ယန္တရားတို့မရှိတော့ချေ။ တောင်ထိပ်ကဆင်းလာခဲ့ပြီးနောက် နာရီဝက်ခန့်အကြာတွင် ကစ္ဆပနဒီမြစ်ကူးတံတားထိပ်ကို ရောက်လာသည်။ မြစ်ပြင်ကျယ်သည်နှင့်အမျှ တံတားအရွယ်အစားမှာလည်း ကြီးမားထည်ဝါသည်။ တံတားပေါ်တွင် အခြားကိုယ်ပိုင်ယာဉ်တစ်စီးမှ အဖွဲ့တစ်ဖွဲ့ အမှတ်တရ ဓာတ်ပုံရိုက်နေကြသည်။ မကြာမီသူတို့၏ စာအုပ်မျက်နှာကတစ်ဆင့် လက်လှမ်းမီသလောက် ပြည်တွင်း၊ ပြည်ပရှိ မိတ်ဆွေများထံ သတင်းဖလှယ်ကြမှာသေချာသည်။ ခေတ်မီသတင်းပညာ ပေါ်ထွန်းလာသည့်အချိန်တွင် ဤနည်းမှာ ထိရောက်သော ဈေးကွက်မြှင့်တင်ရေးကိရိယာ တစ်ခုပင် မဟုတ်ပါလော။

တံတားအောက်တွင် ညင်သာစွာစီးဆင်းနေသော ကစ္ဆပသည် အိန္ဒိယတွင်မွေးဖွားသန့်စင်ပြီး ချင်းပြည်နယ် ပလက်ဝကတစ်ဆင့် တောင်ဘက်ပိုင်းတွင် ကြီးပြင်းလာခဲ့သည်။ ထို့အတွက် ကျောက်တော်အထက်ပိုင်းရောက်လေ မြစ်ပြင်မှာ တဖြည်းဖြည်းကျဉ်းလာလေဖြစ်သည်။ ကျောက်တော်မှပလက်ဝသို့ ကားလမ်းပေါက်သော်လည်း လမ်းကြမ်းသဖြင့် လေးငါးနာရီခန့်ကြာသည်။ ပို့ဆောင်ရေးလမ်းကြောင်းကောင်းလာလျှင် ချင်းနှင့်ရခိုင် ဥဒဟိုကူးလူးနိုင်ပြီ။ တံတား၏တစ်ဖက်ထိပ် ဝဲဘက်အခြမ်းတွင် ကျောက်တော်ဘုရားတောင်ကိုတွေ့သဖြင့် ကားပေါ်မှလှမ်းမြော်ဦးခိုက်ခဲ့၏။ ထို့နောက် ကျောက်တော်မြို့တွင်းသို့ရောက်သည်။ မြို့တွင်းမဝင်တော့ဘဲ လမ်းအတိုင်းဆက်ထွက်လာရာ မကြာမီအချိန်အတွင်း မဟာမုနိဘုရားကြီးသို့ရောက်ကြသည်။ ဘုရားကုန်းတော်ပေါ်သို့ သွားရောက်ဖူးမြော်ကြည်ညိုရာ ဆင်းတုတော်တစ်ဝိုက်တွင် သံဃာတော်များ၊ ဂေါပကအဖွဲ့များ၊ ဝေယျာဝစ္စအဖွဲ့များ၊ တာဝန်ရှိပုဂ္ဂိုလ်များစုရုံးလျက်ရှိသဖြင့် ဝင်ရောက်စပ်စုဖြစ်သည်။ ဤအဖွဲ့မှာ စေတနာရှင်များ လှူဒါန်းထားသော လက်ဝတ်ရတနာပစ္စည်းပစ္စယာများကို စနစ်တကျရေတွက်မှတ်တမ်းတင်နေကြသည်။ အချို့က ဆင်းတုတော်မှ ရွှေပြားများကို ထိန်းသိမ်းလျက်ရှိသည်။ ထိုအခါမှ ဂျာနယ်တစ်စောင်တွင် ဘုရားကြီး ပြန်လည်မွမ်းမံမည့်အစီအစဉ်သတင်းကို ပြန်သတိရပြီး ယင်းကိစ္စဆောင်ရွက်နေတာပဲဟု သုံးသပ်မိသည်။ ဘုရားကြီးကို မြင်သာသည့်နေရာမှ ဦးခိုက်ရှိခိုးခဲ့ပြီး ခရီးစဉ်အတိုင်းဆက်လက်ထွက်ခွာလာခဲ့ကြသည်။

ဤနေရာတွင် ကားလမ်းသည်ကျောက်တော်မြို့အဝင်လောက်ကစတင်၍ ကြမ်းလာသည်ကို သတိပြုမိသည်။ အောက်ခံလမ်းပေါ်တွင် ကွန်ကရစ်ပြန်ခင်းထားရာအပြည့်မပြီးသေးသည့်အပိုင်းတွင် ယာဉ်များရှောင်တိမ်းမောင်းနှင်ကြရသည့်အတွက် ခရီးဖင့်သည်။ ကွန်ကရစ်ခင်းရာတွင် လမ်းကိုတစ်ခြမ်းစီခင်းထားရာ တစ်ဖက်တည်းကပ်၍ တစ်ညီတည်းခင်းလျှင် ယာဉ်သွားရလွယ်သော်လည်း ဘယ်ညာတစ်ပိုင်းချင်းဖြတ်၍ခင်းထားသဖြင့် ယာဉ်များမောင်းရ၊ ရှောင်ရခက်သည်။ အထူးသဖြင့် ညအချိန်တွင် တစ်ပိုင်းပြတ်ခင်းထားသောလမ်းပေါ်မောင်းမိရာမှ ဆင်းမရဖြစ်ကာ အခက်ကြုံရသည့်ကားများလည်းရှိသည်။ သို့ရာတွင် ဤလမ်းကြောမှာ မရှည်သည့်အပြင် ဆောက်လုပ်ရေးလုပ်သားများ အချိန်ပြည့်အားထည့်လုပ်ကိုင်နေကြသဖြင့် မကြာခင် ဤပြဿနာရှင်းသွားမှာ ဖြစ်သည်။

မြောက်ဦးမရောက်မီ ဝေသာလီကိုဖြတ်ခဲ့ရသည်။ ဝေသာလီမှာရှေးဟောင်းမြို့တော်ဖြစ်သော်လည်း ရာဇဝင်ထဲတွင်သာ လူသိများခဲ့၏။ ကျွန်တော်တို့လည်း မြောက်ဦးသို့ရောက်ချင်စိတ်ပြင်းပြသည်က တစ်ကြောင်း၊ ဝေသာလီအကြောင်း စကားဦးသန်းပြောပြမည့် ဒေသခံပုဂ္ဂိုလ်မပါသည်က တစ်ကြောင်း၊ ဝေသာလီနှင့်ပတ်သက်သည့် ရှေးဟောင်းမြို့တော်အဖြစ် ဆွဲဆောင်မည့် စာချုပ်စာတမ်း၊ အထင်ကရဆိုင်းဘုတ်များကို စိတ်ဝင်စားဖွယ်မတွေ့မမြင်ရသည်ကတစ်ကြောင်းတို့ကြောင့် ဝေသာလီကိုအမှတ်တမဲ့ ကျော်ဖြတ်ခဲ့ကြသည်။ သို့နှင့်မြောက်ဦးရောက်တော့ ညနေငါးနာရီခွဲပြီ။ ဤခရီးမှာကျောက်တော်မဟာမြတ်မုနိ ဘုရားကြီးဝင်ဖူးတာအပါအဝင် သုံးနာရီသာကြာသည်။ ယခင်က ငါးနာရီကျော်ကြာခဲ့သည့်ခရီးမှာလမ်းကောင်းသည့်အတွက် အချိန်လည်းတို၊ လူလည်းသက်သာသည်။ ၂၀၁၅ ခုနှစ် ကျွန်တော်မြောက်ဦးရောက်စဉ်က ဆောက်လုပ်ရေးလုပ်သားများ အားကြိုးမာန်တက်လုပ်နေကြသည်ကို တွေ့ခဲ့ရသော ကွန်ကရစ်လမ်းသစ်သည် ယခုအခါအပြည့်နီးပါး ပြီးစီးသွားပြီဖြစ်သဖြင့် ဒေသတွင်းပို့ဆောင်ဆက်သွယ်ရေးလမ်းကြောင်းမှာ သိသာထင်ရှားစွာ တိုးတက်လာပေသည်။ ထိုနေ့ညက ကျောက်ဖြူမှထွက်လာသော ဓာတ်ပုံနှင့်ပန်းချီဆရာအဖွဲ့လည်း ရောက်လာကြသဖြင့် မြောက်ဦးဟိုတယ်တွင် ထမင်းလက်ဆုံစားဖြစ်ကြသည်။

မြောက်ဦးဟိုတယ်သည် နိုင်ငံပိုင်ဟိုတယ်ဖြစ်သည်။ ၁၉၉၅ ခုနှစ်လောက်က တည်ဆောက်ခဲ့သည်။ ထိုင်းဘုရင့်သမီးတော်သီရိဒိဒ္ဓံ လာရောက်ခဲ့စဉ်က ယင်းဟိုတယ်မှာပင်တည်းခိုခဲ့သည်။ အိပ်ခန်း ၂၄ ခန်းသာရှိ၏။ ထိုစဉ်က ဟိုတယ်ကို ဧည့်သည်အတွက် ပြန်လည်ပြုပြင်မွမ်းမံရင်း ဗျာလ္လကျောက်ဆစ်ရုပ်များကို ဟိုတယ်ပရဝဏ်အတွင်း နေရာချခဲ့သည်။ ဤအရုပ်များကို ဒေသခံလက်ရာရှင် အကူအညီဖြင့် ထုလုပ်ခဲ့သည်။ အရွယ်က အမြင့်သုံးပေ၊ ကိုယ်ထည်အလျား ခုနစ်ပေခန့်ရှိပြီး ကြည့်လိုက်လျှင် အားမာန်အပြည့်ရှိ၏။ ဗျာလ္လသည် ရှေးရခိုင်ယဉ်ကျေးမှု၏ ပြယုဂ်ဖြစ်သည်။ အသွင်သဏ္ဍာန်ကွဲပြားခြားနားစွာရှိသည်။ အဓိကမှာ သူ့တွင် တိရစ္ဆာန်တို့၏ ကောင်းသော စရိုက်လက္ခဏာများ ပေါင်းစပ်ထားသည်။ ဗျာလ္လတွင် ဆင်နှာမောင်း၊ နဂါးအမောက်၊ သမင်မျက်လုံး၊ ကြံ့ချို၊ ကြက်တူရွေးလျှာ၊ တိုးကိုယ်၊ စာမရီဒေါင်းမြီး၊ မြင်းနားရွက်၊ ခြသေ့လည်ဆံ၊ ကျားစွယ်တို့ဖြင့် အပြည့်ပြီး၏။ ယခုအခါ မြောက်ဦးဟိုတယ်ကို ပုဂ္ဂလိကလုပ်ငန်းရှင်များ ပြန်လည်ပြုပြင်မွမ်းမံလုပ်ကိုင်လျက်ရှိသည်။ မြောက်ဦးတွင် ဟိုတယ်ခြောက်လုံးခန့်သာရှိသေး၏။

မြောက်ဦးရောက်လျှင် ပြည်တွင်း၊ ပြည်ပခရီးသည်အများစုသည် လေးမြို့မြစ်အထက်ပိုင်းရှိ ချင်းတိုင်းရင်းသား ဗုဒ္ဓဘာသာဝင်ကျေးရွာများကို သွားရောက်ကြသည်။ ကျွန်တော်တို့အဖွဲ့အစီအစဉ်မှာ အဝေးဆုံးရွာကို အရင်ရောက်အောင်ဆန်တက်ပြီး အောက်ပိုင်းရှိကျန်နှစ်ရွာကို ဆက်ကြည့်ရန် သဘောတူကြသည်။ နေ့လယ်စာကို ဟိုတယ်မှ ပြင်ဆင်လာပြီး အလယ်ရွာတွင် စားရန်ဖြစ်သည်။ ကျွန်တော်တို့ စကားလက်ဆုံကျရင်း သမိုင်းထဲက မြောက်ဦးအကြောင်း၊ တန်ခိုးကြီးဘုရားများအကြောင်း၊ ထူးခြားသော ဆရာတော်ကြီးများအကြောင်း၊ မြောက်ဦးဟိုတယ်ဝဲဘက် တောင်ကုန်းပေါ်က ခွေးအအဖွဲ့အကြောင်း၊ ဟိုတယ်ဝန်ထမ်းများအကြောင်းတို့ကို ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ် ပြောဆိုကြသည်။ ထိုညက ဆယ်နာရီကျော်မှ လူစုခွဲ အိပ်ရာဝင်ဖြစ်ကြသည်။ နောက်တစ်နေ့နံနက် ခုနစ်နာရီခွဲတွင် ဟိုတယ်မှ လေးမြို့မြစ်ဆိပ်သို့ကားများဖြင့် လာရောက်ကြသည်။ ခရီးက မဝေးသော်လည်း လမ်းကြမ်းသဖြင့် မိနစ် ၂၀ ခန့်ကြာသည်။ ကျွန်တော်တို့မော်တော်ငယ်များ စထွက်တော့ ရှစ်နာရီကျော်ပြီ။

မော်တော်ငယ်ဆိုသည့်အတိုင်း ပဲ့ထောင်ကို ပေါင်းမိုးတပ်ထားခြင်း၊ လှေထဲတွင်တစ်ဖက်လျှင် နောက်မှီပါထိုင်ခုံလေးခုံစီနှင့် အသက်ကယ်အင်္ကျီပါခြင်းနှင့် ဘေးနှစ်ဖက် တွင် မျှော့ကြိုးတပ်လိုက်ကာခန်းဆီး တပ်ထားခြင်းတို့သာ ထူးခြားသည်။ အခြားအသုံးအဆောင်မည်မည်ရရ မရှိချေ။ ကျွန်တော်တို့အဖွဲ့သားအားလုံး လိုက်နိုင်ရန် မော်တော်သုံးစင်းစီစဉ်ရသည်။ လေးမြို့မြစ်သည် ဤဒေသအတွင်းရှိ မြို့လေးမြို့ကို အခြေပြု၍ ခေါ်ဆိုထားခြင်း ဖြစ်သည်။

လေးမြို့မြစ်မှာ အတန်ငယ်ကျယ်သဖြင့် မြစ်ပြင်ကျယ်တွင် မော်တော်ငယ်မှာ သိမ်ငယ်သလိုရှိသည်။ တစ်စင်းနှင့်တစ်စင်း ဘေးချင်းကပ်သွားသည့်အခါနှင့် အထက်၊ အောက်မနီးမဝေးသွားသည့်အခါတို့တွင် လှိုင်းရိုက်မှုကြောင့် လူးလေ့ရှိသည်။ ဤရေကြောင်းခရီးတွင် ပထမဆုံးရင်ဆိုင်ရသည်မှာ ဆောင်းလေအေးဖြစ်သည်။ မော်တော်အရှိန်ကြောင့် တိုက်ခတ်လာသောလေအေးမှာ မျက်နှာနှင့်ရင်ဘတ်တို့တွင် စူးရှစွာခံစားရသည်။ နေပွင့်ပြီးရာသီဥတုသာယာသည့်တိုင် လေအေးဒဏ်ကို ကျွန်တော်တို့ ကောင်းစွာခံစားကြရသည်။

မြစ်ပြင်ကျဉ်းမြောင်းသွားသည့်အခါ ရေစီးသန်လာသည်။ မြစ်ရေမှာ အထက်ဆန်လေ ကြည်လာလေဖြစ်သည်။ အချို့နေရာတွင် ရေက ပေါင်လယ်လောက်ရှိပြီး အောက်ကကျောက်ခဲများကိုမြင်ရသည်မှာ ကြည်နူးစရာ။ ကမ်းခြေဝဲ၊ ယာတစ်လျှောက်တွင် သီးနှံခင်းများတွေ့ရသည်။ အများအားဖြင့် ဒေသထွက်ပဲများကို စိုက်ကြသည်။ မြစ်ကြောင်းတစ်လျှောက် အထက်ကဆင်းလာသည့်လှေအချို့နှင့်အတူ ဝါးဖောင်၊ သစ်ဖောင်များမျှောလာကြသည်။ သစ်ကြီးဝါးကြီးများမဟုတ်သော်လည်း ဤလုပ်ငန်းမှာ ဒေသ၏ပင်မလုပ်ငန်းဖြစ်ပုံရသည်။ သစ်တောများ ရေရှည်ရှင်သန်ရေးအတွက် စဉ်းစားစရာပင်။

သုံးနာရီခွဲလောက်ကြာသည့်အခါ အဝေးဆုံးရွာဖြစ်သည့် ကုန်းချောင်းကိုရောက်သည်။ လှေဆိပ်တွင် သစ်ဝါးဖောင်များနှင့်အတူ ဈေးတန်းငယ်ကို တွေ့ရသည်။ ရွာကတောင်ကုန်းပေါ်တွင်ရှိသဖြင့် ကမ်းနားမှလမ်းလျှောက်တက်လာကြရာ ဝဲဘက်တွင် စေတီတစ်ဆူကို တွေ့သဖြင့် တက်ကြည့်ရင်း တောင်ပေါ်မှမြစ်ကြောင်းအလှကို ဓာတ်ပုံရိုက်ဖြစ်ကြသည်။ ပြီးမှရွာထဲသို့သွားကာ အသင့်စီစဉ်ထားသော ချင်းတိုင်းရင်းသားအဖွားအိုများနှင့်တွေ့ဆုံကာ အမှတ်တရဓာတ်ပုံရိုက်ဖြစ်ကြသည်။ ယခုအခါ ဤရိုးရာဓလေ့ ပါးရဲထိုးသည့်အစဉ်အလာမှာ တဖြည်းဖြည်း ပျောက်ကွယ်လုဖြစ်လာသည်။ လူငယ်လူရွယ်တို့မှာ အလှပျက်မှာစိုးရိမ်သည်သာမက နာကျင်မှုနှင့် အခန့်မသင့်လျှင်အခြားရောဂါများ ရရှိမှာကိုလည်း ပူပန်ကြပုံရသည်။ ထို့အတွက် ပါးရဲထိုးထားသူများမှာ အသက် ၆၀၊ ၇၀ အရွယ်ပိုင်းတွင်သာ ကျန်တော့သည်။ နာရီပြန်တစ်ချက်တီးခါနီးအချိန်တွင် ကုန်းချောင်းမှ ပြန်စုန်ရန်စီစဉ်ကြသည်။ ထူးခြားသည်မှာ ဤနေရာတွင် မိုဘိုင်းဖုန်းများစွမ်းအားပြည့်ရှိနေပြီး ဆက်သွယ်မှုကောင်းမွန်နေခြင်းကြောင့် အမ်ပီတီကိုကျေးဇူးတင်ရမည်။ ခရီးဆက်မထွက်မီ လှေဆိပ်ကဈေးဆိုင်တွင် ပရီးမီးယားကော်ဖီသောက်ရင်း ဆိုင်ရှင်မိန်းကလေးက သူ့ဖုန်းထဲက အဘွားအို၏ မျက်နှာအနီးကပ်ပုံကိုပြပြီး အသက်ကိုးဆယ်ကျော်ပြီဖြစ်ကြောင်းနှင့် မကြာခင်ကမှ ကွယ်လွန်သွားကြောင်း ရှင်းပြသည်။ အလယ်ရွာဖြစ်သည့် ရှောမောမှာ ရေစုန်ခရီးဖြစ်သဖြင့် ခဏအကြာတွင် ရောက်လာသည်။ ဤရွာတွင် အီတာလျံအဖွဲ့အစည်းတစ်ခုက မူလတန်းကျောင်းငယ်တစ်လုံးဆောက်ပေးထားသည်။ ပတ်ဝန်းကျင်ကျေးရွာမှ ကလေးငယ်များပါလာရောက်သင်ကြားကြသည်။ ကျောင်းဆရာနှင့်ကျေးရွာလူကြီးတို့အား ကျောင်းဖွံ့ဖြိုးရေးအတွက် ကျွန်တော်တို့ တတ်နိုင်သလောက်လှူခဲ့ကြသည်။ နေ့လယ်စာစားရင်း ချင်းအဘွားအိုများရက်လုပ်သော ခြုံစောင်နှင့်တဘက်များ ဝယ်ယူအားပေးကြသည်။ ထို့နောက် စကားစပ်ရင်း ကလေးငယ်တစ်ဦးအား ပါးရဲထိုးနေပုံ ရိုက်ကူးလိုကြောင်း ကိုမိုးမင်းတို့အဖွဲ့မှ အကူအညီတောင်းရာ အဒေါ်တစ်ဦးက စီစဉ်ပေးသည်။

အနုပညာသမားများပီပီ သစ်သားအိမ်တစ်လုံး၏ ကပြင်တွင် ပြင်ဆင်ကြသည်။ ပါးရဲထိုးသည့်အဒေါ်၊ ဝန်းရံမည့်ပုဂ္ဂိုလ်၊ ပါးရဲအထိုးခံမည့်ကလေးတို့ကို ပုံစံတကျဖြစ်အောင် ဟန်ပြစေပြီး ကင်မရာများနှင့်ရှုထောင့်စုံမှ စမ်းသပ်ချိန်ရွယ်ကြသည်။

○ စာမျက်နှာ ၇ သို့

❖ **မြန်မာနိုင်ငံမှ**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် Yangon Book Plaza ဥက္ကဋ္ဌ ဒေါ်သက်သက်နိုင်တို့က Yangon Book Plaza ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ခြင်း၊ ဆရာ မောင်သွေးသစ်က Yangon Book Plaza ဖွင့်ပွဲအထိမ်းအမှတ် "စာအုပ်တက္ကသိုလ် ကျောင်းဗဟို"ကဗျာကို ရွတ်ဆိုခြင်းများ ဆောင်ရွက်သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က စာဖတ်ဝါသနာပါသူများသည် စာအုပ်ဆိုင်သို့ရောက်ကြကြောင်း၊ စာပေသမားသည် စာကြည့်တိုက်နှင့် စာအုပ်ဆိုင်ပတ်ဝန်းကျင်များ၌သာ ပျော်မွေ့သည့်သဘောရှိကြောင်း၊ နိုင်ငံတကာစာအုပ်ဆိုင်များနည်းတူ ယခု Yangon Book Plaza သည်လည်း အကောင်းဆုံး၊ အပြည့်စုံဆုံး ဆိုင်ကြီးတစ်ဆိုင်ဖြစ်သည်ဟု မြင်ပါကြောင်း ပြောကြားပြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက Yangon Book Plaza ဖွင့်ပွဲအထိမ်းအမှတ်ဂုဏ်ပြုစကား ပြောကြားခဲ့သည်။

**(သတင်းစဉ်)**






ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် Yangon Book Plaza ဖွင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုစကားပြောကြားစဉ်။ (သတင်းစဉ်)



**ဖေဖော်ဝါရီ ၂၆ရက်က ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ စနေ-တနင်္ဂနွေစာအုပ်လမ်းရှိ စာအုပ်အရောင်းဆိုင်များ၌ ကလေးငယ်များနှင့် စာပေချစ်မြတ်နိုးသူများ လာရောက်ကြည့်ရှုလေ့လာဝယ်ယူနေကြစဉ်။**

(ဓာတ်ပုံ-ဇော်မင်းလတ်)

✻ **မြန်မာ့ရိုးရာလက်ဝှေ့မှ**

ပါပါး(ထွန်းသွင်)နှင့် ခွန်အာကာ(Mandalay 1886)တို့ ပွဲစဉ် ပထမအချီစတင်သည်နှင့် နှစ်ဦးစလုံး ပါဝါအပြည့်သုံး ထိုးသတ်ယှဉ်ပြိုင်ကြသည်။ ဒုတိယအချီတွင် ကြံ့ခိုင်မှုစွမ်းရည်ကျလာသည့် ပါပါး အရှုံးဖြင့်ရင်ဆိုင်ခဲ့ရသည်။ နေဒေါင်း(A.M.T)နှင့် နေသွေး(ရန္တမိတ်)တို့ တွဲဆိုင်း အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေကျခဲ့သည်။ ဇာမဏီသွေး(ရန္တမိတ်)နှင့် မျိုးဇော်(အဖြူရောင်သွေးသစ်)တို့ တွဲဆိုင်းတွင် ကြံ့ခိုင်မှုနှင့် သက်လုံလျော့နေသည့် မျိုးဇော် ပထမအချီမှာပင် အနားတောင်းခဲ့ရသည်။ ပွဲစဉ်ပြန်အတည်တွင် ဇာမဏီသွေးကို ယှဉ်ပြိုင်နိုင်စွမ်းမရှိတော့သည့် မျိုးဇော် ဒိုင်ပွဲရပ်ဖြင့်အရှုံးပေးခဲ့ရသည်။

ငါးချီအထူးစိန်ခေါ်ပွဲ ပထမပွဲစဉ် ပတ်ကျော်လင်းနိုင်(တိုက်ဂါး)နှင့် ထူးနေသူ(တောင်ကလေး)တွဲဆိုင်း အချီပြည့်ယှဉ်ပြိုင်သော်လည်း အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေရလဒ်ဖြင့် ကျေနပ်ခဲ့ရသည်။

တိမ်တိုက်(ထွန်းသွင်)နှင့် ကျန်ကျောင်း(ဗမာ့သွေး)တို့ တွဲဆိုင်း ဒုတိယအချီတွင် တိမ်တိုက်၏ ဘယ်ညာဝိုက်လက်သီးများက ကျန်ကျောင်းကို ချက်ကောင်းထိပြီး လဲကျကာ တိမ်တိုက်ဒုတိယအချီမှာပင် အလဲထိုးအနိုင်ရခဲ့သည်။ မင်းထက်ကျော်(တိုက်ဂါး) နှင့် စောဒါဝိတ် (တောင်ကလေး)တို့တွဲဆိုင်း စတုတ္ထအချီတွင် စောဒါဝိတ် ပါဝါပြင်း ဘယ်ထောက်လက်သီးက မင်းထက်ကျော် အရှိုက်ထိလဲကျကာ အနားတောင်းလိုက်ရသည်။ ပြန်အတည်တွင် စောဒါဝိတ်၏ ဘယ်ညာလက်သီးတွဲလုံးများ ဒဏ်မခံနိုင်တော့ဘဲ မင်းထက်ကျော် အရှုံးပေးခဲ့ရသည်။ ဝမ်းစတား (တိုက်ဂါး) နှင့် စောမင်းအောင် (တောင်ကလေး)တို့ တွဲဆိုင်းတွင် ပထမအချီမှာပင် အနားတောင်းခဲ့ရသည့် ဝမ်းစတားကို ဒုတိယအချီ စက္ကန့် ၅၀ မှာပင် စောမင်းအောင်က အလဲထိုးအနိုင်ရခဲ့သည်။

ယနေ့ယှဉ်ပြိုင်သော မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် မြန်မာ့လက်ဝှေ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူရှင်များကလှူဒါန်းသော အလှူငွေများနှင့် လက်ဝှေ့အားကစားပစ္စည်းများကို မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် လက်ရွေးစင်အားကစားသမားဟောင်းများအသင်းတို့အား ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ **(အောင်ကျော်ဦး)**

○ **လက်ရှိချန်ပီယံမှ**

ရတနာပုံအသင်း၏ပွဲထွက်လူစာရင်းတွင် အသင်းခေါင်းဆောင် ရန်ပိုင်ပါဝင်လာခြင်းမရှိဘဲ အောင်သူ၊ရဲကိုဦး၊ စည်သူအောင်၊ ဝင်းနိုင်စိုးတို့ဖြင့် ပွဲထွက်လာခဲ့ပြီး Southern အသင်းမှာလည်း နိုင်ငံခြားသားကစားသမားသုံးဦးအပါအဝင် လူစုံအသုံးပြုခဲ့သည်။ ရတနာပုံအသင်းသည် နိုင်ပွဲ ပြန်ရရေးအတွက် တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပထမပိုင်းတွင် Southern အသင်း ခံစစ်အနေအထားဖြင့်ကစားခဲ့ရသည်။ ၃၁ မိနစ်တွင် ရတနာပုံအသင်း အနိုင်ဂိုးရခဲ့ပြီး တိုက်စစ်မှူး ဝင်းနိုင်စိုးက သွင်းယူပေးခဲ့သည်။ ဝင်းနိုင်စိုးသည် ဂိုးသွင်းအပြီး မိနစ်အနည်းငယ်အကြာတွင် ဒဏ်ရာရပြီး လူစားလဲခဲ့ရသောကြောင့် ရတနာပုံတိုက်စစ်အားပျော့ခဲ့ရသည်။ ဒုတိယပိုင်းတွင် Southern အသင်း ချေပဂိုး ရရန် ကြိုးပမ်းလာခဲ့ပြီး ရတနာပုံအသင်းမှာ ဂိုးထပ်မံရရှိရေးထက် ဂိုးမပေးရရေးကိုသာ ဦးစားပေးကစားခဲ့သည်။ Southern အသင်းသည် မကွေးနှင့်ပွဲကိုရွှေ့ဆိုင်းထားရသောကြောင့် ခြောက်ပွဲသာ ကစားရသေးပြီး နိုင်ပွဲတစ်ပွဲသာရသေးသောကြောင့် လာမည့်ပွဲများတွင် ရှုန်းကန်ရတော့မည်ဖြစ်သည်။

အောင်ဆန်းကွင်း၌ ကျင်းပသော ပွဲတွင် မကွေးအသင်းက မောင်မောင်စိုး သွင်းယူသောဂိုးဖြင့် ချင်းယူနိုက်တက်ကို အနိုင်ရခဲ့သည်။ ပုသိမ်ကွင်း၌ကျင်းပသော ပွဲတွင် ဧရာဝတီအသင်းက နေပြည်တော်ကို လေးဂိုးပြတ်သွင်းပြီး နိုင်ပွဲပြန်ရခဲ့သည်။ ဧရာဝတီအတွက် ဂိုးများကို သီဟဇော်က နှစ်ဂိုး၊ နိုင်လင်းဦး၊ ဆီမာစတန်တို့က သွင်းယူပေးခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ဇွဲကပင်က GFA ကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရခဲ့သည်။ ဇွဲကပင်အတွက် ဂိုးများကို ဒိုနယ်နှင့်ဒီဂျမ်တို့က သွင်းယူခဲ့ပြီး GFA အတွက် ချေပဂိုးကို မိုင်းအိုက်နိုင်က သွင်းယူခဲ့သည်။

ပွဲစဉ်(၇)အပြီးတွင် ရန်ကုန်အသင်းက ၁၉ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်က ၁၆ မှတ်၊ လက်ရှိချန်ပီယံ ရတနာပုံက ၁၅ မှတ်၊ ဇွဲကပင်က ၁၃ မှတ်၊ ဧရာဝတီ၊ရခိုင်နှင့်မကွေးတို့က ရှစ်မှတ်စီ၊ ဟံသာဝတီက ခြောက်မှတ်၊ Southern နှင့် GFA တို့က ငါးမှတ်စီ၊ ချင်းယူနိုက်တက်နှင့် နေပြည်တော်တို့က လေးမှတ်စီ ရရှိထားသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွှန့်**




# ပန်းချီလှတင်ထွန်း စံတော်ချိန်ဆောင်းပါးများ ထုတ်ဝေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ဆရာပန်းချီလှတင်ထွန်း ရေးသားပြုစုခဲ့သည့် ဆောင်းပါးများကိုစုစည်းကာ စံတော်ချိန်ဆောင်းပါးများ အမည်ဖြင့် စာအုပ်ထုတ်ဝေမိတ်ဆက်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ နှင်းဆီမြိုင်ပန်းချီပြခန်း၌ ပြုလုပ်ခဲ့သည်။

စာအုပ်ထုတ်ဝေမိတ်ဆက်ပွဲတွင် ဆရာကြီး အဏ္ဏဝါ(ဦး)စိုးမိုးက မုဒိတာစကားပြောကြားပြီး ပန်းချီဆရာကြီး ဒေါက်တာ ဦးလွန်းကြွယ်နှင့် အလင်္ကာကျော်စွာ ပန်းချီ(ဦး)စိုးမိုးတို့က အမှတ်တရစကားများ ပြောကြားကြသည်။

စာအုပ်မိတ်ဆက်ပွဲအခမ်းအနားသို့တက်ရာက်လာသော စာရေးဆရာများနှင့်ဧည့်သည်များအား ဆရာပန်းချီလှတင်ထွန်းပြုစုရေးသားခဲ့သော စံတော်ချိန်ဆောင်းပါးပေါင်းချုပ်စာအုပ်များကို အမှတ်တရပေးအပ်ခဲ့သည်။ **(နေသစ်ဦး)**

○ **စာမျက်နှာ ၆ မှ**

ပိုပြီးသဘာဝကျလိုသည့်အတွက် ရွာထဲကကုန်စုံဆိုင်မှ အမွှေးတိုင်တစ်စီးဝယ်ပြီး နောက်ဘက်တွင် ထွန်းညှိလိုက်သည်။ အမွှေးတိုင်ကထွက်သောမီးခိုးငွေ့သည် ကင်မရာထဲတွင်တော့ သဘာဝပိုပီပြင်လာသလိုရှိသည်။ ပန်းချီဆရာ ဦးမောင်မောင်သည် ကလေး၏မျက်နှာပေါ်ရှိ အရေးအကြောင်းများပေါ်အောင် သူ့မင်တံဖြင့်ဆွဲပေးရာ ကင်မရာထဲတွင် ဆေးမင်ကြောင်းများပေါ်လာသည်။

သို့ဖြင့် ရှုထောင့်အစုံစုံမှ ကင်မရာအမျိုးမျိုးဖြင့် ရိုက်ကြသည်။ ကျွန်တော်တို့အဖွဲ့ လှုပ်ရှားနေပုံကို စိတ်ဝင်စားသည့် ဥရောပအဖွဲ့တစ်ဖွဲ့ကလည်း ခွင့်တောင်းပြီး ဓာတ်ပုံဝင်ရိုက်ကြသည်။

ရှောမေမှစုန်လာခဲ့ပြီး ၄၅ မိနစ်ခန့်အကြာတွင် တတိယရွာဖြစ်သည့် ပန်ပုံကို ရောက်သည်။ ကမ်းခြေနှင့်ရွာမှာ အတန်ငယ်ဝေးပြီး သဲသောင်ပေါ်တွင် လမ်းလျှောက်ကြရသည်။ ရွာတန်းရှည်ဖြစ်သဖြင့် ဘေးတစ်ဖက်တစ်ချက်တွင် တဲအိမ်၊ ပျဉ်ထောင်အိမ်များ အစီအရီရှိသည်။ ချင်းတိုင်းရင်းသူအဒေါ်ကြီးက သူ့အိမ်သို့ခေါ်သွားပြီး ဝင်းထရံတွင် လှမ်းထားသောအမှတ်တရအထည်များကို စရောင်းတော့သည်။ ဝယ်သူတွေဝယ်ကြပြီး ကျန်ဆရာများက ဂျပ်ခုတ်ရက်ကန်းစင်ကို မှတ်တမ်းတင်ကြသည်။ ဤရွာမှာ မြို့နှင့် အနီးဆုံးဖြစ်သဖြင့် အဝေးရွာများထက် နေထိုင်မှုအဆင့်ပိုတိုးတက်သလိုရှိသည်။ ဤရွာတွင်လည်း ဓာတ်ပုံအရိုက်ခံသည့်အဘွားခြောက်ဦးလောက်ကျန်သေးသည်။ အဘွားတစ်ဦးက သူ့နားတွင် တပ်ဆင်ထားသော နားတောင်းအဖြူနှင့်စပ်လျဉ်း၍ရှင်းပြသည်။ သူ၏နားရွက်မှာ သာမန်နားရွက်ထက်ကြီးပြီး အောက်သို့တွဲလောင်းကျလျက်ရှိရာ အဝေးကထင်ရှားစွာမြင်ရသည်။ ရွာလူထုသည် ဧည့်သည်များမကြာခဏလာရောက်ကြသည်ကို နှစ်ခြိုက်ကြည်နူးပုံပေါ်သည်။ ပန်ပုံကထွက်တော့ ညနေ ၅ နာရီထိုးလုပြီ။ စုန်ရေဖြစ်သဖြင့် မော်တော်များအရှိန်ကောင်းလာသည်။ မြစ်ပြင်ကျယ်လာသည့်အတွက်လည်း လွတ်လပ်စွာမောင်းလာနိုင်သည်။

ယနေ့ခရီးစဉ်တွင် ပြည်တွင်းခရီးသည်များထက် ပြည်ပအဖွဲ့ငယ်များကို တွေ့ရသည်။ အထူးသဖြင့်အနောက်အုပ်စုမှဧည့်သည်များ ဖြစ်ကြသည်။ ၎င်းတို့သည် မြောက်ဦးကို ရှေးဟောင်းမြို့တော်တစ်ခုအဖြစ်သာမက ဤချင်းတိုင်းရင်းသားရွာများပါ စိတ်ဝင်တစားလေ့လာလိုစိတ်ရှိကြသည်။ ခရီးသွားရင်း ကျေးရွာလူထု၏ လူမှုဘဝကိုလည်း စိတ်ဝင်စားပုံရသည်။ ဤသို့ဖြင့် လူမှုအခြေပြုခရီးသွားလုပ်ငန်း ယခုထက်ပိုမိုဖွံ့ဖြိုးအောင် အစိုးရ၊ ပုဂ္ဂလိကနှင့်ဒေသခံများ ပူးပေါင်းဆောင်ရွက်သွားနိုင်ပါသည်။

ပန်ပုံမှစုန်လာပြီး တစ်နာရီသာသာတွင် မြောက်ဦးလှေဆိပ်သို့ ပြန်ရောက်ကြသည်။ အနောက်ဘက်မိုးကုပ်စက်ဝိုင်းတွင် နေမင်းအရောင်ပျောက်ကွယ်လာသည်နှင့် အမျှ အမှောင်ထုက ကြီးစိုးလာသည်။ အပြန်လမ်းတွင် ကိုးသောင်းဘုရားကြီး၏ရုပ်လုံးတော်ကို နောက်ခံမိုးသားတွင် ထင်ရှားစွာတွေ့မြင်ရသော်လည်း ထီးတော်မှ လျှပ်စစ်မီးပွင့်ငယ်လေးကမူ အမှောင်ထုကိုအားယူ အန်တုထားဆဲ။ ။

# ၂၀၁၇ ခုနှစ် တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

၂၀၁၇ ခုနှစ် တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများ ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် အားကစားဝါသနာရှင်ပရိသတ်များ တက်ရောက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ(က)အဆင့်ဗိုလ်လုပွဲအဖြစ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ(ခ)အဆင့်နှင့် (က)အဆင့်ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုရရှိသည့် အသင်းများ၊ (ခ)အဆင့်နှင့်(က)အဆင့်ပြိုင်ပွဲတွင် တတိယဆုရရှိသော အသင်းများ၊ (ခ)အဆင့်နှင့်(က)အဆင့်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသော အသင်းများ၊ (ခ)အဆင့်ပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံး အားကစားသမားဆုများနှင့် (ခ)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော အသင်း၊ (က)အဆင့်ပြိုင်ပွဲတွင် နေရာအလိုက်အကောင်းဆုံးအားကစားသမားဆုများနှင့် (က)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော အသင်းတို့အား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက ဘောလုံးပြိုင်ပွဲ(ခ)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ (က)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၁၁၆ ဆု၊ ငွေတံဆိပ် ၅၇ ဆုနှင့် ကြေးတံဆိပ် ၄၉ ဆု စုစုပေါင်း ဆုတံဆိပ် ၂၂၂ ဆုဖြင့် ဆုအများဆုံးရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်းအား တံခွန်စိုက်ဒိုင်းဆုနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ရာ အသင်းအုပ်ချုပ်သူအရာရှိက လက်ခံရယူသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်းအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့နောက် မီးရှူးမီးပန်းများ ပစ်ဖောက်၍ ၂၀၁၇ ခုနှစ် တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားကို အောင်မြင်စွာ ပိတ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နှစ်ပေါင်း ၃၀ ကျော်အတွင်း လက်ရှိအပူချိန်ထက် ၂ ဒသမ ၃ ဒီဂရီစင်တီဂရိတ် တိုးလာမည့် လပွတ္တာမြို့နယ်နှင့် သတိထားရမည့် ပြောင်းလဲလာသော မြန်မာ့ရာသီဥတု

**သတင်းဆောင်းပါး - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ဟုန်းလိန်း**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် နှစ်ပေါင်း ၃၀ ကျော်အတွင်း လက်ရှိအပူချိန်ထက် ၂ ဒသမ ၃ ဒီဂရီစင်တီဂရိတ် တိုးလာနိုင်ကြောင်း ရာသီဥတုပြောင်းလဲခြင်းကြောင့် ထိခိုက်ခံစားရနိုင်မှု တိုင်းတာစစ်ဆေးခြင်းရလဒ်အရ သိရသည်။

Myanmar Climate Change Alliance (MCCA)၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ World Wildlife Fund Myanmar (WWF) နှင့် ကိုလံဘီယာတက္ကသိုလ်တို့ ပူးပေါင်း၍ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ရာသီဥတုပြောင်းလဲခြင်းများ ထိခိုက်ခံစားရနိုင်မှု တိုင်းတာစစ်ဆေးခြင်းကို ပြုလုပ်ခဲ့ပြီး အဆိုပါစစ်ဆေးခြင်းရလဒ်ကို ဖေဖော်ဝါရီလ ပထမပတ်တွင် ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံသည် ၂၀၁၆ ခုနှစ် ရာသီဥတုဆိုင်ရာ အန္တရာယ်အညွှန်းကိန်းအရ ကမ္ဘာ့ရာသီဥတု ပြောင်းလဲခြင်း၏ အကျိုးဆက်များကို ဒုတိယအမြင့်ဆုံးခံစားရသည့် နိုင်ငံဖြစ်လာပြီး အပူချိန်မြင့်မားသည့် အကျိုးဆက်များအနေဖြင့် လပွတ္တာဒေသတွင် နေ့အပူချိန်မြင့်မားလာနိုင်ခြင်း၊ မုတ်သုံရာသီ တိုတောင်းလာနိုင်ပြီး မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ အပူလှိုင်းဖြတ်ခြင်းတို့ ဖြစ်ပေါ်လာနိုင်ပြီး ကောက်ပဲသီးနှံများ အထွက်နှုန်းကျဆင်းလာနိုင်ခြင်းများ ဖြစ်ပေါ်လာနိုင်ကြောင်း MCCA ၏ ထုတ်ပြန်ချက်များအရ သိရသည်။



MCCA မှ လပွတ္တာမြို့နယ်အတွင်းသို့ သွားရောက်ကာ ဒေသခံများနှင့်တွေ့ဆုံ၍ ရာသီဥတုပြောင်းလဲခြင်းကြောင့် ထိခိုက်ခံစားရနိုင်မှုအခြေအနေအား ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်စဉ်။

### ဘာကြောင့် အပူချိန်တိုးမှာလဲ

Myanmar Climate Change Alliance ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာနည်းပညာအကြံပေး ဦးဆိုင်မွန်က "ဘာကြောင့်အပူချိန်တိုးသလဲဆိုတော့ ကျွန်တော်တို့က ရာသီဥတုပြောင်းလဲခြင်းများ ထိခိုက်ခံစားရနိုင်မှုကို လေ့လာတဲ့နေရာမှာ သုံးခုကို အခြေခံပါတယ်။ ဂေဟစနစ်ကို အခြေခံတယ်။ အခြေခံအဆောက်အအုံ (Infrastructure) ကို အခြေခံတယ်။ နောက်သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်ပြီး အခြေခံတယ်။ လပွတ္တာမြို့က ကျွန်တော်တို့ အခြေခံထားတဲ့ အခြေအနေတွေကို လိုက်လျောညီထွေစွာ တုံ့ပြန်ဖို့အားနည်းတယ်။ နာဂစ်ဒဏ်ခံထားရတဲ့ လပွတ္တာက လုံလောက်တဲ့ တိုးတက်မှုမရှိဘူး။ လက်ရှိရာသီဥတုပြောင်းလဲခြင်းအခြေအနေတွေနဲ့ မလွဲမသွေ ကြုံတွေ့နေရပါပြီ"ဟု ပြောသည်။

လက်ရှိအချိန်တွင် အပူချိန်မြင့်မားလာပြီးရာသီဥတုပြောင်းလဲခြင်းကြောင့် ရလဒ်အနေဖြင့် လူဦးရေ ၃၁၅၀၀၀ ခန့် နေထိုင်လျက်ရှိသည့် လပွတ္တာမြို့နယ်ပတ်ဝန်းကျင်နှင့် ကျေးရွာများတွင် မြစ်ဝကျွန်းပေါ် ဂေဟစနစ်ကြောင့် သဘာဝပတ်ဝန်းကျင်ထွက်ကုန်များ ထုတ်ယူမှုမြင့်မား၍ ဒီရေတောများပြုန်းတီးလာခြင်း၊ သောက်သုံးရေရှားပါးခြင်း၊ မိုးရေချိန်မြင့်တက်မှုများရှိသော်လည်း မိုးရွာသွန်းမှုအချိန်တိုတောင်းခြင်း၊ ဆားငန်ရေဝင်ရောက်မှုကြောင့် စပါးသီးနှံများ အထွက်နှုန်းလျော့လာခြင်း၊ အလုပ်အကိုင်ရှားပါးမှုကြောင့် ရွှေ့ပြောင်းလုပ်သားများ များပြားလာခြင်းကြုံတွေ့နေရကြောင်း လပွတ္တာမြို့နယ်၏ ရွာပေါင်း ၆၀ ကျော်ကို ကွင်းဆင်းလေ့လာခဲ့သည့် Myanmar Climate Change Alliance ၏ လေ့လာချက်အရ သိရသည်။

### လက်ရှိကြုံတွေ့နေရသည့်အခြေအနေ

လပွတ္တာမြို့နယ်အတွင်းနှင့် ကျေးရွာများတွင် လက်ရှိကြုံတွေ့နေရသည့်အခြေအနေနှင့်ပတ်သက်၍ ဦးဆိုင်မွန်က "လပွတ္တာအတွက် အဲဒီလိုကြုံတွေ့ရတဲ့အခြေအနေမှာ သောက်သုံးရေကတော့ အဓိကပေါ့။ အခုက မိုးရေချိန်မြင့်တက်လာတယ်ဆိုပေမယ့် အချိန်အခါမဟုတ်ဘဲ ပုံမှန်တစ်ပတ်လောက်ရွာတဲ့မိုးဟာ တစ်ရက်၊ နှစ်ရက်လောက်ပဲ သဲကြီးမဲကြီးရွာချတယ်။ ဒါဟာ သောက်သုံးရေ ရရှိဖို့ အဓိကဖျက်ဆီးခံရတဲ့ အကြောင်းပါ။ သောက်သုံးရေပေါ်မူတည်ပြီး ကျန်းမာရေးအရ ထိခိုက်မှုတွေရှိလာတယ်။ ဆားငန်ဓာတ်ဝင်ရောက်မှုပိုများလာတော့ စိုက်ပျိုးနေတဲ့ ဆန်စပါးအထွက်နှုန်းနည်းလာတယ်။ ဆားငန်ဓာတ်ခံနိုင်တဲ့ စိုက်ပျိုးရေးနည်းစနစ်တွေ လိုလာတယ်။ ငါးတွေ၊ ပုစွန်တွေ စားကျက်တွေပြောင်းကုန်တော့ မိသားစုစားသောက်နိုင်ဖို့ လူငယ်ပိုင်းတော်တော်များက အခြားမြို့ရွာတွေ သွားပြီး ပိုက်ဆံရှာလာကြတယ်။ အသက်အပိုင်းအခြားအရဆို အသက်(၁၅)နှစ်နဲ့ (၂၀)ကြားမှာရှိတဲ့ လူလတ်ပိုင်းက ရွာထဲမှာမရှိသလောက်ဖြစ်နေတယ်။ ဒါကလပွတ္တာမြို့နယ်ရဲ့ ရွာပေါင်း ၆၀ ကျော်လောက်ကို ကျွန်တော်တို့ ကွင်းဆင်းလေ့လာပြီး တွေ့ရှိတာတွေကို အခြေခံပြောတာပါ"ဟု ဆိုသည်။

### နှစ်စဉ်အပူချိန်တိုး

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် အပူချိန်ပိုမိုတိုးလာနိုင်သည့် အခြေအနေကို MACC ၏ ရာသီဥတုပြောင်းလဲခြင်းများ ထိခိုက်ခံစားရနိုင်မှုတိုင်းတာစစ်ဆေးခြင်းရလဒ် အစီရင်ခံစာထုတ်ပြန်ချက်တွင် တစ်နှစ်အတွင်း အပူဆုံးနေ့ရက် ၁၇ ရက်အထိ ရှိလာနိုင်သည်ဟု ပါရှိသည်။

လပွတ္တာမြို့နယ် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်စင်ဦးက "လပွတ္တာမှာ ၂၀၁၆ ခုနှစ် ဧပြီလတုန်းက အမြင့်ဆုံးအပူချိန် ၄၀ ဒသမ ၅ ဒီဂရီစင်တီဂရိတ်လောက်အထိ တက်ခဲ့တယ်။ အပူချိန်တက်လာရင်လည်း တစ်ရက်၊ နှစ်ရက်၊ သုံးရက်၊ လေးရက်လောက်အထိ ဆက်တိုက်ပူလာတယ်။ ကျွန်တော်တို့ စခန်းစဖွင့်တဲ့ သုံးနှစ်လောက်အတွင်းမှာ စံချိန်တင်အပူပဲ။ ဒီထက်အပူချိန်ပိုများလာရင်တော့ ဂရုစိုက်ရမှာပါ"ဟု အပူချိန်စံချိန်တင်မြင့်တက်လာမည့်အခြေအနေနှင့်ပတ်သက်၍ ပြောသည်။

### ကြိုတင်ပြင်ဆင်မည်

အပူချိန်မြင့်တက်လာမည့်အခြေနေကို ကာကွယ်နိုင်စေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင် လူမှုဝန်ထမ်းဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနတို့ပူးပေါင်း၍ ဟသ်ာတ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု သင်တန်းကျောင်းတွင် အစိုးရဝန်ထမ်းနှင့် ဆရာ ဆရာမများအား ရာသီဥတုပြောင်းလဲမှုအတွက် သင်တန်းပေးရန် စီစဉ်လျက်ရှိပြီး သင်တန်းပေးနိုင်ရေးအတွက် သင်ရိုးရေးဆွဲလျက်ရှိကြောင်း MCCA မှ သိရသည်။

"ဧပြီလနောက်ပိုင်းမှာ သင်တန်းပေးမှာပါ။ ရာသီဥတုပြောင်းလဲမှုအတွက် သဘာဝဘေးအန္တရာယ် လျှော့ချရေး ဘယ်လိုချိတ်ဆက်မှုရှိသလဲဆိုတာနဲ့ အကဲဖြတ်ဆန်းစစ်မှုတွေအတွက်ပါ"ဟု ဦးဆိုင်မွန်က ပြောသည်။

### သိသာစွာအပူချိန် မြင့်တက်လာမည့်ဒေသများ

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင်းရှိ လပွတ္တာမြို့နှင့် မြန်မာနိုင်ငံအလယ်ပိုင်း ခြောက်သွေ့ဒေသတွင် ပါဝင်နေသည့် ပခုက္ကူမြို့နယ်တို့တွင် MCCA နှင့် WWFတို့သည် ရှေ့ပြေးစီမံကိန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး အဆိုပါမြို့နှစ်မြို့သည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို အမြင့်ဆုံးခံစားနိုင်ခြေရှိသည့် မြို့နယ်များ ဖြစ်လာနိုင်ကြောင်း သိရသည်။

### အပူချိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့်အကျိုးဆက်

အပူချိန်မြင့်မားမှုကြောင့်ဖြစ်ပေါ်လာနိုင်မည့် အကျိုးဆက်များအပေါ် မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က "နှစ်ဒီဂရီစင်တီဂရိတ်ဆိုတဲ့ အပူချိန်များတယ်။ အပူချိန်မြင့်တက်လာပြီဆို ပြဿနာကရှိတာပဲ။ အပူချိန်မြင့်ရင် မြန်မာနိုင်ငံမှာ ကြုံတွေ့ရမယ့် ထိခိုက်မှုက ငါးမျိုးရှိမယ်။ အပူချိန်စံချိန်တင်မြင့်မယ်။ ရေရှားမယ်။ မီးလောင်မယ်။ ဒီသုံးချက်လုံးကလပွတ္တာမှာရှိနိုင်တယ်။ လယ်ယာထွက်ကုန်အထွက်တွေ လျော့မယ်။ နောက် အပူနဲ့ သက်ဆိုင်တဲ့ရောဂါတွေဖြစ်မယ်"ဟု ပြောသည်။

Myanmar Climate Change Alliance ၏ ရာသီဥတုပြောင်းလဲခြင်းကြောင့် ထိခိုက်ခံစားရနိုင်မှု တိုင်းတာစစ်ဆေးခြင်းရလဒ်များအရ မြန်မာနိုင်ငံအလယ်ပိုင်း ပခုက္ကူမြို့နှင့် မြစ်ဝကျွန်းပေါ်ဒေသတောင်ပိုင်းတွင် ရှိသော လပွတ္တာမြို့များတွင် တိုင်းတာချက်အရ ၂၀၅၀ ခုနှစ်တွင် အပူချိန် ၂ ဒီဂရီစင်တီဂရိတ်ကျော် တိုးလာမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာတွင် ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးအန္တရာယ်များအနက် နံပါတ်(၈)နေရာချိတ်ခဲ့သည့် ၂၀၀၈ ခုနှစ် မေ ၂ ရက်တွင် တိုက်ခိုက်ခဲ့သည့် နာဂစ်မုန်တိုင်းတွင် အစိုးရ တရားဝင်ထုတ်ပြန်ချက်အရ လူပေါင်း ၁၃၈၀၀၀ ကျော်ကို သေဆုံးစေခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လပွတ္တာ၊ ပြင်စလူ၊ ဘိုကလေး၊ ငပုတော၊ ဖျာပုံ၊ ဒေးဒရဲ၊ ကျိုက်လတ်၊ ပန်းတနော်မြို့နယ်နှင့် ကျေးရွာများအတွင်းရှိ ဒေသခံများအတွက် ကုစားလျက်အဆင့်သာရှိနေဆဲဖြစ်သည်။

# ဆွီဒင်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ ရန်ကုန်မြို့၌ လှည့်လည်ကြည့်ရှုပြီး ပြန်လည်ထွက်ခွာ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ဆွီဒင်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Urban Ahlin နှင့်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

မွန်းလွဲပိုင်းတွင် ပန်းဆိုးတန်းလမ်းရှိ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT)ရုံးသို့ သွားရောက်လေ့လာကြသည်။

ယင်းနောက် ဆွီဒင်နိုင်ငံလွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့သည် ကမ်းနားလမ်းရှိ ရှေးဟောင်းအဆောက်အအုံများ၊ မဟာဗန္ဓုလပန်းခြံနှင့် မြို့တော်ခန်းမတို့ကို လှည့်လည်ကြည့်ရှုကြပြီး သိမ်ဖြူလမ်းရှိ အတွင်းဝန်များရုံးသို့ သွားရောက်လေ့လာကြသည်။

ညပိုင်းတွင် ဆွီဒင်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**



# သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများ တွေ့ဆုံပွဲပြုလုပ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**
သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း(ယာယီ)မှ ကြီးမှူး၍ အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေးနှင့် ဝန်ထမ်းဟောင်းများ မိတ်ဆုံစားပွဲကို မတ် ၂၆ ရက် (တနင်္ဂနွေနေ့)တွင် ပုဇွန်တောင်မြို့နယ် အနော်ရထာလမ်းရှိ မြသိန်းတန်ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။ ယင်းနေ့နံနက် ၁၀ နာရီတွင် သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း (ယာယီ) မှ အသင်းသားစုံညီ သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးပြုလုပ်ပြီး သက်တမ်းကုန်ဆုံးပြီဖြစ်သော အမှုဆောင်အဖွဲ့နေရာများတွင် အမှုဆောင်အသစ်များဖြင့် ရွေးချယ်ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်သည်။

ယင်းနေ့နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပြီဖြစ်သော အသင်းသားဟောင်းများကိုရည်စူးပြီး သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းကာ အမျှအတန်းပေးဝေမည်ဖြစ်သည်။ ထို့နောက် ဝန်ထမ်းဟောင်းများအားလုံး တွေ့ဆုံ၍ နံနက်စာ သုံးဆောင်မည်ဖြစ်ပါသဖြင့် ဝန်ထမ်းဟောင်းအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ အသင်းသားဟောင်းများအနေဖြင့် နှစ်စဉ်ကြေးများပါ တစ်ပါတည်းထည့်ဝင်လှူဒါန်းကြပါရန်နှင့် အသင်းသားသစ်အဖြစ် ပါဝင်လိုသူ ဝန်ထမ်းဟောင်းများအတွက်လည်း အသင်းဝင်ပုံစံများ စီစဉ်ထားသည်။ ဝန်ထမ်းဟောင်းများ စုံညီမိတ်ဆုံစားပွဲအတွက် ပါဝင်လိုသူများသည်အမှုဆောင်အဖွဲ့ကိုယ်စား ဦးဇော်ဝင်း ဖုန်း-၀၉-၄၂၀၁၀၁၃၈၊ ဦးအေးသန်း ဖုန်း-၀၉-၇၉၅၂၇၃၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

**(ကြေးမုံ)**

# ဝှီးချဲ(လ်) ခရီးရှည်စီးနင်းသူများ ရမည်းသင်းမြို့သို့ရောက်ရှိ

**ရမည်းသင်း ဖေဖော်ဝါရီ ၂၆**
တာဝေးဝှီးချဲ(လ်)စီးနင်းသည့်အဖွဲ့သည် ပြည်တွင်းငြိမ်းချမ်းရေးလှုပ်ရှားမှုအဖြစ် ယနေ့ နံနက် ၁၁ နာရီက ရမည်းသင်းမြို့နယ်သို့ ရောက်ရှိရာ ရမည်းသင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးဦး၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ကြိုဆိုနှုတ်ဆက်ပြီး အချိုရည်နှင့် သောက်ရေသန့်ဘူးများ ဝေငှပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ရွှေမြန်မာတည်းခိုခန်းဝင်းအတွင်းတွင် ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာလှလှဌေးနှင့် ဝန်ထမ်းများက ဝှီးချဲ(လ်)စီးနင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ဆေးစစ်ပေးပြီး လိုအပ်သည့်ဆေးဝါးများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ အဆိုပါ တာဝေးစီးနင်းသည့် ဝှီးချဲ(လ်)အဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင် နေပြည်တော် တပ်ကုန်းမြို့သို့ ဆက်လက်ထွက်ခွာသွားပြီး ညပိုင်းတွင် မျက်မမြင်သူများက တေးဂီတများဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**





# ရန်ကုန်အလုပ်အကိုင်ပြပွဲ အထူးစည်ကား

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**
MyJobs.com.mm မှ ကြီးမှူးကျင်းပသည့် ရန်ကုန်အလုပ်အကိုင်ပြပွဲကို အထက်ပန်းဆိုးတန်းလမ်းရှိ Rose Garden Hotel ၌ ယနေ့နံနက် ၉ နာရီမှ ညနေ ၄ နာရီထိကျင်းပခဲ့ရာ အနယ်နယ်အရပ်ရပ်မှ အလုပ်လာရောက် လျှောက်ထားကြသူများဖြင့် အထူးစည်ကားခဲ့ပြီး ပြည်တွင်းပြည်ပမှ ကုမ္ပဏီ အကြီး၊ အသေးစုစုပေါင်း ၆၆ ခု ပါဝင်ကြောင်း သိရသည်။

MyJobs.com.mm ၏ အမှုဆောင်အရာရှိချုပ် Hans van Beek က "အရင်ကလည်း အလုပ်အကိုင်ပြပွဲတွေ အများကြီးလုပ်ခဲ့ပြီးပါပြီ။ အလုပ်အကိုင် ပြပွဲပြုလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ လူငယ်တွေအနေနဲ့ ဘယ်ကုမ္ပဏီက အလုပ်တွေခေါ်နေလဲ။ ဘယ်လိုမျိုး ပုံစံတွေရှိလဲဆိုတာ လေ့လာလို့ရအောင်ပါ။ ပြီးတော့ အလုပ်အကိုင်နဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲတွေ ပါဝင်တာကိုလည်း သိစေချင်ပါတယ်။ ကျွန်တော်တို့ ဝက်ဘ်ဆိုက်မှာ အလုပ်တွဲလုပ်ကိုင်ကြတဲ့ ကုမ္ပဏီတွေက အလုပ်ကြော်ငြာတဲ့အခါမှာလည်း အလုပ်ရှာသူတွေအနေနဲ့ ဝင်ရောက်လျှောက်ထားနိုင်ကြမှာဖြစ်ပါတယ်။ အလုပ်ရှာသူတွေအနေနဲ့ ဒီလိုပြပွဲမှာတော့ကုမ္ပဏီတွေနဲ့ တိုက်ရိုက်စကားပြောဆွေးနွေးခွင့်ရတာမို့ ပိုပြီးကောင်းမွန်တဲ့ အခွင့်အရေးတစ်ခုဖြစ်မှာပါ"ဟု ပြောကြားသည်။

ရန်ကုန် အလုပ်အကိုင်ပြပွဲလာ လသာမြို့နယ်တွင် နေထိုင်သော ကိုသူရဖြိုးဝေကျော်က "ကျွန်တော်ကတော့ ဆောက်လုပ်ရေးလုပ်ငန်းမှာ အလုပ်လုပ်ကိုင်ချင်လို့ အလုပ်လာလျှောက်တာပါ။ One Stop Service နဲ့ တန်းခန့်တာမဟုတ်ဘဲ အရင်အတိုင်းပဲ CV ဖောင်တွေကို သာ ကုမ္ပဏီတွေက လက်ခံနေတာပါ။ ဘယ်နေ့တော့ အင်တာဗျူးလာပါဆိုပြီး မပြောသေးပါဘူး။ အလုပ်အကိုင်အခွင့်အလမ်းက မများလာပါဘူး။ ခုလည်း CVဖောင်တွေကိုသာ လက်ခံထားပြီး တစ်ပတ်၊ နှစ်ပတ်နေရင် အကြောင်းပြန်မယ်ပဲ ပြောပါတယ်။ အဲတော့ အလုပ်ချက်ချင်းလိုချင်တဲ့သူအတွက်ကျတော့ အဆင်မပြေဖြစ်နေပြီလေ။ ကျွန်တော့်အမြင်ကတော့ အရင်အလုပ်လုပ်ခဲ့ဖူးတဲ့ ကုမ္ပဏီက အထောက်အထားတွေကို ကြည့်ပြီး အရည်အချင်းနဲ့ကိုက်ညီတယ်ဆိုရင် သူတို့အနေနဲ့ အလုပ်တန်းခန့်သင့်ပါတယ်။ အလုပ်ချက်ချင်းလိုအပ်တဲ့သူအတွက် အခွင့်အရေးက မရဘူးဖြစ်နေပါတယ်"ဟု ဆိုသည်။

ပြီးခဲ့သည့်နှစ်က ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် စင်ကာပူနိုင်ငံတို့တွင် အလုပ်အကိုင်ပြပွဲများ ကျင်းပခဲ့ပြီး ပြပွဲလာပြည်သူ သုံးသောင်းကျော်ထိ ရှိခဲ့ကြောင်းနှင့် ယနေ့ကျင်းပခဲ့သော ရန်ကုန်အလုပ်အကိုင်ပြပွဲ၌ ပြပွဲလာပြည်သူဦးရေ ၁၀၀၀၀ နီးပါးထိရှိကာ ရန်ကုန် အလုပ်အကိုင်ပြပွဲကို နှစ်စဉ်ကျင်းပသွားမည် ဖြစ်ကြောင်း My Jobs.com.mm မှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ(စိုးဝင်း-MLA)**

# စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်းကာ ရန်ကုန်တိုင်းဒေသကြီး စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို မတ် ၃ ရက် (သောကြာနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမတွင် ကျင်းပမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး Master Plan တစ်ရပ် ရေးဆွဲနိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။ အဆိုပါဆွေးနွေးပွဲသို့ စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍမှ တာဝန်ရှိသူများနှင့် အဖွဲ့အစည်းအသီးသီးမှ ပညာရှင်များ တက်ရောက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**(အောင်သူရ)**

**ပြည်မြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၂) နဝင်းခန်းမတွင် ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း (ရန်ကုန်) ရုံးချုပ်မှဥက္ကဋ္ဌ ဦးကျော်သိန်းဦးဆောင်သောအဖွဲ့နှင့် ပြည်မြို့ရှိ ဝန်ထမ်းဟောင်းများတွေ့ဆုံ၍ (၇၅)နှစ်နှင့်အထက် ဝန်ထမ်းဟောင်း ၆၉ ဦးအား ပူဇော်ကန်တော့ခြင်းနှင့် ဝန်ထမ်းဟောင်းအသင်းအား အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက်က ပြုလုပ်စဉ်။** (၁၄၃)



# ချင်းပြည်နယ်အတွင်း ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အထိကလေးငယ်များအတွက် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာငွေကြေးပံ့ပိုးမှုအစီအစဉ်ကို ၂၀၁၇ ဧပြီလတွင် စတင်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့(Life Fund Board)တို့ ပူးပေါင်းဆောင်ရွက်မည့် ချင်းပြည်နယ်အတွင်း ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက်ကလေးငယ်များအား ငွေကြေးပံ့ပိုးမှုအစီအစဉ်အတွက် Life Fund Board က ငွေကြေးပံ့ပိုးရန် တရားဝင်ကြေညာသည့်အခမ်းအနားနှင့် ချင်းပြည်နယ်အတွင်း ဆောင်ရွက်မည့် တောင်တန်းဒေသစီမံကိန်းများ မိတ်ဆက်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက်က ဟားခါးမြို့၌ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် တက်ရောက်ပြီး ချင်းပြည်နယ်သည် ဖွံ့ဖြိုးမှုလိုအပ်နေသည့်အပြင် သဘာဝဘေးအန္တရာယ်ခံနေရသည့် ဒေသလည်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ကောက်ယူရရှိသော စာရင်းဇယားများအရ ချင်းပြည်နယ်အတွင်း ငါးနှစ်အောက်ကလေးငယ်များ၏ ပုညက်မှုနှုန်းနှင့် ကလေးသေနှုန်းများ အမြင့်ဆုံးဖြစ်နေသည်ကို တွေ့ရပါကြောင်း၊ ကလေးငယ်များ ပုညက်မှုဖြစ်နေခြင်းသည် အာဟာရချို့တဲ့မှု ကြာရှည်စွာဖြစ်နေသည်ကိုရည်ညွှန်းနေပါကြောင်း၊ ချင်းပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက်ကလေးများအတွက် အာဟာရပိုမိုစားသုံးနိုင်ရေး ငွေကြေးပံ့ပိုးမည့်အစီအစဉ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် Life Fund Board တို့ ပူးပေါင်း၍ဆောင်ရွက်သည်မှာ ချင်းပြည်နယ်အတွင်း ထိရောက်သောရင်းနှီးမြှုပ်နှံမှုဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ ထို့အပြင် အခြားသောဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ တောင်တန်းဒေသစီမံကိန်းများ ဆောင်ရွက်ခြင်းသည် ချင်းပြည်နယ်အတွင်း အာဟာရဖူလုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးရေး တို့အတွက် များစွာအကျိုးဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ Life Fund Board ဦးဆောင်သူ ဥရောပသံအမတ်ကြီး Mr. Roland Kobia က ချင်းပြည်နယ်အတွင်း တောင်တန်းဒေသဖွံ့ဖြိုးရေးစီမံကိန်းများဆောင်ရွက်နေမှုနှင့် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်အတွက် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများ၊ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့ Life Fund board သည် ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်သူလူထုအခြေပြု အဖွဲ့အစည်းများနှင့် ပူးတွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက်ကလေးများ (လူသားဘဝအစ ရက်ပေါင်းတစ်ထောင်အတွင်းကလေးများ)အတွက် အာဟာရဖွံ့ဖြိုးမှုကို အဓိကပံ့ပိုးသည့် ငွေကြေးထောက်ပံ့မှုအစီအစဉ်သည် ချင်းပြည်နယ်အတွင်း ဖြစ်ပေါ်နေသောအာဟာရချို့တဲ့မှုကြောင့် ကလေးငယ်များ ပုညက်မှုနှုန်းများနေသည်ကို တိုက်ဖျက်နိုင်မည့်အစီအစဉ်ဖြစ်ပါကြောင်း၊ Life Fund Board အနေနှင့် ချင်းပြည်နယ်အတွင်း လူသားဘဝရက်တစ်ထောင်အတွင်း အာဟာရဖွံ့ဖြိုးမှုအတွက် ထောက်ပံ့သည့်ငွေကြေး အမေရိကန်ဒေါ်လာ ကိုးမီလီယံကျော်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် တွဲဖက်ဆောင်ရွက်ရန်အတွက် Life Fund Board က ခွင့်ပြုပြီးဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ Life Fund Board Director Ms. Andrew Krikwood နှင့် US AID က Mission Director ဖြစ်သူ Ms. Treasa McGhie တို့က လူသားဘဝ ရက်တစ်ထောင်အတွင်း ရင်းနှီးမြှုပ်နှံမှု အရေးကြီးကြောင်း အထောက်အထားများကိုလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာစမ်းစမ်းအေးက အစီအစဉ်အသေးစိတ်ကိုလည်းကောင်း၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ Chief, Social Policy and Child Rights Section Mr. SammanThapa က လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်း၍ အစီအစဉ်များကြီးကြပ်ခြင်းနှင့် ဆန်းစစ်ခြင်းလုပ်ငန်းများကိုလည်းကောင်း ပြောကြားသွားသည်။

ယင်းနောက် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များအား အာဟာရအတွက် ငွေကြေးပံ့ပိုးမှုအစီအစဉ်ဆောင်ရွက်မည့် အထိမ်းအမှတ်အဖြစ် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရခြင်းတောင်းများ အမှတ်တရလက်ဆောင်ပေးအပ်သည်။

ချင်းပြည်နယ်အတွင်း ယခုနှစ် ဧပြီလတွင် ချင်းပြည်နယ် တစ်ခုလုံးရှိ ကိုယ်ဝန်ဆောင်စာရင်းများ ကောက်ယူပြီးစနစ်တကျ မှတ်တမ်းတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ပါကြောင်းနှင့် ဧပြီလတွင် အစီအစဉ်မိတ်ဆက်ခြင်းအခမ်းအနားကို ချင်းပြည်နယ်တွင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ မေလကုန်တွင် ချင်းပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်တိုင်းအား နှစ်လစာထောက်ပံ့ငွေကျပ် ၃၀၀၀၀ ကို အာဟာရပိုမိုစားသုံးနိုင်အောင် ထောက်ပံ့မည်ဖြစ်ပါကြောင်းနှင့် အဆိုပါကိုယ်ဝန်ဆောင်မိခင်က မွေးဖွားလာသည့် ကလေးငယ် အသက်နှစ်နှစ်အထိ တစ်လလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းနှင့် နှစ်လ တစ်ကြိမ် ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



## ရန်ကင်းမြို့နယ်တွင် မူခင်းပညာပေးပြခန်းယာဉ် ပြသ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရဲလုပ်ငန်းစဉ်ကဏ္ဍ ငါးခုပါ မူခင်းပညာပေးပြခန်းယာဉ်သည် ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းမှတ်တိုင်အနီးနှင့် ၁၂ လုံးတန်းမှတ်တိုင်တို့တွင် အသိပညာပေး လှည့်လည်ပြသရာ ရပ်ကွက်နေပြည်သူ ၄၀၀ ခန့် လာရောက်ကြည့်ရှုလေ့လာကြောင်း သိရသည်။

ထိုမူခင်းပညာပေးပြခန်းယာဉ်တွင် နယ်မြေရဲတပ်ဖွဲ့ဝင်များ၏ မူခင်းကျဆင်းရေးအသိပညာပေးကဏ္ဍ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၏ အခန်းကဏ္ဍများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၏ အခန်းကဏ္ဍ၊ ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းတပ်ဖွဲ့၏ ယာဉ်စည်းကမ်းလမ်းစည်းကမ်း ပညာပေးကဏ္ဍအပါအဝင် ကဏ္ဍငါးခုပါဝင်ကြောင်း သိရသည်။

ထိုပြခန်းယာဉ်ပေါ်သို့ လာရောက်လေ့လာသူများအား ရဲတပ်ဖွဲ့ဝင်များက လက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ ကဏ္ဍအလိုက် လုပ်ငန်းစဉ်အဆင့်ဆင့်အား ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်း၊ စာကြည့်တိုက်များထားပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ရန်ကင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးမြင့်အောင်က "မူခင်းဆိုင်ရာ ပြဋ္ဌာန်းချက်တွေရှိနေပေမယ့် ပြည်သူတွေအနေနဲ့ လေ့လာမှုအားနည်းတာတွေ့ရတယ်။ ဒါကြောင့် ပြစ်မှုဥပဒေနဲ့ပတ်သက်ပြီး အသိပညာပေးမှုတွေကို အခုလိုမြို့နယ်အလိုက် ဆောင်ရွက်တာပါ။ ဒီအပေါ်မှာ လူထုအနေနဲ့လည်း အလေးထားလေ့လာစေလိုပါတယ်။ ဒ့ါအပြင် ရဲတပ်ဖွဲ့ကလည်း နေ့၊ ညမပျက် လှည့်ကင်းတွေနဲ့ဆောင်ရွက်လို့ ကျွန်တော်တို့မြို့နယ်မှာ ခိုးမှုတွေ၊ လုယက်မှုတွေ မရှိသလောက် ဖြစ်သွားပါပြီ"ဟု ပြောသည်။

ထိုမူခင်းပညာပေးပြခန်းယာဉ်သည် ရန်ကုန်အရှေ့ပိုင်းခရိုင်တွင် ရန်ကင်းမြို့နယ်၌ ပထမဆုံးပြသခြင်းဖြစ်ပြီး ဆက်လက်၍ ကျန်မြို့နယ်များသို့ လှည့်လည်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဖေဖော်ဝါရီ ၁၅ ရက်မှ ဖေဖော်ဝါရီ ၂၁ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ကလောင်စုံ | နှစ်(၇၀)ပြည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပင်လုံအထူးထုတ် | ၄၀၀၀ိ/- | Myanmar Knowledge Society |
| ၂ | ချစ်မိုးလှိုင် | စိမ်း(အလွမ်းဖွဲ့သီကဗျာစာစုများ) | ၁၂၀၀ိ/- | Pica media Publishing |
| ၃ | ဏီလင်းညို | တိမ်ရုပ်စုံသော ထိုကောင်းကင် | ၃၀၀၀ိ/- | Publishing House |
| ၄ | ကိုသျှား | အထီးကျန်အော်ပရာ (အက်ဆေးစုစည်းမှု) | ၁၈၀၀ိ/- | Speed စာပေ |
| ၅ | ကိုရိုးကွန့် | စိန်လွန်တူးသမား၏ အဖွင့်အပိတ်တံခါးနှင့် အခြားဝတ္ထုတိုများ | ၂၀၀၀ိ/- | Speed စာပေ |
| ၆ | သိပ္ပံမောင်ဝ | မောင်လူအေးဇာတ်လမ်း (မှတ်တမ်းဝင်ဝတ္ထုတိုများ) | ၃၀၀၀ိ/- | The Key Collection |
| ၇ | The Key Collection | ခရစ္စတိုဖာ ကိုလံဘတ်စ် | ၁၅၀၀ိ/- | The Key Collection |
| ၈ | ကျော်ဇောနိုင် | ဆရာဟူသည် | ၁၅၀၀ိ/- | WisdomHouse စာပေ |
| ၉ | အင်းစိန်အောင်စိုး | အုတ်ရိုးအတွင်းသံဆူးကြိုးဝင်းမှလူဆိုးများ | ၃၀၀၀ိ/- | ကိုကျော်ကျော် (perfect စာပေ) |
| ၁၀ | မြတ်ငြိမ်း | လက်ဆောင်မွန် (The Present) | ၂၀၀၀ိ/- | ကိုနေမန်းစာပေ |
| ၁၁ | နောင်ကျော် | ကျွန်တော်ကစစ်အာဏာရှင် ငြင်းဆန်ရေးသမား | ၃၀၀၀ိ/- | ခဝါလှေမွန်စာပေ |
| ၁၂ | ခင်မောင်တိုး(မိုးမိတ်) | ပျော်စရာညစာနှင့် နိုင်ငံတကာရသစုံပုံပြင်များ | ၁၈၀၀ိ/- | ခဝါလှေမွန်စာပေ |
| ၁၃ | ခင်ချိုထွန်းစာပေ အယ်ဒီတာအဖွဲ့ | ပါဠိတော်၊ အဋ္ဌကထာတို့နှင့်အညီ စီစဉ်ထားသောခေတ်မီစကားပြေ ဓမ္မပဒဝတ္ထု(ဒုတိယတွဲ) | ၁၅၀၀ိ/- | ခင်ချိုထွန်းစာပေ |
| ၁၄ | ခင်ချိုထွန်းစာပေ အယ်ဒီတာအဖွဲ့ | ပါဠိတော်၊ အဋ္ဌကထာတို့နှင့်အညီ စီစဉ်ထားသောခေတ်မီစကားပြေ ဓမ္မပဒဝတ္ထု(ပထမတွဲ) | ၁၅၀၀ိ/- | ခင်ချိုထွန်းစာပေ |
| ၁၅ | ခင်ချိုထွန်းစာပေ အယ်ဒီတာအဖွဲ့ | ပါဠိတော်၊ အဋ္ဌကထာတို့နှင့်အညီ စီစဉ်ထားသောခေတ်မီစကားပြေ ဓမ္မပဒဝတ္ထု(တတိယတွဲ) | ၁၅၀၀ိ/- | ခင်ချိုထွန်းစာပေ |
| ၁၆ | ဒေါက်တာခင်မောင်ညို | ကွန်ညက် | ၁၀၀၀ိ/- | ဂလိုဘယ်အလင်းစာပေ |
| ၁၇ | ဝင်းငြိမ်း | ဖအေတူသား | ၃၀၀၀ိ/- | ငါတို့စာပေ |
| ၁၈ | သော်တာဆွေ | ဂေါ်ဇီကာ | ၂၅၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၁၉ | ကြူမွေး | အဟုတ်ကိုချစ်ပါ့မယ်(ဟာသဝတ္ထုစဆုံး) | ၂၅၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၂၀ | မြတ်ငြိမ်း | အကောင်းဆုံး ဆုံးဖြတ်ချက်များချမှတ်ဖို့ | ၁၇၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၂၁ | မြတ်ငြိမ်း | လူဖြစ်ကျိုးနပ်ဘဝနေနည်း | ၁၂၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၂၂ | မောင်လွင်ပြင် | ဆယ်ကျော်သက်တို့ရဲ့ကမ္ဘာ | ၂၃၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၂၃ | ရွှေယဉ်နု | နဝရတ်သွယ်ရင်တွင်းခြယ် (အာဂအမေနှင့်ရသစာစုများ) | ၁၅၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၂၄ | မိုးသွေး(ပန်ထွာမြေ) | သမုဒယ ရပ်ဝန်းချစ်ခြင်းဖွဲ့ကဗျာများ | ၁၂၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၂၅ | ဆုပြည့်စုံထွန်းအယ်ဒီတာအဖွဲ့ | တောင်ပုလုဆရာတော်ဘုရားကြီး ဘဒ္ဒန္တနန္ဒိယ | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၂၆ | ဆုပြည့်စုံထွန်းအယ်ဒီတာအဖွဲ့ | ရွှေစေတီဆရာတော်ဘုရားကြီး ဘဒ္ဒန္တသုန္ဒရ | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၂၇ | ဆုပြည့်စုံထွန်းအယ်ဒီတာအဖွဲ့ | သပြေကန်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၂၈ | ကိုခါး(ကွမ်းခြံကုန်း) | ရန်ကုန်ဟာပြန်လာမယ် (တစ်ပုဒ်တည်းကဗျာရှည်) | ၂၅၀၀ိ/- | တိုးမြစ်စာပေ |
| ၂၉ | မြနှင်းဆီ | သင့်အလုပ်သည် သင့်တန်ဖိုး | ၄၀၀၀ိ/- | တူဒေးစာပေ |
| ၃၀ | အရှင်နန္ဒဝံသ (ဓမ္မအလင်းပါရမီတောရ) | ပမာဒယန္တရား | ၇၀၀ိ/- | ဓမ္မအလင်းပါရမီစာပေ |
| ၃၁ | ဆုမြတ်မွန် | ရွှေဘဲငန်းမလေးနှင့် နတ်သမီးပုံပြင်များ | ၁၅၀၀ိ/- | ဓူဝံစာပေ |
| ၃၂ | ဆုမြတ်မွန် | ဘဲမလေးဒေစီလော့ခ်စ်နှင့် နတ်သမီးပုံပြင်များ | ၁၅၀၀ိ/- | ဓူဝံစာပေ |
| ၃၃ | မောင်သာနိုး | ခေတ်ပေါ်အချစ် ခေတ်ပေါ်ကဗျာ | ၂၀၀၀ိ/- | နှစ်ကာလများစာပေ |
| ၃၄ | နန်းနန္ဒာ | ရူပစန္ဒာနတ်သမီး | ၁၂၀၀ိ/- | ပန်းဆက်လမ်းစာပေ |
| ၃၅ | နန်းနန္ဒာ | ထင်းရှူးပင်လေး | ၁၂၀၀ိ/- | ပန်းဆက်လမ်းစာပေ |
| ၃၆ | ရွှန်းမီမီထက် | အမှန်အကန်ဖူးစာအပါအဝင် သရော်စာစုများ | ၄၅၀၀ိ/- | ပန်းသို့မွေးစာပေ |
| ၃၇ | ဇာနည် | ကမ္ဘာကို ဖန်တီးသူများ | ၃၀၀၀ိ/- | ပဥ္စဂံစာပေ |
| ၃၈ | မင်းဝေဟင် | လရိပ်အောက်က မိုးတိမ်မဂ္ဂဇင်း ဝတ္ထုတိုများ | ၂၅၀၀ိ/- | ပိတောက်ရနံ့စာပေ |
| ၃၉ | ပညာဒီပက | နေ့သားအလိုက်အခါကောင်းဇယားများနှင့် လိုတရ ပထဝီဇယမန္တန်အဓိဋ္ဌာန်ဝင်နည်း | ၅၀၀ိ/- | မဖ္ဖိုမစာပေ |
| ၄၀ | မင်းသိခ် | မနောမယ ယတြာလက်ဆောင်ပေါင်းချုပ် | ၁၀၀၀ိ/- | မရမ်းတလင်းစာပေ |

(ဆက်လက်ဖော်ပြပါမည်)

# ကုန်ပစ္စည်းတင်ဆောင်မည့် ရထားစီးခရီးသွားပြည်သူများကို တန်ဆာခများ မတ် ၁ ရက်မှစ၍ လျှော့ချကောက်ခံမည်

**ရန်ကုန်　ဖေဖော်ဝါရီ　၂၆**

ရထားစီးခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် ဝန်ဆောင်မှုလုပ်ငန်းများကို မြန်မာ့မီးရထားမှ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လာမည့် မတ် ၁ ရက်မှစတင်၍ ပုံသေနှုန်းထားကောက်ခံရမည့် ပစ္စည်းများ၏ တန်ဆာခနှုန်းထားများ လျှော့ချကောက်ခံပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ ယနေ့ထုတ်ပြန်ချက်အရသိရသည်။

လက်ရှိအခြေအနေနှင့်လျော်ညီရေးအတွက် ယခင်ပုံသေနှုန်းထား သတ်မှတ်ပြီးကောက်ခံခဲ့သော ပုံသေပစ္စည်း ၆၉ မျိုးအနက်မှ စီးပွားဖြစ်သယ်ယူခြင်းမျိုးမဟုတ်သည့် ခရီးသည်ကိုယ်တိုင်အသုံးပြုမည့် လက်ပ်တော့၊ ဗီဒီယိုကင်မရာ၊ Still ကင်မရာ၊ VCD၊ DVD၊ EVD (Portable 1-piece each)ကို လူနှင့်တစ်ပါတည်း အခမဲ့သယ်ယူခွင့်ပြုမည်ဖြစ်ပြီး ကျန်ကုန်ပစ္စည်းများကိုလည်း နှုန်းထားပြောင်းလဲလျှော့ချသတ်မှတ်ထားကြောင်း သိရသည်။

နှုန်းထားပြောင်းလဲလျှော့ချသတ်မှတ်ထားသော အဆိုပါကုန်ပစ္စည်းအမျိုးအမည်နှုန်းထားပြောင်းလဲသတ်မှတ်ထားချက်များအရ ယာဉ်တင်ဆောင်ခနှုန်း ငွေကျပ် ၃၀၀၀ ရှိသော ၁၄ လက်မ အထက်၊ ၂၆ လက်မအထိရှိသည့် တီဗွီကို ရထားခနှုန်းထားဟောင်း ငွေကျပ် ၉၀၀၀ ကောက်ခံရာမှ နှုန်းသစ် ငွေကျပ် ၂၇၀၀ ဖြင့်လည်းကောင်း၊ ယာဉ်တင်ဆောင်ခနှုန်း ငွေကျပ် ၇၀၀၀ ရှိသော ၂၉ လက်မ မှ ၃၂ လက်မအထိရှိသည့် တီဗွီကို ရထားခနှုန်းထားဟောင်း ငွေကျပ် ၂၁၀၀၀ ကောက်ခံရာမှ နှုန်းသစ် ငွေကျပ် ၆၃၀၀ ဖြင့်လည်းကောင်း၊ ယာဉ်တင်ဆောင်ခနှုန်း ငွေကျပ် ၁၀၀၀၀ ရှိသော ရေခဲသေတ္တာအကြီးကို ရထားခနှုန်းထားဟောင်း ငွေကျပ် ၁၉၅၀၀ ကောက်ခံရာမှ နှုန်းသစ် ငွေကျပ် ၉၇၅၀ ဖြင့်လည်းကောင်း၊ ယာဉ်တင်ဆောင်ခနှုန်း ငွေကျပ် ၂၀၀၀ ရှိသော ရေစုပ်စက်(အသေး)ကို ရထားခနှုန်းထားဟောင်း ငွေကျပ် ၄၂၀၀ ကောက်ခံရာမှ နှုန်းသစ် ငွေကျပ် ၁၈၀၀ ဖြင့်လည်းကောင်း၊ ယာဉ်တင်ဆောင်ခနှုန်း ငွေကျပ် ၇၀၀၀ ရှိသော မော်တော်ဆိုင်ကယ်(အလွတ်)ကို ရထားခနှုန်းထားဟောင်း ငွေကျပ် ၁၃၅၀၀ ကောက်ခံရာမှ နှုန်းသစ် ငွေကျပ် ၆၃၀၀ ဖြင့်လည်းကောင်း၊ ယာဉ်တင်ဆောင်ခနှုန်း ငွေကျပ် ၅၀၀၀ ရှိသော လေအေးပေးစက် (မြင်းကောင်ရေ (၂)ကောင်အထိ)ကို ရထားခနှုန်းထားဟောင်း ငွေကျပ် ၉၀၀၀ ကောက်ခံရာမှ နှုန်းသစ် ငွေကျပ် ၄၅၀၀ ဖြင့်လည်းကောင်း မတ် ၁ ရက်တွင် နှုန်းထားပြောင်းလဲ လျှော့ချသတ်မှတ်ကောက်ခံမည်ဖြစ်ပြီး ပြောင်းလဲသတ်မှတ်မည့် ပုံသေတန်ဆာခနှုန်းထားများကို ရထားစီးခရီးသည်များအနေဖြင့် အသေးစိတ်သိရှိလိုပါက နိုင်ငံအတွင်းရှိ နီးစပ်ရာဘူတာများ၌ စုံစမ်းမေးမြန်းနိုင်ကြောင်း မြန်မာ့မီးရထားမှ ထုတ်ပြန်ချက်အရ သိရသည်။

**(စိုးဝင်း-MLA)**



# ဇင်းဘောင်ချောင်းတူးဖော်ခြင်းလုပ်ငန်း သတ်မှတ်ရက်အတွင်းပြီးစီးရေး အင်တိုက်အားတိုက် ဆောင်ရွက်နေ

**ဖျာပုံ　ဖေဖော်ဝါရီ　၂၆**

ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်းရှိ စိုက်ပျိုးဧရိယာများ ရေကြီးနစ်မြုပ်မှုမရှိစေရေး၊ ကျွန်းတွင်းပိုလျှံရေများ ထုတ်နုတ်မှုကောင်းမွန်စေရေး၊ သီးနှံများအောင်မြင်စွာ စိုက်ပျိုးနိုင်စေရေး ဇင်းဘောင်ချောင်း တူးဖော်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၄ ရက်မှစတင်၍ ဖျာပုံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဌာနစက်ယန္တရားကြီးများဖြင့် တူးဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါချောင်းတူးခြင်းလုပ်ငန်းကို ရေပေါ်ဘောခုံတင်(Backhoe on Pontoon)မြေတူးစက် ခုနစ်စီး၊ ရွှံ့ညွန်တူးမြေတူးစက် (Amphibious Excavator) နှစ်စီး၊ မြေထိုးစက် တစ်စီး၊ ယန္တရားအင်အား ၁၀ စီးအသုံးပြု၍ ပျမ်းမျှချောင်းအကျယ် ၉၅ ပေ၊ ပျမ်းမျှအနက် ခုနစ်ပေနှင့် အလျား ၃ ဒသမ ၇၈ မိုင်ကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများက အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဇင်းဘောင်ချောင်း တူးဖော်ပေးတာဟာ ဇင်းဘောင်ကျွန်းပတ်တာနဲ့ ကျွန်းအပြင်က မိုးစပါးစိုက်ဧကတွေ မိုးတွင်းရေမြုပ်ပြီး နှစ်ခါပြန်၊ သုံးခါပြန် ပြန်စိုက်ရတဲ့အဖြစ်မျိုးက ကင်းမယ်။ မျိုးစပါးတွေ ထပ်ထပ်ပြီးဝယ်ယူရတဲ့ဒုက္ခကလည်း သက်သာမှာပါ။ မိုးစပါးပျက်ပြီး လယ်သမားတွေ မျိုးစပါးနဲ့ လုပ်အားခဆုံးရှုံးရတဲ့အဖြစ်ကလည်း ကင်းဝေးပြီး စိတ်ချလက်ချနဲ့ ဧကပြည့်စိုက်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ တောင်သူတွေအတွက် တကယ်လိုအပ်နေတဲ့ ဇင်းဘောင်ချောင်းပြန်တူးဖော်ပေးတဲ့အတွက် အဆင်ပြေပါတယ်။ ဒီရေလမ်းကနေ စပါးသယ်၊ ဆန်သယ်ရတာလည်း အရင်ကထက် ပိုပြီးကောင်းမွန်လာမှာပါ"ဟု ကွန်ဒိုင်းကြီးကျေးရွာမှ လယ်သမားကြီး ဦးလှအောင်က ပြောသည်။

ဒီရေနှင့်အတူပါလာသော နုန်းမြေအနည်ထိုင်ပို့ချမှုများကြောင့် ဒီရေဝင်ချောင်းမကြီးများ သိသိသာသာ တိမ်ကောလာသဖြင့် မိုးရာသီကျွန်းတွင်း မိုးရေများထုတ်နုတ်ရာတွင် ရေနုတ်အားမကောင်းတော့ခြင်း၊ မိုးစပါးစိုက်ဧကများ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခြင်း၊ မိုးစပါးများပျက်စီး၍ လယ်သမားများ ဆုံးရှုံးနစ်နာခြင်းမဖြစ်ပေါ်စေရေးအတွက် ယခုကဲ့သို့ တူးဖော်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ဇင်းဘောင်ချောင်းသည် ငါးမိုင်ခန့် အရှည်ရှိသဖြင့် တူးဖော်ဆောင်ရွက်ရန်ကျန်ရှိသည့် အပိုင်းများကိုလည်း လုပ်ငန်းခွင့်ပြုမိန့်ရရှိမှုအပေါ် မူတည်၍ ဆက်လက်တူးဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖျာပုံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်က ပြောသည်။

**(သပြေထွန်း)**

# ကြည့်မြင်တိုင်ကမ်းနားလမ်း မြို့တွင်းသွားယာဉ်ကြောတွင် ကုန်သေတ္တာတင်ယာဉ်များကြောင့် လမ်းပိတ်ဆို့၊ ယာဉ်များပြောင်းပြန်မောင်းနှင်ရသည့်ဖြစ်စဉ်နှစ်ခု သီးခြားပြိုင်တူကြုံတွေ့

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၆ နာရီခွဲခန့်က ပရိုဘောက်အငှားယာဉ်ဖြင့် ဘုရင့်နောင်ပွဲရုံသို့ သွားသော လုပ်ငန်းရှင်များ၏ ဖုန်းသတင်းပေးမှုကြောင့် ဟုမ်းလမ်းမှတ်တိုင်အလွန်မှစ၍ ကမ်းနားလမ်းမဟောင်း (ကြည့်မြင်တိုင်)၏ မြို့တွင်းသွားယာဉ်ကြောပေါ်တွင် သီးခြားစီဖြစ်သော ကုန်သေတ္တာတင်ယာဉ်များဖြစ်စဉ်များကြောင့် မြို့တွင်းသွား ယာဉ်မျိုးစုံ လမ်းပြောင်းပြန်မောင်းနှင်ရမှု နာရီအတန်ကြာဖြစ်ပွားသည်ကို သိရသည်။

ဖုန်းသတင်းရရှိပြီးချိန် ယင်းနေရာသို့ ရောက်ရှိသွားချိန် နံနက် ၇ နာရီ မိနစ် ၂၀ ခန့်တွင် ဟုမ်းလမ်းကြက်လျှာစွန်းရှိ စက်သုံးဆီဆိုင်အထွက်လမ်းတွင် ၂၂ ဘီး နောက်တွဲပါ ပေ ၄၀ ကုန်သေတ္တာတစ်လုံး တင်ဆောင်ထားသော ကုန်တင်ယာဉ်ကြီးတစ်စီးသည် မြို့တွင်းသွားယာဉ်ကြော ပေါ်အပြည့် ကန့်လန့်ဖြတ်ပိတ်အနေအထားမျိုး မြင်တွေ့ရ သည်။ နံနက် ၆ နာရီခွဲခန့် ယင်းယာဉ်၏ ယာဉ်မောင်းသည် ယာဉ်မောင်းခန်းအပြင်သို့ ခြေထောက်ထွက် အိပ်နေသည်ကို မြင်တွေ့ခဲ့ရသည်ဟု ဆိုသည်။

နံနက် ၈ နာရီတွင် ယင်းအနေအထားအတိုင်း မြင်တွေ့ရဆဲဖြစ်သော်လည်း ဖယ်ရှားရန် ပြင်ဆင်မှုမြင်တွေ့ရသည်။ ယင်းဖြစ်စဉ်နေရာအလွန် သီးခြားဖြစ်သော ကွန်ကရစ်ကမ်းနားလမ်းသစ်သို့ ဝင်ရောက်မည့် ကမ်းနားလမ်းမ (ကြည့်မြင်တိုင်)ပေါ်တွင် ညဈေးမှတ်တိုင်ဝန်းကျင်ထိ မြို့တွင်းသွားယာဉ်ကြောအပြည့် ပိတ်ဆို့ရပ်ထားသော ကုန်သေတ္တာတင်ယာဉ်တန်း ထပ်မံတွေ့ရသည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းတွင်ဖြစ်ပေါ်ခဲ့သော ယင်းနေရာ၌ နေ့တစ်ဝက်ကြာမြင့်သော အလားတူဖြစ်စဉ်နှင့် ကွဲပြားခြားနားသည်မှာ ကွန်ကရစ်လမ်း အဝင်လမ်းပေါ်၌ ယနေ့ဖြစ်စဉ်တွင် ယာဉ်ရှင်းလင်းနေခြင်း ဖြစ်သည်။ သို့သော် ထီးတန်းဆိပ်ကမ်းရှေ့ပိတ်ဆို့ ရပ်ထားသော ယာဉ်တန်းရှိ ကုန်သေတ္တာယာဉ်တစ်စီး၏ ယာဉ်ခေါင်းပိုင်းတွင် အပြင်ဘက်သို့ ခြေထောက်ထုတ်၍ အိပ်နေသည်ကို တွေ့ရပြန်သည်။

စက်သုံးဆီဆိုင်အလွန် နံနက် ၇ နာရီ မိနစ် ၂၀ ခန့်တွင် တန်းစီပိတ်ဆို့ရပ်ထားသော ကုန်သေတ္တာယာဉ်အချို့ ကွန်ကရစ်လမ်းသို့မောင်းနှင်ဝင်ရောက်သည့်မြင်ကွင်း မြင်တွေ့လာရသည်။ ယင်းဖြစ်စဉ် ဖြစ်ပွားသောနေရာတွင် ဟုမ်းလမ်းနှင့် ဗားကရာမီးပွိုင့် ယာဉ်ထိန်းရုံးများရှိသော် လည်း ပိတ်ထားသည်ကို မြင်တွေ့ရသည်။




ယင်းသို့ မြို့တွင်းသွားယာဉ်ကြောပေါ်တွင် ပိတ်ဆို့ရပ်ထားမှုကြောင့် YBS လိုင်းကားများအပါအဝင် ယာဉ်မျိုးစုံလမ်းကြောင်းပြောင်းပြန်မောင်းနှင်နေရမှု မြင်တွေ့ရသည်။ ယင်းယာဉ်တန်းများကို မှတ်တမ်းဓာတ်ပုံရိုက်ယူထားမှုနှင့်အတူ ပြန်လည်မောင်းနှင်မှုများကြောင့် နံနက် ၈ နာရီခန့်တွင် ကုန်သေတ္တာတင်ယာဉ်များ အဆိုပါလမ်းပေါ်တွင် ရှင်းသွားသည်ကို မြင်တွေ့ရသည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှစ၍ ယာဉ်+ကုန် ကိုးတန်အထက် ကုန်တင်ယာဉ်ကြီးများနှင့်အတူ ကုန်သေတ္တာတင်ယာဉ်ကြီးများ နေ့တိုင်းသွားလာခွင့်မပြုဘဲ ည ၉ နာရီမှ နောက်နေ့နံနက် ၆ နာရီအတွင်းသာ သတ်မှတ်လမ်းကြောင်းပေါ်တွင်သာ မောင်းနှင်ခွင့်ပြုခဲ့ရာ ယာဉ်ပိတ်ဆို့မှုမကြာခဏကြုံတွေ့ရတတ်သော ဘုရင့်နောင်လမ်းမအပါအဝင် ကြည့်မြင်တိုင် ကမ်းနားလမ်းတစ်လျှောက် ယာဉ်ပိတ်ဆို့မှုများ လျော့ကျလာသည်ဟု ယင်းလမ်းကြောင်းပေါ် မောင်းနှင်သူများက ပြောကြားမှုရှိသည်။

သို့သော် ကန့်သတ်ချိန်တွင် ကုန်တင်ယာဉ်ကြီးအချို့နှင့် ကုန်သေတ္တာတင်ယာဉ်ကြီးအချို့ ဖြတ်သန်းမောင်းနှင်မှုများမြင်တွေ့ရဆဲဟု ယင်းလမ်းကြောင်းပေါ် နေ့စဉ်ဖြတ်သန်းသွားလာနေသူများ၊ ကြည့်မြင်တိုင်မြို့နယ်နေသူများက ပြောသည်။

ယင်းသို့ နေ့ပိုင်းသွားလာမှု ကန့်သတ်ထားခြင်းအတွက် စားအုန်းဆီထုတ်ယာဉ်များ၊ ကုန်သေတ္တာတင်ယာဉ်များ ကားခနှုန်းများ ပိုမိုမြှင့်တင်ရယူလာသည်ဟု ကုန်ပို့သူများထံမှ သိရသည်။ စားအုန်းဆီထုတ်ယာဉ်များဆိုလျှင် တရားဝင် နေ့ပိုင်းသွားလာခွင့်ရှိသော ယာဉ်+ကုန် ကိုးတန်အောက် ယာဉ်များအပါအဝင် ယာဉ်+ကုန် ကိုးတန်အထက် ခြောက်ဘီးကားကြီးများ၏ ဆီထုတ်ကားခမှာ မြှင့်တင်ယူလာသည့် တရားဝင်သွားလာခွင့်တောင်းခံမှုရှိသည်ဟု သိရသော်လည်း တိုးမြှင့်ယူထားသော ကားခနှုန်းမှာ ပြန်လည်ဈေးနှုန်းချပေးခြင်းရှိနိုင်မည့် အလားအလာမရှိဟု စားအုန်းဆီထုတ်ယူသူများက ဆိုသည်။ ကားခဈေးနှုန်းမြင့်တက်မှုအကြောင်းပြ၍ ဆီဈေးကွက်တွင် ပုံမှန်ယူနေကျအကျိုးအမြတ်ထက် ပိုမိုငွေကြေးမြှင့်တင်ရယူမှုများ ရှိလာသည်။

စားအုန်းဆီထုတ်ကားခ၊ စားအုန်းဆီဈေးနှုန်း ပိုမိုမြင့်တက်လာသကဲ့သို့ ကုန်သေတ္တာယာဉ်ကားခများတွင်လည်း ညအိပ်ကြေး၊ နေ့ကျော်ကြေး၊ ယာဉ်မောင်းပွဲပိုးကြေးများ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၅ ရက်မှစ၍ ယာယီသတ်မှတ်တောင်းခံသွားမည့်အကြောင်းကြားမှု ရှိလာသည်။

ယခုအခါ နေ့ပိုင်းအချိန်ကန့်သတ်၍ သွားလာခွင့်တောင်းခံမှုများ ကုန်သေတ္တာတင်ယာဉ်နှင့် စားအုန်းဆီထုတ်ယာဉ်များအသိုင်းအဝိုင်းတွင် ကြားသိလာရသည်။ သက်ဆိုင်ရာမှ ဖြေလျှော့မှုပေးလာချိန်တွင် မူလကားခနှုန်းများအတိုင်း ပြန်လည်ကျဆင်းပေးရန်လည်း ကုန်ပို့သူများက မျှော်လင့်သည်။ သို့မဟုတ်ပါက ယာဉ်ပိတ်ဆို့မှုပြေလျော့ရေး စီစဉ်ဆောင်ရွက်ရာတွင် သယ်ယူပို့ဆောင်ခဈေးနှုန်းမြင့်လာမှုနှင့်အတူ ကုန်သည်အချို့ ကုန်ဈေးနှုန်းမြင့်တက်မှုများရှိလာသည်ဟု အများပြည်သူအနေဖြင့် အထင်မြင်မှားမှုများဖြစ်ပေါ်လာနိုင်သည်။ တားမြစ်ထားသော စည်းကမ်းချက်များ ရန်ကုန်မြို့တွင်း ယာဉ်လမ်းကြောင်းများတွင် အလေးထားလိုက်နာရန် အထူးလိုအပ်နေသည်ကို ယနေ့နံနက်ပိုင်း ကြုံတွေ့ရသော စက်သုံးဆီဆိုင်အထွက်လမ်းဖြစ်စဉ်နှင့် ကွန်ကရစ်ကမ်းနားလမ်းသစ်အဝင်မှ ကြည့်မြင်တိုင်ညဈေး မှတ်တိုင်ဝန်းကျင်အထိ ကုန်သေတ္တာတင်ယာဉ်ကြီးများ မြို့တွင်းသွားလမ်းကြောပေါ်အပြည့် ပိတ်ဆို့ရပ်ထားသည့်ဖြစ်စဉ်နှစ်ရပ်မှ ညွှန်းဆိုပြသနေသည်ဟု မြင်တွေ့ခဲ့သည့် ဘုရင့်နောင်ပွဲရုံလုပ်ငန်းရှင်အချို့က ပြောသည်။

**(မောင်စေအောင်)**

❑



# ရန်ကုန်မြို့ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**
စက်ဘီးအားကစားနည်းကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန်၊ စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်လာစေရန်နှင့် မျိုးဆက်သစ်စက်ဘီးအားကစားသမားများပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် ရန်ကုန်မြို့ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ယနေ့နံနက် ၆ နာရီက ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ပဒေသာကွင်းရှေ့ သုမင်္ဂလာလမ်း၌ကျင်းပရာ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် ခရိုင်/မြို့နယ်အရာရှိများ၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌဦးကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများနှင့် စက်ဘီးစီးအားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တောင်ဥက္ကလာပမြို့နယ် ပဒေသာကွင်းရှေ့ သုမင်္ဂလာလမ်းမှ တာထွက်ရာ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်က သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးခဲ့ပြီး သုမင်္ဂလာလမ်းမှ ပါရမီလမ်း၊ ပြည်ထောင်စုလမ်းမမှ တောင်/မြောက်လမ်းဆုံ၊ လေးထောင့်ကန်လမ်းမှ ဝေဇယန္တာလမ်းအတိုင်း သစ္စာလမ်းမှ တောင်ဥက္ကလာပဒေသကွင်းသို့ စုပေါင်းစက်ဘီးစီးနင်း၍ ပြန်လည်ပန်းဝင်ခဲ့ကြောင်း သိရသည်။

**အား/ကာ(ရန်ကုန်)**

# ကာယဗလမောင်နှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**
မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၇ ခုနှစ် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ကာယဗလမောင်နှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။

ကာလဗလမောင်ပြိုင်ပွဲသို့ (၅၅) ကီလိုတန်း ၁၀ ဦး၊ (၆၀) ကီလိုတန်း ၁၀ ဦး၊ (၆၅) ကီလိုတန်း ခုနစ်ဦး၊ (၇၀) ကီလိုတန်း ငါးဦး၊ (၇၀) ကီလိုတန်းအထက် သုံးဦးနှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ၁၀ ဦး ဝင်ရောက် ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် (၅၅)ကီလိုတန်းမှ ပထမ မောင်စု၊ ဒုတိယ မောင်ပြည့်စုံ၊ တတိယ ပြည်ဖြိုးခိုင်၊ (၆၀) ကီလိုတန်းမှ ပထမ အောင်မျိုးလွင်၊ ဒုတိယ မျိုးဇော်ဦး၊ တတိယ မင်းခန့်၊ (၆၅) ကီလိုတန်းမှ ပထမ မျိုးမင်း၊ ဒုတိယ မျိုးမင်းသန့်၊ တတိယ သန့်ဇော်မျိုး၊ (၇၀)ကီလိုတန်းမှ ပထမ မင်းဇော်ထိုက်၊ ဒုတိယ သန်းထိုက်၊ တတိယ အောင်ရဲမွန်၊ (၇၀) ကီလိုတန်းအထက်မှ ပထမ ခန့်ထက်ကျော်၊ ဒုတိယ ရဲမာန်အောင်၊ တတိယ ကိုဖြိုးတို့အား မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ် အမှုဆောင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ အဓိက ကူညီပံ့ပိုးသော ကုမ္ပဏီများက ဆုများပေးအပ်ကြသည်။

ယင်းနောက် အမျိုးသမီးကာယကြံ့ခိုင်မှု ဆုရသူများအနက်မှ အကြီးတန်း အမျိုးသမီးပထမဆုရရှိသော မယဉ်မိုးအေးအား လည်းကောင်း၊ ကီလိုတန်းအလိုက်ကာယဗလမောင်ပြိုင်ပွဲ၌ (၇၀) ကီလိုတန်းတွင် ပထမရရှိသော မောင်ထက်လင်းကိုကို အားလည်းကောင်း ၂၀၁၇ ခုနှစ် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုမောင်မယ်များအဖြစ် ရွေးချယ်ပြီး ပြည်ထောင်စု မောင်မယ်ဆုများ ထပ်မံချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(စောသိန်းဝင်း)**



ဒိုင်အဖွဲ့ဝင် ဒေါက်တာသဇင်လွင် ကာယဗလမောင်တစ်ဦးအား ဆုချီးမြှင့်စဉ်။



၂၀၁၆ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်နေစဉ်။

# ၂၀၁၇ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် အသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**
မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၇ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲကို မတ် ၁ ရက်မှစ၍ ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည် ဖြစ်သည်။ ပထမနေ့ နံနက် ၈ နာရီခွဲတွင် ရာမညအသင်းနှင့် Titan XII အသင်း၊ နံနက် ၁၀ နာရီခွဲတွင် PU အသင်းနှင့် UM အသင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် မြို့မအသင်းနှင့် White Colour အသင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် လက်ရှိချန်ပီယံ MIC အသင်းနှင့် ရန်ကုန်စီးတီးအသင်း၊ ညနေ ၄ နာရီခွဲတွင် VUCအသင်းနှင့် UPT အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယခုနှစ်ပြိုင်ပွဲတွင် ဖူဆယ်လိဂ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နေသည့်အသင်းအရေအတွက် တိုးမြင့်လာခဲ့ပြီး အသင်း ၁၀ သင်းအထိ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယခုနှစ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ MIC အသင်းအပါအဝင် ပုံမှန်ယှဉ်ပြိုင်နေသည့်အသင်းများ ဖြစ်သောရန်ကုန်စီးတီးအသင်း၊ UPT အသင်း၊ VUC အသင်း၊ မြို့မအသင်း၊ PU အသင်းတို့အပြင် အသင်းသစ်အဖြစ် ရာမညအသင်း၊ Titan XII အသင်း၊ UM အသင်းနှင့် White Colour အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပထမအကျော့ပွဲစဉ်များကို မတ် ၁ ရက်မှ ဧပြီ ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များကို အပတ်စဉ် စနေနေ့များတွင် ပုံမှန်ကျင်းပမည်ဖြစ်ပြီး ဗုဒ္ဓဟူးနေ့တွင် တစ်ပတ်ခြား ကျင်းပမည်ဖြစ်သည်။ ယခုပြိုင်ပွဲကို မြန်မာဘရူဝါရီလီမိတက်က အမေရိကန်ဒေါ်လာ ၆၀၀၀၀ ဖြင့် ကူညီပံ့ပိုးပေးထားပြီး ဆုကြေးများအဖြစ် ပထမဆုကျပ်သိန်း ၅၀၊ ဒုတိယဆု ကျပ်သိန်း ၃၀၊ တတိယဆု ကျပ်သိန်း၂၀၊ စတုတ္ထဆု ကျပ် ၁၀ သိန်း ချီးမြှင့်မည်ဖြစ်သည်။ ယခုပြိုင်ပွဲတွင် ချန်ပီယံဆုရရှိသည့်အသင်းမှာ ယခုနှစ်အတွင်းကျင်းပမည့် ၂၀၁၇ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

ဖူဆယ်လိဂ်ပြိုင်ပွဲကို ၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် စတင်ကျင်းပခဲ့ပြီး လိဂ်ပြိုင်ပွဲစတင်ကျင်းပစဉ်က ACE အသင်းက အောင်မြင်မှုများရယူနိုင်ခဲ့သော်လည်း လက်ရှိတွင် MIC အသင်းက ချန်ပီယံဆုကိုနှစ်ကြိမ်ဆက်တိုက် ရယူထားနိုင်သည်။

**သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**

# အကောက်ခွန်မဲ့ပစ္စည်းများ သိမ်းဆည်းရမိ

**သိန္နီ ဖေဖော်ဝါရီ ၂၆**
သိန္နီမြို့နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် သတင်းအရ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့်ယာဉ်များကို တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌တားဆီးစစ်ဆေးရာ ယာဉ်အမှတ် 5E----- ၁၂ ဘီးယာဉ်ပေါ်တွင် စားသောက်ကုန်ပစ္စည်းများ၊ ယာဉ်အမှတ် 7L--- Hino Canter ယာဉ်ပေါ်တွင် စားသောက်ကုန်ပစ္စည်းများ၊ ယာဉ်အမှတ် 2D---- အောင်ကျော်မိုး ခရီးသည်တင်ယာဉ်ပေါ်တွင်ပါလာသည့် Speaker များ၊ ယာဉ်အမှတ် DD--- Nissan ADVAN ယာဉ်ငယ်ပေါ်တွင် အဝတ်အထည်များ၊ ယာဉ်အမှတ် CC---- Probox ယာဉ်ငယ်ပေါ်တွင် အဝတ်အထည်များ၊ ယာဉ်အမှတ် 6K---- Nissan Lightruck ATLAS ခြောက်ဘီးယာဉ်ပေါ်တွင် စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အမှတ် 4L- --- Fuso Lightruck ခြောက်ဘီးယာဉ်ပေါ်တွင် စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အမှတ်1K---- Nissan Lightruck ATLAS ခြောက်ဘီးယာဉ်ပေါ်တွင် စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အမှတ် 71M---- Fuso Canter ခြောက်ဘီးယာဉ်ပေါ်တွင် စားသောက်ကုန်ပစ္စည်းများအား အကောက်ခွန်မဲ့စစ်ဆေးတွေ့ရှိသဖြင့် ပစ္စည်းများကို အသေးစိတ်စစ်ဆေးခြင်း၊ တန်ဖိုးဖြတ်ခြင်းများ ဆောင်ရွက်ရန် လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ချစ်လှ(ပြန်/ဆက်)**



# မောင်တောမြို့နယ်၌ လူ သုံးဦးက ခမီးလူမျိုး နှစ်ဦးအား ဓား၊ ပုဆိန်တို့ဖြင့် တိုက်ခိုက်မှု ဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**
မောင်တောမြို့နယ် သရေကုန်းဘောင် (နတလ)ကျေးရွာအနီး၌ ဖေဖော်ဝါရီ ၂၄ ရက် ညနေပိုင်းက ခမီးလူမျိုးနှစ်ဦးအား အမည်မသိ လူ သုံးဦးက ပုဆိန်၊ ဓားများဖြင့် တိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့သည်။

အဆိုပါ ခမီးလူမျိုး နှစ်ဦးသည် မောင်တောမြို့နယ် သရေကုန်းဘောင် (နတလ) ကျေးရွာအနီးတောစပ်သို့ ဟင်းစားရှာရန် ရောက်ရှိလာစဉ် အမည်မသိ လူ သုံးဦးက ပုဆိန်၊ ဓားများဖြင့် လာရောက် တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ဖြစ်စဉ်တွင် ခမီးလူမျိုး အောင်ကျော်စိန်(၄၆)နှစ်၏ ယာကျောတွင် ပြတ်ရှဒဏ်ရာ တစ်ချက် (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် ဘူးသီးတောင်ဆေးရုံသို့ ပို့ဆောင်ထားပြီး ထွန်းသာမောင်(၂၈)နှစ်မှာ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးနေသဖြင့် လုံခြုံရေးအဖွဲ့များက လိုက်လံရှာဖွေလျက်ရှိကြောင်း သိရသည်။

အဆိုပါ တိုက်ခိုက်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပရီမီယာလိဂ်ဖလားဆွတ်ခူးပေးခဲ့သည့် နည်းပြများ ထုတ်ပယ်ခံနေရသည့်မှတ်တမ်းကြောင့်

# ချယ်လ်ဆီးနည်းပြ ကွန်တီ အတွက် စိုးရိမ်စရာဖြစ်နေ



ယခု နောက်ပိုင်းနှစ်များတွင် ပရီမီယာလိဂ်ဖလားဆွတ်ခူးခဲ့သည့် နည်းပြများ ထုတ်ပယ်ခံနေရသည် မှတ်တမ်း ကြောင့် ယခုနှစ်ရာသီတွင် ချယ်လ်ဆီးအသင်း ပရီမီယာလိဂ် ဖလားဆွတ်ခူးခဲ့မည်ဆိုပါက နည်းပြ ကွန်တီအတွက် စိုးရိမ်စရာအခြေအနေပင်ဖြစ်ကြောင်း ကောက်နုတ်ဖော်ပြချက်များရှိနေသည်။

မော်ရင်ဟိုနှင့်ရာနီရေရီတို့ စတေးခံခဲ့ရပြီးနောက် ပရီမီယာလိဂ်ချန်ပီယံဟူသော ဝိသေသလက္ခဏာမှာ နည်းပြများအတွက် အိပ်မက်ဆိုးကိုပင် ဖန်တီးနိုင်သည်ဟူသော ထင်မြင်ချက်များလည်း ထွက်လာခဲ့သည်။ ပြီးခဲ့သည့်နှစ်ရာသီအတွင်း ပရီမီယာလိဂ်ချန်ပီယံဆု ရယူပေးထားသည့် မော်ရင်ဟို ၂၀၁၅ ခရစ္စမတ်ကာလ မတိုင်မီ ထုတ်ပယ်ခံခဲ့ရသလို ရာနီရေရီလည်း ဖေဖော်ဝါရီ ၂၃ရက်တွင် ထုတ်ပယ်ခံလိုက်ရသည်။

မော်ရင်ဟိုက ကွန်တီအနေဖြင့် အဆိုပါဖြစ်စဉ်များကို စဉ်းစားပြီး ဖြစ်လောက်သည်ဟု သရော်စကားဆိုခဲ့သည်။ လက်ရှိကာလတွင် ပရီမီယာလိဂ် ချန်ပီယံဆုရယူပေးထားသည့်နည်းပြများမှာ တစ်ရာသီ (သို့မဟုတ်) နှစ်ရာသီလောက်အကြာတွင် ထုတ်ပယ်ခံနေရသည့်မှတ်တမ်းများကြောင့် ချန်ပီယံဆုဖလားသည်ပင် နည်းပြများကို အကြပ်ရိုက် မျက်ဖြူစိုက်စေသည့် ကိစ္စရပ် ဖြစ်နေသလားဆိုသည်မှာလည်း မေးခွန်းထုတ်စရာဖြစ်လာခဲ့သည်။

မန်စီးတီးအသင်းက လိဂ်ဖလားဆွတ်ခူးပေးခဲ့သည့် ပယ်လီဂရီနီနေရာတွင် ဂွါဒီယိုလာဖြင့် အစားထိုးခန့်အပ်ခဲ့သလို နည်းပြဗန်ဟားလ်မှာလည်း အက်ဖ်အေဖလား ဆွတ်ခူးပေးပြီး နောက်နှစ်ရက်အကြာမှာပင် မန်ယူနည်းပြအဖြစ်မှ ထုတ်ပယ်ခံလိုက်ရသည်။ ယင်းသို့သော အခြေအနေများကြောင့် အင်္ဂလန်ဘောလုံးလောကအတွင်း ကျင်လည်နေသူ နည်းပြများသည် ချန်ပီယံဆု ဆွတ်ခူးပေးနိုင်ကြသော်လည်း အာမခံချက်မရရှိသည့် အနေအထားမျိုး တွေ့ကြုံနေရသည်။

ရာနီရေရီနှင့် လက်တွဲအလုပ်လုပ်ဖူးသည့် ခရိုတ်ခ်ရှိတ်စပီးယားနှင့် မိုက်အော်ဝဲလ်တို့ကမူ ရလဒ်ဆိုးလျှင်မည်သူမျှ အာမခံချက်ရရှိမည်မဟုတ်သောကြောင့် ရာနီရေရီ၏ ဖြစ်စဉ်မှာ သာမန် ဖြစ်ရိုးဖြစ်စဉ်ပင်ဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။

မော်ရင်ဟိုက ချယ်လ်ဆီးနည်းပြအဖြစ်မှ ထုတ်ပယ်ခံခဲ့ရပြီးနောက် ဘရာဇီးသို့ အပန်းဖြေခရီးသွားရောက်ခဲ့ပြီး အသစ်တစ်ဖန်လတ်ဆတ်သည့် အတွေးအခေါ်များ ရရှိရန်အားမွေးခဲ့ရကြောင်း ပြန်ပြောင်းပြောကြားခဲ့သည်။

မော်ရင်ဟိုက “ကျွန်တော် ခရစ္စမတ်နဲ့ နှစ်သစ်ကာလတွေမှာလည်း ပရီမီယာလိဂ်ပွဲစဉ်တွေကို အမြဲကြည့်ရှုခဲ့ပြီး ငါသာဆိုရင်ဘယ်လို ပုံစံနဲ့ ရင်ဆိုင်မလဲဆိုတာကိုပါတွေးပြီး ကြိုပြင်ဆင်ခဲ့တယ်။ ဒါပေမယ့် သမိုင်းဆိုတာ ဖျောက်ဖျက်ပစ်လို့ မရတာကြောင့် ကိုယ်လုပ်ခဲ့သမျှ အရာတိုင်းက မှတ်တမ်းအဖြစ် တင်ကျန်ရစ်နေမှာဖြစ်ပါတယ်။ ဒါကြောင့် ချန်ပီယံဖလားရရှိတဲ့ နည်းပြကတော့ နည်းပြပါပဲ” ဟု ဆိုခဲ့သည်။

အင်္ဂလန်ဘောလုံးလောကတွင် ပြီးခဲ့သည့် ဘောလုံးရာသီက ချန်ပီယံဆု ရယူပေးနိုင်သည့် နည်းပြအများစုမှာ ထုတ်ပယ်ခံရမှုများနှင့် လမ်းခွဲမှုများကိုသာ မြင်တွေ့နေရပြီး ချန်ပီယံရှစ် ချန်ပီယံဆုကို ရယူပေးခဲ့သည့် ဘန်လေနည်းပြ စီယံဒက်ရှ်တစ်ဦးသာ လက်ရှိကလပ်အသင်းနှင့် ဆက်လက်လက်တွဲဆဲဖြစ်သည့် တစ်ဦးတည်းသော နည်းပြဖြစ်နေသည်။ ပရီမီယာလိဂ်ဖလားဆွတ်ခူးပေးခဲ့သည့် နည်းပြ ရာနီရေရီက ချန်ပီယံဆုရယူပြီး ၂၉၈ ရက်အကြာ ထုတ်ပယ်ခံရသလို အက်ဖ်အေဖလားရယူပေးခဲ့သူ မန်ယူနည်းပြ ဗန်ဟားလ်က နှစ်ရက်အကြာ၊ လိဂ်ဖလားရယူပေးခဲ့သူ မန်စီးတီးနည်းပြပယ်လီဂရီနီက ၁၂၂ ရက်အကြာ၊ လိဂ်ဝမ်းချန်ပီယံဝီဂန်အသင်းနည်းပြ ဂယ်ဝက်ကောလ်က ၁၇၃ ရက်အကြာတွင် ထုတ်ပယ်ခံခဲ့ရသည်။ ထို့ပြင်လိဂ်တူးကလပ် နော့ဟမ်တန်အသင်းနည်းပြ ခရစ္စဝေးလ်ဒါက ချန်ပီယံဆုဖလားဆွတ်ခူးပြီး ငါးရက်အကြာမှာပင် ကလပ်အသင်း နှင့် လမ်းခွဲသွားခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ဆွမ်ဆီးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ယူနိုင်ခဲ့ပြီးနောက် မန်ယူနှင့်မန်စီးတီးအသင်းတို့ ပွဲစဉ်မယှဉ်ပြိုင်မီ ဒုတိယနေရာမှ မန်စီးတီးအသင်းကို ၁၁ မှတ်အထိ ဖြတ်ပြီးဦးဆောင်ထားနိုင်သည်။ ယခုနှစ်တွင် ပရီမီယာလိဂ်ဖလားဆွတ်ခူးရန် အလားအလာ အကောင်းဆုံးဖြစ်နေသည့် ချယ်လ်ဆီးအသင်းပဲ့ကိုင်ရှင်ကွန်တီလည်း မဝေးတော့သည့် အနာဂတ်ကာလတွင် အင်္ဂလန်ဘောလုံးလောက၏ ထုတ်ပယ်ခံနည်းပြတစ်ဦး ဖြစ်လာမည်လားဆိုသည်မှာလည်း စိတ်ဝင်စားဖွယ်ကောင်းနေသည်။ **မေလှဲ့သင်း**

| ၂၀၁၂ခုနှစ်နောက်ပိုင်း ပရီမီယာလိဂ်ဖလားဆွတ်ခူးခဲ့သည့် နည်းပြများ | | |
|---|---|---|
| ခုနှစ် | အမည် | ချန်ပီယံဖြစ်ပြီးကလပ်အသင်းနှင့် လမ်းခွဲမှုအခြေအနေ |
| ၂၀၁၂ | ရောဘတ်တိုမန်စီနီ( မန်စီးတီး) | ၃၆၅ ရက်အကြာတွင် ထုတ်ပယ်ခံရ |
| ၂၀၁၃ | ဖာဂူဆန်(မန်ယူ) | ယင်းနေ့မှာပင် အနားယူ |
| ၂၀၁၄ | ပယ်လီဂရီနီ( မန်စီးတီး) | ၇၈၁ ရက်အကြာတွင် ထုတ်ပယ်ခံရ |
| ၂၀၁၅ | မော်ရင်ဟို(ချယ်လ်ဆီး) | ၂၀၇ ရက်အကြာတွင် ထုတ်ပယ်ခံရ |
| ၂၀၁၆ | ရာနီရေရီ( လက်စတာစီးတီး) | ၂၉၈ ရက်အကြာတွင် ထုတ်ပယ်ခံရ |

## အာဆင်နယ်တွင် နေရာပျောက်နေသည့် လူကပ်စ်ပီရက်ဇ်ကို ဆီဗီလာခေါ်ယူရန် ကြိုးပမ်းမည်

လာလီဂါကလပ် ဆီဗီလာအသင်းက အာဆင်နယ်အသင်းတွင် ပုံမှန်ပွဲထွက်ခွင့်မရရှိသည့် တိုက်စစ်မှူး လူးကပ်စ်ပီရက်ဇ် ၏ အခြေအနေကို စိတ်ဝင်တစား စောင့်ကြည့်နေပြီး နွေဈေးကွက်အတွင်း ခေါ်ယူရန် ကြိုးပမ်းလိမ့်မည်ဖြစ်ကြောင်း စပိန်မှလာသော သတင်းရင်းမြစ်များ၏ ဖော်ပြချက်အရ သိရသည်။

ပီရက်ဇ်ကို အာဆင်နယ်အတွက် သွင်းဂိုးခုနစ်ဂိုးအထိ သွင်းယူပေးထားသော်လည်း ပွဲထွက်ကစားခွင့် အကန့်အသတ်ရှိနေသဖြင့် အသင်းပြောင်းရန် စဉ်းစားလာခြင်းဖြစ်သည်။

ပီရက်ဇ်ကို ဆီဗီလာအပြင် ပရီမီယာလိဂ်ကလပ်အသင်းနှစ်ခုကလည်း ခေါ်ယူရန် ချိတ်ဆက်နေသည်ဟုသိရသော်လည်း အသင်းအမည်များကို ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပေ။ အာဆင်နယ်အသင်းက ပီရက်ဇ်အား ဝယ်ယူစဉ်က ပေးချေခဲ့ရသည့် ပေါင် ၁၇ ဒသမ ၁ သန်းပြန်လည်ရရှိလျှင် ထုတ်ရောင်းရန် အခြေအနေရှိနေသည်။ ပီရက်ဇ်မှာ ယခုတစ်ပတ် ပရီမီယာလိဂ်ပွဲစဉ် ကစားရန်မရှိသဖြင့် စပိန်သို့ခေတ္တပြန်မည်ဖြစ်ရာ ဆီဗီလာအသင်း၏ ချိတ်ဆက်မှုများ ပိုမိုရှေ့တိုး ဆောင်ရွက်ရန်လည်း အလားအလာရှိနေသည်။

အာဆင်နယ်နည်းပြ ဝင်းဂါးက ယခုနှစ် အာဆင်နယ် ဗဟိုတိုက်စစ်နေရာအတွက် ဆန်းချက်ဇ်ကို ဦးစားပေးပွဲထွက် ကစားခွင့်ပေးလေ့ရှိပြီး ဒုတိယဦးစားပေးအဖြစ် ဂီရော့ဒ်ကို အသုံးပြုလေ့ရှိသည်။ ထို့ကြောင့် ပီရက်ဇ်မှာ ပွဲထွက်ချိန် ကန့်သတ်မှုကြောင့် လာမည့်နွေတွင် အာဆင်နယ်မှ ထွက်ခွာနိုင်ခြေရှိသည့် ကစားသမားအဖြစ် နာမည်ထွက်နေခြင်းဖြစ်သည်။

**မေလှဲ့သင်း**

# ဘိုင်ယန်မြူးနစ်အသင်းနည်းပြ အန်စလော့တီ နည်းပြဘဝတွင် ပွဲ(၁၀၀၀)ပြည့်မြောက်ခဲ့




ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းနည်းပြ အန်စလော့တီသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဟမ်းဘတ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် တာဝန်ယူကိုင်တွယ်ခဲ့ခြင်းအားဖြင့် နည်းပြဘဝတွင် ပွဲ(၁၀၀၀) ပြည့်မြောက်သည့်ပွဲစဉ်ဖြစ်လာခဲ့သည်။

ယင်းသို့ နည်းပြဘဝတွင် ပွဲ(၁၀၀၀)ပြည့်ကိုင်တွယ်ခဲ့ခြင်းသည် နည်းပြအန်စလော့တီအတွက် နည်းပြဘဝကို ၂၁ နှစ်နီးပါးဖြတ်သန်းခဲ့ရာတွင် သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ နည်းပြအန်စလော့တီသည် အေစီမီလန်အသင်း၊ ရီးယဲလ်မက်ဒရစ်အသင်း၊ ချယ်လ်ဆီးအသင်းစသည့် အသင်းများနှင့်အတူ အောင်မြင်မှုများ ရယူနိုင်ခဲ့သည့်နည်းပြလည်းဖြစ်သည်။

အန်စလော့တီသည် အေစီမီလန်အသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလားနှစ်ကြိမ်၊ ရီးယဲလ်မက်ဒရစ်အသင်းနှင့် အတူချန်ပီယံလိဂ်ဖလားတစ်ကြိမ်နှင့် ချယ်လ်ဆီးအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလားနှင့် အက်ဖ်အေဖလားတို့ကို ရယူနိုင်ခဲ့သည်။ထို့ပြင် ပီအက်စ်ဂျီအသင်းနှင့်အတူ ပြင်သစ်ပထမတန်းဖလားနှင့် လက်ရှိကာလတိုအတွင်းမှာ ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ဂျာမန်စူပါဖလားကို ဆွတ်ခူးထားနိုင်ခဲ့သည်။

အန်စလော့တီသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် အတူ လက်ရှိတွင် ဘွန်ဒက်လီဂါဖလားအမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၂)နေရာမှ အသင်းကို ငါးမှတ်ဖြတ်ကာ ထိပ်ဆုံး၌ဦးဆောင်ထားနိုင်ခဲ့သည်။ ချန်ပီယံလိဂ်(၁၆) သင်းအဆင့်တွင်လည်း အာဆင်နယ်အသင်းကို ပထမအကျော့၌ ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် ကွာတားဖိုင်နယ်တက်ရန် လည်း နီးစပ်နေခဲ့သည်။

နည်းပြအန်စလော့တီသည် နည်းပြဘဝ ၉၉၉ ပွဲတွင် ပွဲပေါင်း ၅၉၀ အထိနိုင်ပွဲရရှိထားခဲ့ပြီး အောင်မြင်မှုရာခိုင်နှုန်းမှာ ၅၉ ရာခိုင်နှုန်းအထိ ရှိထားခဲ့သည်။ နည်းပြဘဝတစ်လျှောက် အသင်းတစ်သင်းတည်းကိုသာ ကာလ ကြာရှည်ကိုင်တွယ်ခဲ့သည့်အသင်းမှာ အီတလီစီးရီးအေကလပ်အေစီမီလန်အသင်းဖြစ်ပြီး အေစီမီလန်အသင်းနှင့်အတူ ခုနစ်နှစ်ခွဲကြာဖြတ်သန်းခဲ့ရာတွင် ဆုဖလားရှစ်လုံးအထိ ရယူနိုင်ခဲ့သည်။

**(ငွေကြယ်)**

# စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သုဝဏ္ဏမြို့သစ်၊ (၁၀)ရပ်ကွက်၊ နှင်းဆီနီလမ်း၊ အမှတ်(၁၀၅/၁၀၆)နေ
ဦးအောင်သန်းဦး(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း)-ဒေါ်အေးမြင့် (Director,Nineseas Group of Companies) တို့၏တစ်ဦးတည်းသောသား

**ဒေါက်တာမျိုးခန့်ကိုကို**
**M.B.,B.S(Ygn)**
**Executive Director (Nineseas Travels and Tours)**

**နှင့်**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ မြို့ပတ်လမ်းနေ ဦးကြည်ဝင်း-ဒေါ်ခင်စန်းဝင်း(အထက၊ လှည်းကူး)တို့၏သမီးငယ်

**ဒေါက်တာစုမြတ်မောင်မောင်**
**M.B.,B.S(Ygn)**
**Second Year M.Med.Sc(Radiology)**
**ဆေးတက္ကသိုလ်-၂၊ ရန်ကုန်**

တို့၏ ၂၅-၂-၂၀၁၇ရက်တွင် ရန်ကုန်မြို့ Novotel Yangon Maxဟိုတယ်၌ ကျင်းပသော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် စုလျားရစ်ပတ်ဘိသိက်သွန်းလောင်းပေးသော သရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင် (ငြိမ်း)နှင့် ဇနီးဒေါ်ခင်သန့်စင်၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဦးသော်တာမွန်းနှင့် ဇနီးဒေါက်တာနော်သဲလ်စေ[(ပါမောက္ခ/ဌာနမှူး)၊ ဓာတ်မှန်ပညာဌာန၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်]တို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယသမ္မတ(၁)ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ(၂) ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာနော်ရွှေလွှမ်းတို့အားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဗိုလ်ချုပ်ကြီးများ၊ ဒုတိယဗိုလ်ချုပ်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ UMFCCI CEC/ECများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌနှင့် CEC/ECများ၊ မြန်မာနိုင်ငံဆန်စက်ပိုင်ရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၏ CEC/ECများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းများဖြင့် ပေးပို့ချီးမြှင့်ကြသော လူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားမှူး/ မင်္ဂလာဘိသိက်အဖြစ် ဆောင်ရွက်ပေးပါသော စန္ဒရားဗိုလ်မြင့်သန်း၊ မင်္ဂလာအခါတော်တေးသီဆိုပေးပါသော ရွှေယမင်းဦးနှင့် တီးခတ်ဖျော်ဖြေပေးပါသော မြန်မာမှုတေးဂီတ အလင်္ကာဝတ်ရည်အဖွဲ့၊ မြန်မာမှုဆိုင်းဖြင့် ဖျော်ဖြေတီးခတ်ပေးပါသော ရွှာစားလေး ထက်အာကာ၊ မင်္ဂလာပန်းကြဲပေးပါသော ဒေါက်တာမေဖြူခင်၊ ဒေါက်တာဟေမာအောင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော ဒေါက်တာသိမ့်သိမ့်အောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းကိုင်ဆောင်ပေးပါသော ဒေါက်တာဝင့်ယမုံကျော်သူ၊ မင်္ဂလာသတို့သားအရံ ဒေါက်တာမိုးဇော်ဟိန်းနှင့် ဒေါက်တာရန်နောင်စိုး၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာယဉ်မှုမှုမြင့်နှင့် ဒေါက်တာမြတ်သီရိ၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော မင်းသက်စံ (Sweet and Smart Fashion Collection)၊ မိတ်ကပ်နှင့် ဆံပင်အလှဆင်ပေးပါသော လင်းလင်း(Make Up Artist)၊ ပန်းအလှဆင်ပေးပါသော မာမီကျော်(မလေးရှား)၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော (Exposure Photostudio)၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးပါသော ခရမ်းစိန်ရွှေရတနာဆိုင် ဗိုလ်ချုပ်ဈေး၊ တက်ရောက်ချီးမြှင့်ပေးပါသော မိတ်ဆွေအပေါင်းအသင်းများ၊ Novotel Yangon Maxဟိုတယ်မှ အစားအသောက်နှင့် အစစအရာရာကူညီပံ့ပိုးပေးပါသော Management Teamနှင့် ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် ကဏ္ဍအသီးသီးမှ အစစအရာရာအားတက်သရော ကူညီပံ့ပိုးပေးပါသော မိတ်ဆွေများနှင့် ဝန်ထမ်းများကို အထူးကျေးဇူးတင်ရှိပါသည်။ ၂၅-၂-၂၀၁၇ရက်တွင် Western Park Royal ၌ ပြုလုပ်ခဲ့သော ညနေပိုင်းဧည့်ခံပွဲတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ကိုကျော်ထက်အောင်၊ ရွှေထွက်ပန်းကိုင် မောင်ထက်မြတ်မောင်နှင့် မရွှေရူပါမင်းသန့်၊ မင်္ဂလာပန်းကြဲပေးပါသော မအိစံပယ်ဖြူနှင့် မအိသဥ္ဇာအေး၊ မင်္ဂလာအခမ်းအနားပြင်ဆင်ပေးပါသော မာမီကျော်(မလေးရှား)၊ မိတ်ကပ်နှင့် ဆံပင်အလှဆင်ပေးပါသော လင်းလင်း(Make Up Artist)၊ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော Peter Bridal Garden၊ Designer ဖြိုးပြည့်၊ တေးဂီတဖြင့်ဖျော်ဖြေပေးပါသော ROS Band၊ မင်္ဂလာကိတ် ချီးမြှင့်ပေးပါသော Cake For You၊ အစားအသောက်နှင့် အစစအရာရာ ကူညီပံ့ပိုးပေးပါသော Western Park Royalမှဝန်ထမ်းများ၊ မင်္ဂလာဧည့်ခံပွဲကို လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ကြပါသော မိတ်ဆွေများအားလုံး၊ လူကြီးမိဘများနှင့် သူငယ်ချင်းများ၊ ကျေးဇူးတင်ထိုက်သူများကို နှစ်ဖက်မိဘများနှင့်တကွ ကျွန်တော်/ကျွန်မတို့မှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ရှိပါသည်။

**နှစ်ဖက်မိဘများနှင့်**
**ဒေါက်တာမျိုးခန့်ကိုကို-ဒေါက်တာစုမြတ်မောင်မောင်**

## စေတနာ(အခမဲ့)ဆေးခန်း နှစ်ပတ်လည်အခမ်းအနားတွင် ဆေးအလှူရှင်များအားဂုဏ်ပြု

**ကျောက်ကုန်း ဖေဖော်ဝါရီ ၂၆**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် စေတနာ(အခမဲ့)ဆေးကုခန်း အလှူရှင်ဂုဏ်ပြုလွှာ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆေးခန်းကြီးကြပ်ဆောင်ရွက်ရေးကော်မတီ အတွင်းရေးမှူး ဦးမင်းဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး နာယကကြီး ဦးသန်းဌေးက ဆေးခန်းဆောင်ရွက်နိုင်မှုအခြေအနေများအဖြစ် တစ်နှစ်ကာလအတွင်း လူနာ ၂၅၄၉ ဦး ကုသပေးနိုင်ခဲ့ကြောင်း၊ တစ်နေ့တာဆေးဖိုးအလှူငွေကို ကျပ်ငါးသောင်းသတ်မှတ်ထားရာ အလှူရှင် ၇၇ ဦး လှူဒါန်း၍ ကျပ် ၃၆ သိန်းကျော် ရရှိခဲ့ကြောင်း၊ တစ်နှစ်တာကာလမှာ စုစုပေါင်းကုန်ကျငွေကျပ် ၄၂ သိန်းကျော် ကုန်ကျခဲ့သဖြင့် မင်္ဂလာမြန်မာ ဓမ္မကွန်ရက် လူမှုကူညီရေးအဖွဲ့မှ ခြောက်သိန်းကျော် စိုက်ထုတ်သုံးစွဲခဲ့ရကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မဲဆန္ဒနယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်၊ ဆရာဝန်များကိုယ်စား ဒေါက်တာသန်းနိုင်ဦးနှင့် ဆေးအလှူရှင်များကိုယ်စား ဦးဝင်းဝင်းထွန်းတို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ထို့နောက် ဆေးဒါနအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြသည်။ စေတနာ(အခမဲ့)ဆေးကုခန်းသည် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖွင့်လှစ်ကုသပေးလျက်ရှိပြီး ဒေါက်တာအေးနိုင်၊ ဒေါက်တာသန်းနိုင်ဦး၊ ဒေါက်တာဇေယျာလင်း၊ ဒေါက်တာဇာဇာဝင့်၊ ဒေါက်တာအောင်မျိုးဇော်၊ ဒေါက်တာသန္တာအောင်တို့မှ အပတ်စဉ်အလှည့်ကျ ဆေးကုသပေးလျက်ရှိသည်။

၂၀၁၃ ခုနှစ် စက်တင်ဘာ ၂ ရက်မှစတင်၍ ဖွင့်လှစ်ခဲ့ရာ ယခုဆိုလျှင် သုံးနှစ်ပြည့်မြောက်ပြီဖြစ်ပြီး အခမ်းအနားအပြီး ၂၀၁၇ ခုနှစ်အတွက် ဆေးဒါနအလှူရှင်များက လှူဒါန်းလျက်ရှိရာ အလှူငွေကျပ် သုံးသိန်းကျော် ရရှိကြောင်း ဆေးခန်းကြီးကြပ်ရေးကော်မတီဝင်တစ်ဦးက ပြောသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



## သတင်းမှားယွင်းဖော်ပြမှုအတွက် ဦးလှရွှေအား တောင်းပန်ခြင်း

(၂၃-၂-၂၀၁၇)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၉)နှင့် The Global New Light of Myanmar သတင်းစာ စာမျက်နှာ (၆)တို့တွင် ဖော်ပြခဲ့သည့် "ကျောင်းသားသမဂ္ဂ အဆောက်အအုံ ပြန်လည်တည်ဆောက်ရေး အကြိုညှိနှိုင်းအစည်းအဝေးပြုလုပ်"သတင်းတွင် ၁၉၆၂ ခုနှစ် ကျောင်းသားသမဂ္ဂခေါင်းဆောင် ဦးလှရွှေ၏အမည်အား "ကြက်လှရွှေ/ Kjat Hla Shwe" ဟု သုံးနှုန်းခဲ့ခြင်းမှာ ဂုဏ်သိက္ခာထိခိုက်ညှိုးနွမ်းစေခဲ့သဖြင့် တောင်းပန်အပ်ပါသည်။

ထို့အပြင် ဦးလှရွှေသည် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်းမရှိသည်ကို "တက်ရောက်ခဲ့သည်"ဟု မှားယွင်းစွာဖော်ပြခဲ့မိသည့်အတွက် မိမိ၏အမှားကို ဝန်ခံအပ်ပါသည်။

(၂၄-၂-၂၀၁၇)ရက်နေ့ထုတ် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့တွင် သတင်းမှားယွင်းမှုအတွက် ပြင်ဆင်ဖတ်ရှုပေးပါရန် ထည့်သွင်းဖော်ပြ၍လည်း တောင်းပန်ခဲ့ပြီးဖြစ်ပါသည်။

အထက်ပါ ကိစ္စရပ်နှစ်ခုအတွက် ကာယကံရှင် ဦးလှရွှေ (ဘ)ဦးချစ်ညွှန့်နှင့်တကွ မိသားစုဝင်များ၊ မိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များအား ကျွန်တော်မှ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ဖြင့် အနူးအညွတ် ထပ်မံတောင်းပန်အပ်ပါသည်။

**ကိုလတ်(သတင်းစဉ်)**

## လှိုင်မြို့နယ် မြနန္ဒာလမ်းနှင့် မြရတနာလမ်း စက်ယန္တရား၊ လူအင်အားများဖြင့် ရေစီးရေလာကောင်းရေးဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**
လှိုင်မြို့နယ်အတွင်း မိုးရာသီ၌ ရပ်ကွက်အတွင်းပိုင်းရှိ ရေနုတ်မြောင်းများ ရေလျှံမှုမရှိစေရေးအတွက် ပိတ်ဆို့အမှိုက်၊ နုန်းသဲများအား စက်ယန္တရား၊လူအင်အားများဖြင့် ဆယ်ယူရှင်းလင်းဆောင်ရွက်နေရာ ဖေဖော်ဝါရီ ၂၅ ရက်က မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းကြီးကြပ်၍ အမှတ်(၅)ရပ်ကွက်ရှိ မြနန္ဒာလမ်းနှင့် မြရတနာလမ်းတစ်လျှောက် ရေနုတ်မြောင်းကို စက်ယန္တရား၊ လူအင်အားများဖြင့် ဆယ်ယူရှင်းလင်း ဆောင်ရွက်နေမှုတို့ကို မြင်တွေ့ရသည်။

"မြစ်ထွက်ပေါက်ချောင်းတွေနဲ့ ရပ်ကွက်ပတ်လမ်းအဓိကရေနုတ်မြောင်းတွေကို ဆယ်ယူထားပြီးပါပြီ။ အခုဆောင်ရွက်နေတာ ရပ်ကွက်ထဲက ရေနုတ်မြောင်းတွေ ပိတ်ဆို့နေတဲ့အတွက် လုပ်ငန်းမကြန့်ကြာအောင် စက်ယန္တရား၊ လူအင်အားနဲ့ ဆယ်ယူရှင်းလင်း ဆောင်ရွက်နေတာပါ"ဟု မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းက ပြောသည်။

ရန်ကုန်မြို့တွင် မိုးရာသီရောက်တိုင်း ကားလမ်းအချို့ ရေလျှံမှုများကြုံတွေ့ရပြီး ရေလျှံမှုဖြစ်စဉ်များကို နေ့စဉ်ထုတ်သတင်းစာများ၌ ဖော်ပြခဲ့ကြသည်။ မျက်မှောက်ကာလတွင် ရေနုတ်မြောင်းများအား စနစ်တကျပြန်လည်ဆောင်ရွက်နေသကဲ့သို့ စနေနေ့တိုင်း အထူးသန့်ရှင်းရေးအသွင်ဖြင့် လည်းကောင်း၊ ကျန်ရက်များတွင် ရေစီးရေလာကောင်း ရေးလုပ်ငန်းကိုလည်းကောင်း ပုံမှန်ဆောင်ရွက်နေကြောင်း သိရသည်။

**(မောင်သုည)**

# ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေ ပြဋ္ဌာန်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်း**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**
**၁၃၇၈ ခုနှစ်၊ လ ရက်**
**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ပြည်တွင်းရေကြောင်းပို့ဆောင်ရေး**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းဖြစ်သော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကို ဆိုသည်။

(င) **ဆိပ်ကမ်းများ**ဆိုရာတွင် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် ရေယာဉ်များ သွားလာနိုင်သော မြစ်များ၊ ချောင်းများ၊ တူးမြောင်းများနှင့် ကမ်းရိုးတန်းတစ်လျှောက် မြို့၊ ရွာများရှိရေယာဉ် ဆိုက်ကပ်နိုင်သော ဆိပ်ကမ်းများပါဝင်သည်။ ထို့အပြင်ဆိပ်ကမ်း လုပ်ငန်းများနှင့် ဆက်စပ်သော နယ်မြေများလည်း ပါဝင်သည်။

(စ) **ရေယာဉ်**ဆိုသည်မှာ ရေကြောင်းသွားလာရာ၌ စက်တပ်၊ သို့မဟုတ် စက်မဲ့ရေယာဉ်ကို ဆိုသည်။ ယင်းစကားရပ်တွင် သစ်ဖောင်၊ ဝါးဖောင် တို့လည်း ပါဝင်သည်။

(ဆ) **စက်ရုံ၊ အလုပ်ရုံ**ဆိုသည်မှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ပိုင် သင်္ဘောကျင်းများရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနနှင့်အလုပ် ဌာနခွဲများကို ဆိုသည်။

(ဇ) **ဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ အခကြေးငွေ၊ အဖိုးအခ အဖိုးစားနား သို့မဟုတ် ကတိနှင့် ညီညွတ်ချက်ဖြင့် ဆောင်ရွက်ပေးသည့်လုပ်ငန်းကိုဆိုသည်။ အစိုးရအဖွဲ့က ဝန်ဆောင်မှု လုပ်ငန်းဖြစ်သည်ဟု အခါအားလျော်စွာ သတ်မှတ်သည့်လုပ်ငန်း များလည်း ပါဝင်သည်။ ယင်းစကားရပ်တွင် ရေယာဉ်ဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဖျော်ဖြေမှုလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်း၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်လုပ်ငန်းများလည်း ပါဝင်သည်။

(ဈ) **စီမံခန့်ခွဲရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့်ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး စီမံခန့်ခွဲရေးအဖွဲ့ကို ဆိုသည်။

(ည) **ဦးဆောင်ညွှန်ကြားရေးမှူး** ဆိုသည်မှာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူးကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံအတွင်း ရေယာဉ်များသွားလာနိုင်သည့် မြစ်များ၊ ချောင်းများနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ဘေးအန္တရာယ် ကင်းရှင်း ပြီး လုံခြုံမှုရှိစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ခ) ပြည်သူလူထု၏ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေးတို့တွင် အဓိကကျသည့် ကုန်စျေးနှုန်းတည်ငြိမ်ကျဆင်းရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ရေကြောင်းသယ်ယူပို့ဆောင် ရေးအဖြစ် ဆောင်ရွက်နိုင်ရန်၊

(ဂ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ စီမံအုပ်ချုပ်မှုနှင့် ငွေကြေး သုံးစွဲမှုစနစ်တို့ကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ရေရှည် ရပ်တည်နိုင်သည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းအဖြစ် ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်၊

(ဃ) ရေကြောင်းသယ်ယူပို့ဆောင်ရေးကို ဥပဒေနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

**အခန်း(၃)**
**ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဖွဲ့စည်းခြင်းနှင့် ယင်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၄။ (က) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကို အစိုးရအဖွဲ့ကအတည်ပြု ထားသည့်ဖွဲ့စည်းပုံနှင့်အညီ တည်ထောင်ထားရှိရမည်။

(ခ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ဝန်ထမ်းများအတွက် ရပိုင်ခွင့်နှင့် အကျိုးခံစားခွင့်များကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက် ရမည်။

၅။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည်-

(က) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ တည်ဆဲဥပဒေအရ လုပ်ငန်း တာဝန်များကို အောင်မြင်စွာဆောင်ရွက်ရန် တရားဝင်လုပ်ပိုင် ခွင့်များ အပ်နှင်းခြင်းခံရသော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်း ဖြစ်သည်။

(ခ) နိုင်ငံတော်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ရင်းနှီး ငွေများကိုလည်းကောင်း၊ ပိုင်ဆိုင်မှုပစ္စည်းတွင်ပါဝင်သော ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်း များကို ဆက်ခံရမည်။

(ဂ) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ခွင့်၊ တရားစွဲဆိုခွင့်နှင့် စွဲဆို ခံပိုင်ခွင့်၊ နိုင်ငံတော်က သတ်မှတ်ပေးထားသောပိုင်ဆိုင်မှု ပစ္စည်းများအားလုံးတို့ကို ရယူခွင့်၊ လက်ဝယ်ထားရှိခွင့်နှင့် ပိုင်ဆိုင်ခွင့်များရှိသည်။

၆။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) နိုင်ငံတော်အတွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်း များကို ဆောင်ရွက်ခြင်းနှင့် ဤဥပဒေအရ အခြားဆက်စပ်သည့် ရေယာဉ်ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) ဝန်ကြီးဌာနက သတ်မှတ်ထားသော မြစ်ကြောင်းများနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ရေယာဉ်များဖြင့် ခရီးသည် နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဂ) သင်္ဘောကျင်းများနှင့် ရေယာဉ်တည်ဆောက် ပြင်ဆင်ခြင်းဆိုင်ရာ လုပ်ငန်းများအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ၊ စက် ပစ္စည်းကိရိယာများနှင့် စက်သုံးဆီများ ဝယ်ယူဖြည့်တင်းခြင်း၊

(ဃ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပြည်တွင်း ပြည်ပ ပုဂ္ဂလိကနှင့် အဖွဲ့အစည်းပိုင် ရေယာဉ်များကို မွမ်းမံပြင်ဆင်ခြင်း၊ ရေယာဉ် အသစ် တည်ဆောက်ရောင်းချခြင်းနှင့် အခြားလုပ်ငန်းများကို လက်ခံဆောင်ရွက်ခြင်း၊

(င) အစိုးရအဖွဲ့က ဖြစ်စေ၊ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ဖြစ်စေ ပေးအပ်သော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် သက်ဆိုင် သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(စ) အမျိုးသားအကျိုးစီးပွား၊ အမျိုးသားလုံခြုံရေးအတွက် အစိုးရ အဖွဲ့၊ ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သောတာဝန် များကို ဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံတော်ပိုင်ပစ္စည်းများနှင့် ဘဏ္ဍာငွေများကို လေလွင့်၊ ဆုံးရှုံး၊ ပျက်စီး၊ ပျောက်ဆုံးမှု မရှိစေရန် ကြီးကြပ်ထိန်းသိမ်းခြင်း၊

(ဇ) ဝင်ငွေနှင့်အကျိုးအမြတ်တိုးပွားစေရေးအတွက် ဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စရပ်များကို အစိုးရအဖွဲ့၊ ဝန်ကြီးဌာန၏ သဘော တူညီမှုဖြင့် ဆောင်ရွက်ခြင်း၊

(ဈ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ရရန်ရှိသည့် ငွေကြေးများကို တည်ဆဲဥပဒေနှင့်အညီ အရကောက်ခံ၍ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေစာရင်းသို့ ပေးသွင်းခြင်း၊

(ည) ငွေကြေးသုံးစွဲမှုဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ စီမံခန့်ခွဲခြင်း။

၇။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ဝန်ထမ်းများက ယင်းတို့တာဝန်ယူ ဆောင်ရွက်ရသည့် လုပ်ငန်းများကို အောင်မြင်မှုရရှိရန် တာဝန်ခံ၍ စီမံ ကြီးကြပ်ဆောင်ရွက်ရမည်။

၈။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်း ဖြစ်သည်-

(က) ရေယာဉ်၊ ဗောတံတားနှင့် အခြားလိုအပ်သည့်ပစ္စည်းများကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ အငှားချထားခြင်း၊

(ခ) ကုန်လှောင်ရုံနှင့် ကမ်းတက်ဆိပ်များကို တည်ဆောက်ခြင်း၊ အငှားချထားခြင်း၊

(ဂ) ရေကြောင်းလမ်းများတစ်လျှောက်ရှိ မြို့၊ ရွာများတွင် ကုန်စည် များ လက်ခံတင်ဆောင်ခြင်းနှင့် သိုလှောင်ဖြန့်ဖြူးခြင်းတို့ကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပိုင်ခွင့်၊

(ဃ) လုပ်ငန်းဆိုင်ရာ ဝန်ဆောင်ခနှုန်းများ၊ လုပ်ခနှုန်းများ၊ ထုတ်လုပ်မှု စံနှုန်းများ၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သည့် ဝန်ဆောင်ခနှုန်း များ၊ အလုပ်ချိန်များ၊ အလုပ်ခွင် စည်းမျဉ်းစည်းကမ်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ်မှတ်ပိုင်ခွင့်၊ ပြင်ဆင်ပိုင်ခွင့်၊

(င) ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်သွယ်မှု လုပ်ငန်းများနှင့် ရေယာဉ်တည်ဆောက်မှု လုပ်ငန်းများကို ပြည်တွင်း ပြည်ပ လုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင် ရွက်ပိုင်ခွင့်၊

(စ) မိမိလုပ်ငန်းအတွက် လိုအပ်သည့် မြေ၊ ဆိပ်ကမ်း၊ အဆောက်အအုံ တို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက် များနှင့်အညီ သုံးစွဲပိုင်ခွင့်၊

(ဆ) အစိုးရအဖွဲ့၏သဘောတူညီမှုဖြင့် ဆောင်ရွက်ရန် လိုအပ်သော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် စက်ပစ္စည်းနှင့် စက် ကိရိယာများ၊ မြေ၊ အဆောက်အအုံများနှင့် အခြားပိုင်ဆိုင်ခွင့် များကို သက်ဆိုင်ရာ လုပ်ငန်းများအတွက် ပြည်တွင်း ပြည်ပ လုပ်ငန်းရှင်များကို ငှားရမ်းခွင့်၊ အကျိုးတူပူးပေါင်းဆောင်ရွက် ပိုင်ခွင့်၊

(ဇ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များကို ပြည်တွင်း လုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ပိုင်ခွင့်၊

(ဈ) ငှားရမ်းခ၊ အခနှုန်းထားများသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြန်အမ်းခြင်း၊ လျှော့ပေါ့ခြင်းနှင့် အရကောက်ခံခြင်းတို့ ဆောင် ရွက်ပိုင်ခွင့်၊

(ည) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက် များနှင့်အညီ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်၊ ယာဉ်နှင့် အသုံးမလိုသည့် ပစ္စည်းများ၊ ရေယာဉ်ပြင်ဆင်ရာမှ ရရှိသည့် အသုံးမလိုသည့် ပိုလျှံပစ္စည်းများကို ထုခွဲရောင်းချခြင်း နှင့် လဲလှယ်ခြင်းတို့ဆောင်ရွက်ပိုင်ခွင့်၊

(ဋ) အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် လုပ်ငန်း သဘောတူစာချုပ်များ ချုပ်ဆိုခြင်း၊

(ဌ) ရေယာဉ်များကို တစ်စင်းချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပပုဂ္ဂလိကနှင့်အဖွဲ့ အစည်းများအား ငှားရမ်းခြင်း၊

(ဍ) ကူးတို့ရေယာဉ်များ ပြေးဆွဲခြင်း၊

(ဎ) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက် များနှင့်အညီ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် မြေနှင့် အဆောက်အအုံများကို အသုံးပြု၍ ဝန်ဆောင်မှုလုပ်ငန်းများ ကိုဆောင်ရွက်ခြင်း၊

(ဏ) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ခွင့်ပြုချက်ရရှိထားသည့် အသိဉာဏ် ပစ္စည်းဆိုင်ရာမူပိုင်ခွင့်နှင့် စပ်လျဉ်း၍ မည်သူ့ကိုမဆို မိမိခွင့်ပြု ချက်မရရှိဘဲ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ အသုံးပြုခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်လျှင် တရား စွဲဆိုပိုင်ခွင့်။

**အခန်း(၄)**
**စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၉။ ဝန်ကြီးဌာနသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ရေကြောင်း သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန် ဦးဆောင် ညွှန်ကြားရေးမှူးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၏ အထွေထွေမန်နေဂျာနှင့် ဌာနမှူးများက အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်သော စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၁၀။ စီမံခန့်ခွဲရေးအဖွဲ့၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ တာဝန်များကို အောင်မြင်စွာ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ နှင့်အညီ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့်သက်ဆိုင်သော ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ၊ ဝန်ဆောင်မှု လုပ်ငန်းများ၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ၊ ဝန်ထမ်းရေးရာနှင့် ရေယာဉ်ရေးရာ ကိစ္စရပ်များကို နိုင်ငံတော်နှင့် ပြည်သူများအကျိုး ကို ရှေ့ရှု၍ စီမံခန့်ခွဲခြင်း။

၁၁။ စီမံခန့်ခွဲရေးအဖွဲ့၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လုပ်ပိုင်ခွင့်များကို အောင်မြင်စွာ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လုပ်ပိုင်ခွင့်ထက်ကျော်လွန် သော စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းနှင့် အညီ ဝန်ကြီးဌာနသို့တင်ပြဆောင်ရွက်ခြင်း။

**အခန်း(၅)**
**ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့်စာရင်းများ**

၁၂။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည်-

(က) နိုင်ငံတော်၏ တည်ဆဲဥပဒေအရ ကျသင့်သည့် အခွန်အခများကို ပေးသွင်းရမည်။

(ခ) ဘဏ္ဍာရေးနှစ်အလိုက် စုစုပေါင်း အရအသုံး ခန့်မှန်းခြေငွေစာရင်း များကို ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းတွင် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ ထည့်သွင်းရေးဆွဲရမည်။

(ဂ) မြန်မာကျပ်ငွေနှင့် နိုင်ငံခြားသုံးငွေများကို သီးခြားစီ ဘဏ်စာရင်း ဖွင့်လှစ်ထားရှိရမည်။

(ဃ) နိုင်ငံတော်က ပြဋ္ဌာန်းထုတ်ပြန်ထားသည့် ဘဏ္ဍာရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက် ရမည်။

(င) အောက်ပါစာရင်းများကို ဝန်ကြီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်-

(၁) ဝန်ထမ်းအင်အားစာရင်း၊

(၂) ငွေသားအခြေအနေ၊

(၃) ကုန်ပစ္စည်းထုတ်လုပ်သည့်၊ ရောင်းဝယ်သည့် သို့မဟုတ် ဝန်ဆောင်သည့် စာရင်း၊

(၄) အရှုံး၊ အမြတ်စာရင်း၊

(၅) လက်ကျန်ရှင်းတမ်း။

(စ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် လုပ်ငန်းနှင့် စာရင်းများ ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုကို ခံယူရ မည်။

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

### အခန်း(၆)
### တားမြစ်ချက်

၁၃။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကိုမပြုရ-

(က) ရေယာဉ်ခပေးဆောင်ခြင်းမှ ကင်းလွတ်ရန်ရည်ရွယ်ချက်ဖြင့် အသုံးပြုပြီးလက်မှတ်ဟောင်းကိုသုံးစွဲ၍ဖြစ်စေ၊ ရေယာဉ်ခ ကြိုတင်ပေးဆောင်ခြင်း မပြုဘဲဖြစ်စေ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်တွင် စီးနင်းလိုက်ပါခြင်း သို့မဟုတ် စီးနင်းလိုက်ပါရန် အားထုတ်ခြင်း၊

(ခ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်ရေယာဉ်တွင် ခရီးတစ်ခုအတွက် လက်မှတ်ဝယ်ယူစီးနင်းလိုက်ပါပြီးနောက် အဆိုပါခရီးကို ကျော်လွန်ကြောင်းသိလျက်နှင့် နောက်ထပ်ရေယာဉ်ခကြိုတင်ပေးဆောင်ခြင်းမပြုဘဲ တမင်ဆက်လက် စီးနင်းလိုက်ပါခြင်း သို့မဟုတ် စီးနင်းလိုက်ပါရန် အားထုတ်ခြင်း၊

(ဂ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်တွင် ခရီးတစ်ခုအတွက် လက်မှတ်ဝယ်ယူစီးနင်းလိုက်ပါပြီးနောက် အဆိုပါခရီးသို့ ရောက်ရှိကြောင်း သိလျက်နှင့် ရေယာဉ်မှထွက်ခွာရန် တမင်ပျက်ကွက်ခြင်း သို့မဟုတ် ငြင်းဆန်ခြင်း၊

(ဃ) အမှန်တကယ်ကျသင့်သော ရေယာဉ်ခကို ပေးဆောင်ခြင်းမှ ကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်ရေယာဉ်တွင် ရေယာဉ်နေရာ အဆင့်အတန်းတစ်ခုအတွက် ရေယာဉ်ခပေးဆောင်လျက် ထိုနေရာ အဆင့်အတန်းထက်မြင့်သောသီးသန့်နေရာတွင် သို့မဟုတ် အခန်းတွင် စီးနင်းလိုက်ပါခြင်း၊

(င) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်ရေယာဉ်တွင် စီးနင်းလိုက်ပါလျက် ရေယာဉ်လက်မှတ် မဝယ်ယူခြင်း သို့မဟုတ် ရေယာဉ်၏ အရာထမ်း၊ အမှုထမ်းများက ရေယာဉ်လက်မှတ်ထုတ်ပြရန် တောင်းဆိုသည့်အခါ ရေယာဉ်လက်မှတ် ထုတ်ပြရန် ပျက်ကွက်ခြင်း၊

(စ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်ရေယာဉ်တွင် စီးနင်းလိုက်ပါသောသူတစ်ဦးအတွက် ကျသင့်သောရေယာဉ်ခကို ပေးဆောင်ခြင်းမှ ကင်းလွတ်စေရန် ရည်ရွယ်ချက်ဖြင့် လက်မှတ်စစ်ကို လိမ်လည်ပြသနိုင်စေခြင်းအလို့ငှာ မိမိ၏လက်မှတ်ကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းပေးခြင်း၊ အခြားသူတစ်ဦးဦးက လက်ခံရယူခြင်း၊

(ဆ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်ရေယာဉ်ပေါ်တွင် ခရီးသည်အတွက် နေရာကို တစ်နည်းနည်းဖြင့်ရယူလျက် ထိုနေရာကို အဖိုးအခဖြင့် ရောင်းချခြင်းသို့မဟုတ် ရောင်းရန်အားထုတ်ခြင်း သို့မဟုတ် လူစီးလက်မှတ်ကို အကျိုးအမြတ်ရယူ၍ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊

(ဇ) ကုန်တင်ခပေးဆောင်ခြင်းမှ လုံးဝကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ကုန်တင်ခ အပြည့်ပေးဆောင်ခြင်းမှ ကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်ပေါ်တွင် တရားမဝင်သော နည်းလမ်းဖြင့် ကုန်ပစ္စည်းများတင်ဆောင်ခြင်း သို့မဟုတ် တင်ဆောင်ရန်အားထုတ်ခြင်း၊

(ဈ) မိမိနှင့်အတူ ယူဆောင်လာသော ပစ္စည်းများအတွက် တန်ဆာခ ပေးဆောင်ခြင်းမှ ကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့် ကျသင့်သော တန်ဆာခကို လုံးဝပေးဆောင်ခြင်းမပြုဘဲ သို့မဟုတ် အပြည့်အဝ ပေးဆောင်ခြင်းမပြုဘဲ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်တွင် မိမိနှင့်အတူ ပစ္စည်းများသယ်ဆောင်ခြင်း သို့မဟုတ် တင်ဆောင်ရန်အားထုတ်ခြင်း။

### အခန်း(၇)
### စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၄။ မည်သူမဆို ပုဒ်မ ၁၃ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်းတွေ့ရှိပါက ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ပေးအပ်ထားသော စစ်ဆေးပိုင်ခွင့်ရှိသူသည် ထိုသူကို အောက်ပါအတိုင်း စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်ရမည်-

(က) ပုဒ်မခွဲ(က)မှ (ဆ)အထိ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်းတွေ့ရှိပါက ထိုသူကို ခရီးစဉ် ခရီးသည်လက်မှတ်ခနှုန်း၏ သုံးဆနှင့်ညီမျှသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ခ) ပုဒ်မခွဲ (ဇ) နှင့် (ဈ) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်းတွေ့ရှိပါက ထိုသူကို ခရီးစဉ် ကုန်တင်တန်ဆာခနှုန်း၏ ငါးဆနှင့်ညီမျှသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း။

၁၅။ (က) ပုဒ်မ ၁၄ အရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ကို မကျေနပ်သူသည် ယင်းဒဏ်ငွေကို ပေးသွင်းပြီး ဦးဆောင်ညွှန်ကြားရေးမှူးထံ ရက်ပေါင်း ၃၀ အတွင်း အယူခံနိုင်သည်။

(ခ) ဦးဆောင်ညွှန်ကြားရေးမှူးသည် ပုဒ်မခွဲ (က)အရ အယူခံမှုကိုစိစစ်ပြီး ယင်းဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) ဦးဆောင်ညွှန်ကြားရေးမှူး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

### အခန်း(၈)
### အထွေထွေ

၁၆။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များကို ငှားရမ်းအသုံးပြုရာတွင် သတ်မှတ်ထားသည့် ကာလအတွင်းအသုံးပြုသည့် ရေယာဉ်များ ပျက်စီးခြင်း သို့မဟုတ် နစ်မြုပ်ခြင်းများအတွက် ငှားရမ်းသုံးစွဲသူက စတင်ရယူအသုံးပြုစဉ် အခြေအနေအတိုင်း ပြန်လည်အပ်နှံရမည် သို့မဟုတ် ရေယာဉ်၏ကာလတန်ဖိုးအတိုင်း ပေးလျော်ရမည်။

၁၇။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ဤဥပဒေပါစီမံခန့်ခွဲရေးနည်းလမ်းအရ ကောက်ခံသည့် ဒဏ်ကြေးငွေကို ပေးဆောင်ရန် ပျက်ကွက်သူထံမှ အခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ သတ်မှတ်ချက်နှင့်အညီ အရကောက်ခံခွင့်ရှိသည်။

၁၈။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ပစ္စည်းများသည် ပြည်သူပိုင်ပစ္စည်းများဖြစ်သည်။

၁၉။ လျော်ကြေးငွေ၊ ကြွေးကျန်များ၊ ပြည်သူပိုင်ပစ္စည်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၀။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ အရာထမ်း၊ အမှုထမ်းအားလုံးသည် ဤဥပဒေအရ ပေးအပ်သောတာဝန်ကို ထမ်းဆောင်ချိန်တွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၂၁။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ဘဏ္ဍာရေးနှစ်အလိုက် နှစ်စဉ် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဝန်ကြီးဌာနသို့ အစီရင်ခံ တင်ပြရမည်။

၂၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၃။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၅၁။ )ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

## ဝမ်းတွင်းမြို့နယ် ရွှေတောင်-ကြပ်ကန်-ကူနီမြေသားလမ်းခင်းခြင်းလုပ်ငန်းအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး



**ဝမ်းတွင်း ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်အတွင်းရှိ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ရွှေတောင်-ကြပ်ကန်-ကူနီမြေသားလမ်းခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်၍ မြန်မာ့ခေတ်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရွှေတောင်-ကြပ်ကန်-ကူနီ အရှည် ၅ မိုင် ၆ ဖာလုံရှိ မြေသားလမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်း၊ တိုင်းဒေသကြီးမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး၍ ဒုတိယညွှန်ကြားရေးမှူးချုပ်က လမ်း မိုင်/ဖာလုံတိုင်များ၊ side slope များ သေသပ်စွာဆောင်ရွက်ရန်၊ Compaction ကောင်းစွာမရရှိသေးသောနေရာများတွင် သတ်မှတ် CRBရရှိအောင် ဂျင်းမြေဖြင့် ဖြန့်ခင်း၍ ရေဖျန်းစက်ကြိတ်သွားရန် လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် မြို့နယ်ရုံးရှိ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး အချင်းချင်း စည်းစည်းလုံးလုံးဖြင့် ဌာန၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်သွားရန်နှင့် ပေ ၄၀ အမြင့် ၂၄ ပေရှိ RC နှစ်ထပ်အမျိုးအစားဖြစ်သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရုံး အဆောက်အအုံဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

---

## ဝမ်ဘန်းရွာအဝင် ကွန်ကရစ်တံတားဖွင့်လှစ်ပြီးစီးပြီဖြစ်သဖြင့် ကျေးလက်နေပြည်သူများ သွားလာမှုအဆင်ပြေ

**မိုင်းယောင်း ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် ဝမ်တပ်ကျေးရွာအုပ်စု ဟိုရမ်းကျေးရွာနှင့် ဝမ်ဘန်းကျေးရွာချင်းဆက် ဝမ်ဘန်းရွာအဝင်ကွန်ကရစ်တံတားကို ဖေဖော်ဝါရီ ဒုတိယပတ်က ဖွင့်လှစ်ခဲ့ပြီး ဟိုရမ်း၊ ဝမ်ဘန်း၊ ဝမ်လုတ်၊ ဝမ်လဲ၊ ဝမ်တုံ့နှင့် ဝမ်တုန်ကျေးရွာများရှိ ကျေးလက်နေပြည်သူများ၏ သွားလာမှု အဆင်ပြေလျက်ရှိကြောင်း သိရသည်။

'အရင်တံတားက ခိုင်ခံ့မှုအားနည်းတော့ မိုးတွင်းချောင်းရေလျှံတက်လာရင် ရွာသားတွေ ရင်တထိတ်ထိတ်နဲ့ဖြတ်ကူးသွားလာကြရပါတယ်။ ခုဆိုရင် စိတ်အေးလက်အေးနဲ့ သွားလာနိုင်ပြီးတော့ ကျေးရွာထွက်ကုန်တွေကိုလည်း တစ်ရွာနဲ့တစ်ရွာ အလွယ်တကူ သယ်ယူရောင်းဝယ်ဖောက်ကားလာနိုင်လို့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနဲ့ လူမှုရေးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာပြီး ကျေးလက်လူနေမှုအဆင့်အတန်းမြင့်မားစေမှုကို အထောက်အကူပြုပေးလျက်ရှိပါတယ်'ဟု ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

အဆိုပါတံတားသည် သံကူကွန်ကရစ်အမျိုးအစားဖြစ်၍ အလျားပေ ၄၀၊ အကျယ် ၁၄ ပေနှင့်အမြင့် ၁၂ ပေရှိပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးခွင့်ပြုရန်ပုံငွေကျပ် ၃၀ ဒသမ ၄ သန်းဖြင့် စိုင်းရဲန်ရွက်အုပ်စုကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

---

## ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အရည်အသွေးပြည့်ဝမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**နမ့်ဆန် ဖေဖော်ဝါရီ ၂၆**

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် စစ်ဆေးမှုကော်မတီများက ဖေဖော်ဝါရီ ၁၉ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေး တိုင်းတာကြည့်ရှုသော ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၄၀ ဒသမ ၄၀ သန်းဖြင့် ဟိုမိန်းတောင်ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသော အရှည် ခြောက်မိုင် မြေသားလမ်း ဖောက်လုပ်ပြီးစီးမှု၊ ခွင့်ပြုငွေကျပ် ၅၇၈ ဒသမ ၂ သန်းဖြင့် ဆောင်ရွက်လျက်ရှိပြီး အဆိုပါ ဟဲခမ်း-အုမ်းမစွမ် ကတ္တရာလမ်းငါးမိုင် ဖောက်လုပ်ဆောင်ရွက်ပြီးစီးမှု၊ ခွင့်ပြုငွေကျပ် ၂၂ ဒသမ ၅ သန်းဖြင့် လမ်းဦးစီးမှ ဆောင်ရွက်လျက်ရှိသော ကျောက်မဲ-မိုင်းငေါ့-နမ့်ဆန်လမ်း Box Culvert ငါးစင်းနှင့် ရှမ်းပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေကျပ် ၃၅၃ ဒသမ ၉၉ သန်းဖြင့် ပြည်နယ်လျှပ်စစ်မှ ဆောင်ရွက်လျက်ရှိသော မန်နောက်ကျေးရွာ လျှပ်စစ်ဓာတ်အား ရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**ကျောက်မဲခရိုင်(ပြန်/ဆက်)**

**သဘာဝစွမ်းအင် မကုန်ခန်းစေဖို့ ပြန်ပြည့်ဖြိုးမြဲစွမ်းအင် သုံးစွဲစို့**




## ဩစတြေးလျသို့ ပြောင်းရွှေ့နေထိုင်ကြတော့မယ့် မိုင်လီဆိုင်းရပ်စ်နဲ့ လီယမ်ဟမ်းစ်ဝါ့သ်

လာမယ့် နွေရာသီအတွင်း မင်္ဂလာပွဲကျင်းပသွားဖို့ စီစဉ်ထားကြတဲ့ ဟောလိဝုဒ်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ မိုင်လီဆိုင်းရပ်စ်နဲ့ လီယမ်ဟမ်းစ်ဝါ့သ်တို့ဟာ လာမယ့်နှစ်အတွင်း ဩစတြေးလျကို ပြောင်းရွှေ့နေထိုင်သွားကြဖို့ စီစဉ်ထားကြောင်း လတ်တလောမှာ သတင်းတွေပေါ်ထွက်လာခဲ့ကြောင်း အော့စ်ရှီးဘစ်ဇ်ဒေ့ါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ မိုင်လီဆိုင်းရပ်စ်နဲ့ နာမည်ကျော်သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ လီယမ်ဟမ်းစ်ဝါ့သ်တို့ဟာ မင်္ဂလာပွဲဆင်နွှဲပြီးတဲ့နောက် လီယမ်ရဲ့မွေးရပ်ဇာတ်မြေဖြစ်တဲ့ ဩစတြေးလျမှာ အခြေချနေထိုင်သွားရန်စီစဉ်ထားကြတာကြောင့် ယခုလိုပြောင်းရွှေ့နေထိုင်ကြဖို့ ဆုံးဖြတ်ထားခဲ့ခြင်းဖြစ်ကြောင်းလည်း သိရပါတယ်။

မိုင်လီဆိုင်းရပ်စ်နဲ့ ရင်းနှီးသူတစ်ဦးရဲ့ပြောကြားချက်အရ မိုင်လီဆိုင်းရပ်စ်ဟာ ဩစတြေးလျမှာ နေထိုင်ရတာကိုနှစ်သက်ပြီး ကိုယ့်အိမ်ကိုယ့်ယာလို ခံစားရစေတဲ့အတွက် ပြောင်းရွှေ့နေထိုင်လိုတာဖြစ်ပြီး လီယမ်အနေနဲ့လည်း ဩစတြေးလျက မိသားစုတွေဆီ မကြာခဏ သွားရောက်ကြည့်ရှုနေရတဲ့အတွက် ယခုလိုစီစဉ်ထားခြင်းဖြစ်ကြောင်းလည်း သိရပါတယ်။

ဒါ့အပြင် မိုင်လီဆိုင်းရပ်စ်ဟာ သူ့ရဲ့မင်္ဂလာပွဲကို ဟိမဝန္တာတောင်တန်းတွေပေါ်က တစ်နေရာမှာ ကျင်းပလိုပြီး ဟိန္ဒူဘာသာကိုစိတ်ဝင်စားတာကြောင့် ယင်းဘာသာထွန်းကားရာနေရာဖြစ်တဲ့ နီပေါနိုင်ငံသို့သွားရောက်ကာ မင်္ဂလာပွဲကျင်းပဖို့ စီစဉ်ထားကြောင်းနဲ့ သူ့ရဲ့မင်္ဂလာပွဲကိုတက်ရောက်လာမယ့် ဧည့်သည်တွေအနေနဲ့လည်း တရားထိုင်ခြင်း၊ ယောဂကျင့်ခြင်း၊ ဆင်စီးခြင်း၊ ဂီတာတီးခြင်း၊ ကခုန်ခြင်းနဲ့ ကြယ်စုံတဲ့ညကောင်းကင်ကို ခံစားရင်းအိပ်စက်နိုင်ခြင်း အစရှိတဲ့ အစီအစဉ်များစွာကိုလုပ်ဆောင်နိုင်ရန်စီစဉ်ထားကြောင်းလည်း သိရပါတယ်။

# " Jurassic World 2" ရုပ်ရှင်စတင်ရိုက်ကူး

စိတ်လှုပ်ရှားဖွယ်ရုပ်ရှင် " Jurassic World 2"ရဲ့ နောက်ဆက်တွဲရုပ်ရှင်အဖြစ် ဒုတိယမြောက်ရုပ်ရှင်ကို လတ်တလောမှာ စတင်ရိုက်ကူးနေပြီဖြစ်တယ်လို့ အဆိုပါရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ထားတဲ့ ပင်တိုင်ဇာတ်ဆောင်မင်းသမီးတစ်ဦးဖြစ်သူ ဘရေ့စ်ဒဲလက်စ်ဟောင်းဝက်ဒ်က ဖွင့်ဟပြောကြားလာခဲ့ကြောင်း အော့စ်ရှီးဘစ်ဇ်ဒေ့ါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ "Jurassic World" ရုပ်ရှင်မှာ အဓိကဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ ကလဲယာနေရာကနေပါဝင်သရုပ်ဆောင်ထားတဲ့ မင်းသမီး ဘရေ့စ်ဒဲလက်စ်ဟောင်းဝက်ဒ်က ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၄ ရက်မှာ ရုပ်ရှင်သစ်ကို ရိုက်ကူးလျက်ရှိပြီး သူကိုယ်တိုင်လည်း ပါဝင်သရုပ်ဆောင်လျက်ရှိကြောင်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ မင်းသမီးက ရုပ်ရှင်စတင်ကြောင်းဖော်ပြရေးသားချက်တွေနဲ့အတူ အဆိုပါရုပ်ရှင်သစ်ရဲ့ ရိုက်ကွင်းဓာတ်ပုံတစ်ပုံကို ဖော်ပြခဲ့ကြောင်းလည်း သိရပါတယ်။

မင်းသမီးဟောဝက်ဒ်နဲ့အတူအခြားသော နာမည်ကျော်သရုပ်ဆောင်တွေဖြစ်ကြတဲ့ ခရစ်ပရက်ထ်နဲ့ ဘီဒီဝမ်နတ်တို့လည်း ရုပ်ရှင်သစ်မှာပါဝင်သရုပ်ဆောင်ထားကြတာဖြစ်ပါတယ်။ ခရစ်ပရက်ထ်ကတော့ ထုတ်လွှင့်ခဲ့ပြီးရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ဇာတ်ကောင်အိုဝမ်နေရာကနေ ပြန်လည်ပါဝင်သရုပ်ဆောင်ထားကာ ဘီဒီဝမ်နကတော့ ဒေါက်တာဟင်နရီယုအဖြစ် ရုပ်ရှင်သစ်မှာ ပါဝင်ထားတာဖြစ်ကြောင်းလည်း သိရပါတယ်။ ဒါ့အပြင် ယင်းရုပ်ရှင်သစ်မှာ ဂျိမ်းခရွန်ဝဲလ်၊ တက်ဒ်လက်ဗင်းန်၊ တိုဘီဂျုန်းစ်၊ ရက်ဖီစပဲလ်၊ ဂျက်စတစ်စမစ်သ်နဲ့ ဒန်နီယယ်ပိုင်းဒါအစရှိတဲ့ ဟောလိဝုဒ်သရုပ်ဆောင်ပေါင်းများစွာက ပါဝင်အားဖြည့်ထားကြကြောင်းလည်း သိရပါတယ်။



လတ်တလောမှာ ယင်းရုပ်ရှင်သစ်အတွက် ဟောဝက်ဒ်ထုတ်ဖော်ပြသခဲ့တဲ့ ဓာတ်ပုံအရ ရုပ်ရှင်သစ်ရဲ့ဇာတ်လမ်းပိုင်းနဲ့ပတ်သက်ပြီး ထူးထူးခြားခြားခန့်မှန်းလို့ရနိုင်တာမရှိသေးကြောင်းနဲ့ ရုပ်ရှင်သစ်ရဲ့ဇာတ်လမ်းပိုင်းနဲ့ ပတ်သက်ပြီးလည်း လတ်တလောအချိန်အထိ တရားဝင်အနေနဲ့ ဇာတ်လမ်းအကျဉ်းကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးပါဘူး။ ဒါပေမယ့်အဆိုပါ ရုပ်ရှင်သစ်ရဲ့ထုတ်လုပ်သူတစ်ဦးဖြစ်တဲ့ ကောလင်းထရီဗောရိုးရဲ့ ပြောကြားချက်အရ အဆိုပါရုပ်ရှင်သစ်ဟာ ယခင်ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ရုပ်ရှင်ထက် ပိုမိုထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းမှာ ဖြစ်ကြောင်းနဲ့ ရုပ်ရှင်သစ်မှာ လူသားတွေနဲ့ ဒိုင်နိုဆောတွေအကြားမှာရှိတဲ့ ဆက်နွယ်မှုတွေကို ပိုမိုအလေးထားပြသသွားမှာဖြစ်ကြောင်း သိရပါတယ်။

ယထမဆုံးသော "Jurassic World" ရုပ်ရှင်ကို ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း ထုတ်လွှင့်ပြသခဲ့တာဖြစ်ပြီး သိပ္ပံစိတ်ကူးယဉ်စွန့်စားခန်းရုပ်ရှင်အမျိုးအစားဖြစ်တဲ့ အဆိုပါရုပ်ရှင်ဟာ မိုက်ကယ်ခရစ်တန်ရဲ့ ဝတ္ထုပေါ်အခြေခံရိုက်ကူးခဲ့တဲ့ ရုပ်ရှင်ဖြစ်ကာ ကမ္ဘာတစ်ဝန်းမှ ဝင်ငွေ ၁ ဒသမ ၆ သန်းရရှိခဲ့တာဖြစ်ပါတယ်။

လတ်တလောရိုက်ကူးလျက်ရှိတဲ့ ရုပ်ရှင် "Jurassic World 2"ကိုတော့ လာမယ့် ၂၀၁၈ ခုနှစ် ဇွန်လ ၂၂ ရက်မှာ အမေရိကန်နိုင်ငံတစ်ဝန်း စတင်ရုံတင်သွားနိုင်ရန်စီစဉ်ထားကြောင်းလည်း သိရပါတယ်။

**အေးပြည့်-စုစည်းသည်**

## ဂိုဏ်းစတားတစ်ဦးအဖြစ် တွေ့မြင်ရတော့မယ့် ဂျွန်ထရာဗော်တာ

ဟောလိဝုဒ်ရဲ့နာမည်ကျော် သရုပ်ဆောင်၊ အကပညာရှင်နဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ဂျွန်ထရာဗော်တာဟာ လတ်တလောမှာ ရုပ်ရှင်တစ်ကားကို လက်ခံရိုက်ကူးပေးလျက်ရှိပြီး အဆိုပါရုပ်ရှင်မှာ ဂျွန်ထရာဗော်တာဟာ




တစ်ချိန်က အမေရိကန်နိုင်ငံရဲ့နာမည်ကျော် ဂိုဏ်းစတားတစ်ဦးနေရာက ပါဝင်သရုပ်ဆောင်ထားတာဖြစ်ကြောင်း စီအန်အန်ဒေ့ါ့ကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက နယူးယော့ခ်ရဲ့ ဘရွတ်ခ်ကလင်းရက်ကွက်အတွင်းက လမ်းတွေပေါ်မှာ ရုပ်ရှင်ရိုက်ကူးလျက်ရှိတဲ့ ဂျွန်ထရာဗော်တာကို တွေ့မြင်ခဲ့ကြရပြီးတဲ့နောက် ပရိသတ်တွေက ဂျွန်ထရာဗော်တာရဲ့ရုပ်ရှင်သစ်ကိုကြိုဆိုကြောင်း သူတို့ရဲ့လူမှုကွန်ရက်မီဒီယာတွေကနေတစ်ဆင့် ရေးသားဖော်ပြခဲ့ကြကြောင်းလည်း သိရပါတယ်။

လတ်တလောဂျွန်ထရာဗော်တာ ပါဝင်သရုပ်ဆောင်ထားတဲ့ရုပ်ရှင်ဟာ ဖြစ်ရပ်မှန်ပေါ်အခြေပြုထားတဲ့ ရုပ်ရှင်တစ်ကားဖြစ်ပါတယ်။ "The Life & Death of John Gotti"လို့ အမည်ပေးထားတဲ့အဆိုပါရုပ်ရှင်ဟာ တစ်ချိန်က လောင်းကစားနဲ့အတူ မကောင်းမှုတွေကို အုပ်စုဖွဲ့ကျူးလွန်ခဲ့တဲ့ မိသားစုငါးခုအနက် တစ်စုရဲ့အကြောင်းကို ရိုက်ကူးပုံဖော်ထားတာဖြစ်ပြီး နယူးယော့ခ်ရဲ့ ဂိုဏ်းစတားခေါင်းဆောင်ဂျွန်ဂေါ့တီနဲ့ သူ့ရဲ့သားဖြစ်သူတို့ရဲ့ဇာတ်လမ်း ကို အဓိကထားရိုက်ကူးထားတာဖြစ်ပါတယ်။

အဆိုပါရုပ်ရှင်မှာ ဂျွန်ထရာဗော်တာက ယင်းမိသားစုရဲ့အိမ်ထောင်ဦးစီးဖြစ်တဲ့ ရာဇဝင်လူဆိုး ဂျွန်ဂေါ့တီအဖြစ် ပါဝင်သရုပ်ဆောင်ထားကာ သူနဲ့ ၂၆နှစ်ကျော်ကြာလက်တွဲလာခဲ့တဲ့ ဇနီးဖြစ်သူ ကယ်လီပရက်စ်တန်ဟာလည်း ယင်းရုပ်ရှင်မှာ လူဆိုးကြီးဂျွန်ရဲ့ဇနီးသည် ဗစ်တိုးရီးယားအဖြစ် ပါဝင်သရုပ်ဆောင်ထားပါတယ်။ ဒါ့အပြင် ဂျွန်ထရာဗော်တာရဲ့သမီးဖြစ်သူဟာလည်း ယင်းရုပ်ရှင်မှာ ဂျွန်ဂေါ့တီရဲ့သမီးကြီး အိန်ဂျယ်အဖြစ်ပါဝင်ထားကြောင်း သိရပါတယ်။ ဒါကြောင့် အဆိုပါရုပ်ရှင်ဟာ ဂျွန်ထရာဗော်တာအတွက် မိသားစုရုပ်ရှင်လို့တောင် ဆိုနိုင်ပါတယ်။

" The Life & Death of John Gotti"ကိုတော့ နာမည်ကျော်ဒါရိုက်တာတစ်ဦးဖြစ်သူ ကယ်လ်ဗင်ကွန်နော်လီကတာဝန်ယူရိုက်ကူးပေးလျက်ရှိပြီး ဂွန်ထရာဗော်တာနဲ့အတူ အခြားသောဟောလိဝုဒ်သရုပ်ဆောင်တွေဖြစ်ကြတဲ့ ကယ်လီပရက်စ်တန်၊ စတေစီကိချ်၊ စပန်ဆာလော့ဖရန်ကို၊ ဗစ်တာဂိုဂျိကာ့ဂျ်တို့လည်း အဆိုပါရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရပါ တယ်။

## "Drinking Alone" ရဲ့ နောက်ဆက်တွဲရုပ်ရှင်ရိုက်ကူးမည်

တောင်ကိုရီးယားရဲ့ အောင်မြင်ခဲ့တဲ့ ဟာသရုပ်ရှင်အမျိုးအစား ရုပ်ရှင်တစ်ခုဖြစ်တဲ့ "Drinking Alone"ရဲ့ နောက်ဆက်တွဲ ရုပ်ရှင်သစ်ကို ရိုက်ကူးသွားမှာ ဖြစ်ကြောင်း လတ်တလောမှာ တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်တယ်လို့ ဟန်စင်းနီးမားဒေ့ါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ ရုပ်ရှင်သစ်အတွက် တာဝန်ယူ ရိုက်ကူးပေးမယ့် ဒါရိုက်တာနဲ့ ဇာတ်ညွှန်းဆရာတို့အတွက် ဆွေးနွေးမှုတွေပြုလုပ်ခဲ့ပြီးဖြစ်ပေမယ့် ထုတ်လွှင့်ခဲ့ပြီးရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ခဲ့ကြတဲ့ အဓိကဇာတ်ဆောင်တွေ ဖြစ်ကြတဲ့ ဟာဆော့ဂျင်နဲ့ ပေါ့ခ်ဟာဆန်းတို့နဲ့ ပတ်သက်ပြီး ရုပ်ရှင်သစ်မှာပါဝင်နိုင်ခြင်း ရှိ၊ မရှိကိုတော့ လတ်တလောအချိန်အထိ ဆွေးနွေးပြောကြားခဲ့ပြီးခြင်းမရှိသေးတာကြောင့် ရုပ်ရှင်သစ်မှာ ဇာတ်ဆောင်ဟောင်းတွေပါဝင်မှာလား၊ မတူညီတဲ့ဇာတ်လမ်းသစ်၊ ဇာတ်ဆောင်သစ်တွေနဲ့ ဖန်တီးသွားမှာလားဆိုတာကိုတော့ ဆုံးဖြတ်ချက်မချရသေးကြောင်း သိရပါတယ်။

အဆိုပါ ရုပ်ရှင်သစ်ကိုတော့ ဒါရိုက်တာ ချွဲဂိုဆစ်က ရိုက်ကူးပေးသွားမှာဖြစ်ပြီး မြောင်ဆိုဟွန်းက ဇာတ်လမ်းကို တာဝန်ယူဖန်တီးပေးသွားမှာဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့ပြီးဖြစ်ကာ လာမယ့် စက်တင်ဘာလအတွင်းက စတင်ပြီး တောင်ကိုရီးယားရုပ်သံလိုင်း တစ်ခုဖြစ်တဲ့ tvNမှ ထုတ်လွှင့်ပြသွားရန် စီစဉ်ထားကြောင်းလည်း သိရပါတယ်။


ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ "Drinking Alone" ရုပ်ရှင်မှ ဟာဆော့ဂျင်ကို တွေ့မြင်ရစဉ်။

# ဝန်ပိလာသော အောက်ခြေဝန်ထမ်းများ

**မောင်သောင်းဝင်း (တမန်ဟောင်း)**

**ဝန်ပိလာသောအောက်ခြေဝန်ထမ်းများ**

နိုင်ငံတစ်နိုင်ငံ၏ဂုဏ်အင်္ဂါရပ်များအနက် အစိုးရအဖွဲ့သည်အရေးကြီးဆုံးဟုဆိုနိုင်သည်။ တိုင်းသူ ပြည်သားများ၏နေ့စဉ်လူနေမှုဘဝအဆင်ပြေရေးအတွက် ထိုအစိုးရအဖွဲ့ကပင် စီမံခန့်ခွဲသွားရန်တာဝန်ရှိသည်။ အစိုးရအဖွဲ့အား ဝန်ကြီးဌာနများဖြင့် ဖွဲ့စည်းရသည်ကို လူတိုင်းသိထားပြီးဖြစ်သည်။ သို့သော် ထိုဝန်ကြီးဌာနများတွင် တာဝန်ထမ်းဆောင်နေသည့် အဆင့်ဆင့်သော ဝန်ထမ်းများကိုမူ မေ့လျော့နေတတ်ကြသည်။ သန့်ရှင်းရေးဝန်ထမ်းမှသည် ဝန်ကြီး၊ သမ္မတတို့သည် ကိုယ်စီတာဝန်များ ကျေပွန်ရန်လိုအပ်သည်။ သို့မှသာလျှင် ထိုအစိုးရယန္တရားကြီးသည် အချိန်မီလည်ပတ်နိုင်မည်ဖြစ်သည်။

**စိတ်ဓာတ်မြှင့်တင်**

စွမ်းဆောင်ရည်ရှိသောဝန်ထမ်းများဖြင့်ဖွဲ့စည်းထားသည့် ရုံး၊ ဌာနများသည် ပြည်သူများ၏အကျိုးကို အပြည့်အဝ သယ်ပိုးထမ်းဆောင်နိုင်ကြသည်။ ထို့အပြင် ဝန်ထမ်းများသည် ပြည်သူ့အကျိုးကို အနစ်နာခံ သယ်ပိုးသွားမည်ဆိုသော ခံယူချက်မျိုးလည်း မွေးမြူထားရန်လိုအပ်သည်။ သို့မှသာလျှင် တာဝန်ထမ်းဆောင်ရမှုအပေါ် ဂုဏ်ယူကျေနပ်နေမည်ဖြစ်သည်။ မိမိလုပ်ငန်းတာဝန်အပေါ် ဂုဏ်ယူတတ်သည့် ဝန်ထမ်းများသည် စိတ်ချမ်းမြေ့ကြသည်။ ထိုသို့ဂုဏ်ယူနေအောင် ဝန်ထမ်းများ၏ စိတ်ဓာတ်ကို မြှင့်တင်ထားရန်လိုအပ်သည်။

အစိုးရအနေဖြင့်လည်း အရည်အချင်းပြည့်ဝသော ဝန်ထမ်းတစ်ဦးအဖြစ်ခန့်အပ် တာဝန်ပေးအပ်နိုင်ရန်အတွက် ငွေကြေးများစွာကုန်ကျသည်။ အဆင့်ဆင့်သော သင်တန်းများပို့ချခြင်း၊ ပညာတော်သင်စေလွှတ်ခြင်းကဲ့သို့ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရသည်။ သို့မှသာလျှင် တိုင်းပြည်အတွက် အားထားရသော တတ်သိပညာရှင်ဝန်ထမ်းများ မွေးထုတ်နိုင်မည်ဖြစ်သည်။

ယခင်က အစိုးရဝန်ထမ်းအားလုံးသည် ချောင်ချောင်လည်လည်နေနိုင်ကြသည်။ အိမ်ထောင်ဦးစီးဝန်ထမ်းတစ်ဦးသည် မိသားစုကိုဦးဆောင်နိုင်ကြသည်။ သား၊ သမီးများ၏ပညာရေးအတွက် စိတ်မပူခဲ့ရပေ။ သာရေး၊ နာရေး၊ လူမှုရေးကိစ္စများအပြင် အိုစာ၊ နာစာကိုလည်းစုဆောင်းနိုင်ကြသည်။ အစိုးရဝန်ထမ်းတစ်ဦးသည် မချမ်းသာသော်လည်း မကျပ်တည်းခဲ့ပေ။ အထိုက်အလျောက်နေနိုင်ကြသည်။ အငြိမ်းစားဝန်ထမ်းတစ်ဦးသည်ပင်လျှင် ပင်စင်လစာဖြင့်ရပ်တည်နိုင်သည်။

**ခြိုးခြံချွေတာနေရ**

မျက်မှောက်ကာလတွင် အိမ်ထောင်ဦးစီးဝန်ထမ်းတစ်ဦးသည် မိသားစုကိုဦးဆောင်နိုင်စွမ်းမရှိတော့ချေ။ လစာကို စနစ်တကျခြိုးခြံချွေတာသုံးစွဲမှသာ လင်မယားနှစ်ယောက်စာ စားစရိတ်လောက်ကိုသာ လုံလောက်နိုင်မည်ဖြစ်သည်။ သားသမီးရှိလာလျှင် ကျောင်းစရိတ်သည် ခေါင်းခဲစရာပင်ဖြစ်သည်။ အလှူ မင်္ဂလာဆောင်ဖိတ်စာများရောက်လာလျှင် အခက်တွေ့ကြရသည်။ ကျန်းမာရေးမကောင်းလျှင် ကြွေးတင်ကြသည်။ ပြည်ပနိုင်ငံများရှိ ဝန်ထမ်းများကဲ့သို့ ပင်လယ်ရပ်ခြားအပန်းဖြေခရီးသွားဖို့ရန်သည် မတွေးဝံ့သော အိပ်မက်ပင်ဖြစ်သည်။ ပြည်တွင်းရှိ ဘုရားများ၊ ပင်လယ်ကမ်းခြေများသို့ပင် မရောက်ဖူးကြပေ။ တချို့သော ဝန်ထမ်းများသည် မိဘဆွေမျိုးများထံသို့ပင် အလည်အပတ်မသွားနိုင်ကြချေ။ ကိုယ့်ဝမ်းနာကိုယ်သာ သိကြသည်။

ဝန်ထမ်းများသည် လစာ၊ စရိတ်နည်းသဖြင့် ထမ်းဆောင်ရသည့်လုပ်ငန်းတာဝန် နည်းသွားသည်ဟု ထင်ပါသလား။ ထိုသို့ထင်လျှင်လုံးဝမှားယွင်းပါသည်။ အစိုးရ၏လုပ်ငန်းတာဝန်များသည် ပြီးပြတ်သည်ဟူ၍ မရှိသည်မှာသဘာဝပင်ဖြစ်သည်။ သို့သော်ဦးစားပေးလုပ်ငန်းအလိုက် လုံလောက်သောအချိန်ကာလ သတ်

> အစိုးရယန္တရားကြီးလည်ပတ်နိုင်ရန်သည် သမ္မတမှသည် သန့်ရှင်းရေးဝန်ထမ်းအထိ အဆင့်ဆင့်သော ဝန်ထမ်းများ၏ မောင်းနှင်အားများလို . . .
>
> ထိုဝန်ထမ်း အသီးသီး၏အရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချနိုင်မည်ဆိုလျှင် အောင်မြင်မှုရရှိမည်မှာ . . .

မှတ်ပြီး တာဝန်ပေးအပ်သင့်သည်။ လက်အောက်ဝန်ထမ်းများအား ရုံးချိန်အတွင်းမပြီးပြတ်နိုင်သည့် မလိုအပ်သော စာရင်း၊ ဇယားများ၊ အစီရင်ခံစာများပြုစုခိုင်းခြင်းသည် ပညာပေးခြင်းသာဖြစ်သည်။

စာရေးသူသည် ဝန်ထမ်းလုပ်သက် ၂၅ နှစ်ရှိပြီဖြစ်သည်။ အစိုးရရုံး၊ ဌာနများ ရန်ကုန်တွင် ရုံးစိုက်စဉ်က ဝန်ထမ်းများသည် ညနေ ၃ နာရီခွဲလျှင် ကြို ၊ ပို့ယာဉ် (Ferry) ပေါ်ရောက်နေကြပြီဖြစ်သည်။ စနေ၊ တနင်္ဂနွေ့ရုံးပိတ်ရက်များတွင်လည်း အပြည့်အဝအနားရကြသည်။ ကိုယ်ပိုင်အချိန်ဖြစ်သည်။ ရုံးပိတ်ရက်များတွင် အင်္ဂလိပ်စာသင်တန်း၊ ကွန်ပျူတာသင်တန်း၊ လက်မှုပညာသင်တန်းအစရှိသည့် အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများ တက်ရောက်နိုင်ကြသည်။ ရုံးဖွင့်ရက်များ၌ပင်လျှင် ညနေ ၅ နာရီမှ ည ၈ နာရီအထိ အချိန်ပိုင်းသင်တန်းများ တက်ရောက်နိုင်ကြသည်။ ဘဝတိုးတက်လမ်းအတွက် အချိန်များစွာ ရရှိခဲ့ကြသည်။

ထို့အပြင် စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင်လည်း အချိန်ပိုတက်ကြရသေးသည်။ ဝန်ထမ်းများသည် ရုံးပိတ်ရက်တွင် တယ်လီဖုန်း မြည်မှာကိုပင် ကြောက်နေကြသည်။ အဝင်ဖုန်းအများစုသည် ရုံးမှခေါ်ခြင်းသာဖြစ်သည်။ လုံလောက်သောအနားယူခွင့်နှင့် စိတ်ထွက်ပေါက် ပေးထားသင့်သည်။

**လျစ်လျူရှုထား**

တချို့သောရုံး၊ ဌာနအကြီးအကဲများသည် အောက်ခြေဝန်ထမ်းများ၏အခက်အခဲကို လျစ်လျူရှုထားကြသည်။ "ငါကိုယ်တိုင် နောက်ကျမှ ရုံးဆင်းမယ်၊ မင်းတို့လည်းနောက်ကျမှရုံးဆင်း"လို့ဆိုလေ့ရှိကြသည်။ နိုင်ငံတော်မှပေးထားသည့် ကားဖြင့် ရုံးဆင်း၊ ရုံးတက်လုပ်၊ အိမ်တွင်လည်း ကူဖော်လောင်ဖက်များခေါ်ထား၊ အရန်သင့်ပြင်ထားသည့်ထမင်းကိုစား၊ လျှော်ဖွပ် မီးပူတိုက်ပြီး အသင့်ပြင်ထားသောဝတ်စုံကိုဝတ်ကြရသူများသည် အောက်ခြေဝန်ထမ်းများ၏အခက်အခဲကိုမသိကြပေ။

**ခေါင်းစဉ်ပေါင်းစုံဖြင့်ပြုစုခိုင်း**

စာရေးသူအနေဖြင့် ထိုသို့ပြုမူလာသောဝန်ထမ်းများအပေါ် အပြစ်မမြင်နိုင်ပါ။ အကြောင်းမူကား ဝန်ထမ်းအသီးသီးတွင် အခက်အခဲကိုယ်စီရှိနေကြပါသည်။ မိုးလင်း၊ မိုးချုပ်အချိန်ပြည့်ရုံးတက်နေရသော်လည်း လုပ်ငန်းတာဝန်များသည် ပြီးပြတ်သည်ဟူ၍မရှိချေ။ လုပ်ငန်းများမပြီးပြတ်ခြင်းသည် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကျဆင်းလာ၍မဟုတ်ပေ။ သာမန်ရုံးချိန်အတွင်း မပြီးပြတ်နိုင်သောတာဝန်များ၊ လွန်ခဲ့သောဆယ်စုနှစ်လောက်က ကိန်းဂဏန်းအချက်အလက်များ၊ အစီရင်ခံစာများကိုခေါင်းစဉ်ပေါင်းစုံဖြင့် ပြန်လည်ပြုစုခိုင်းနေ၍သာဖြစ်သည်။

တချို့သောအောက်ခြေဝန်ထမ်းများ၊ အထူးသဖြင့် လင်မယားနှစ်ယောက်စလုံး ဝန်ထမ်းဖြစ်နေကြသူများသည် ရုံးကပြန်ရောက်မှသာ ချက်ပြုတ်၊ လျှော်ဖွပ်၊ မီးပူတိုက်စသည့် အိမ်မှုကိစ္စများ လုပ်ကြရသည်။ ထိုဝန်ထမ်းများသည် ရုံးဆင်းနောက်ကျလျှင် အခက်အခဲများစွာကြုံတွေ့ကြရသည်။ အိမ်တွင် လူမမယ်ကလေးများရှိနေမည်ဆိုလျှင် ထိုကလေးများသည် ထမင်းငတ်ကြမည်ဖြစ်သည်။ တချို့ကလေးများသည် မိဘများ ပြန်အလာကို မစောင့်နိုင်ဘဲ ရေသောက်၊ ဗိုက်မှောက်ပြီး အိပ်ရာဝင်သွားကြရသည်။ များစွာစိတ်မကောင်းဖွယ်ရာပင်ဖြစ်သည်။

ထို့အပြင်အောက်ခြေဝန်ထမ်းများသည် တစ်နေ့တခြား မြင့်တက်လာသောကုန်ဈေးနှုန်းကိုအမီ မလိုက်နိုင်တော့ပေ။ ယခင်က နေ့စဉ်အသားဟင်းတစ်ခွက်လောက် စားနိုင်သော်လည်း လက်ရှိအချိန်တွင် အသားဟင်းကို နပ်မှန်အောင်မစားနိုင်တော့ပေ။ အသား၊ ငါးထဲတွင်လည်း အသီးအရွက်ရောပြီး ချက်ပြုတ် စားသောက်လာကြရသည်။ အာဟာရပြည့်ဝမှုမရှိတော့ပေ။ သိမ်ငယ်စိတ်ဝင်လာကြသည်။ အထူးသဖြင့် မိမိလုပ်ငန်းအပေါ် ဂုဏ်ယူတန်ဖိုးထားတတ်မှု မှေးမှိန်လာသည်။ အချို့သောဝန်ထမ်းများသည် အဂတိ လိုက်စားလာကြသည်။

**မောင်းနှင်အားများလို**

ခြုံ၍တင်ပြရလျှင် နိုင်ငံတစ်နိုင်ငံ၏မောင်းနှင်အားဖြစ်သည့် အစိုးရအဖွဲ့အစည်းကို ဝန်ထမ်းများဖြင့်ဖွဲ့စည်းထားခြင်းဖြစ်သည်။ နိုင်ငံ့တာဝန်အားလုံးကို သမ္မတတစ်ဦးတည်း၏စွမ်းပကားဖြင့် ပြီးမြောက်အောင်ထမ်းဆောင်နိုင်မည်မဟုတ်ချေ။ ထိုနည်းတူစွာ ဝန်ကြီးဌာနတစ်ခု၏ မစ်ရှင်အားလုံးကိုလည်း ဝန်ကြီး တစ်ဦးတည်းဖြင့် အပြီးသတ်နိုင်မည်မဟုတ်ချေ။

အစိုးရယန္တရားကြီးလည်ပတ်နိုင်ရန်သည် သမ္မတမှသည် သန့်ရှင်းရေးဝန်ထမ်းအထိ အဆင့်ဆင့်သော ဝန်ထမ်းများ၏ မောင်းနှင်အားများလိုအပ်ပါသည်။ ထိုဝန်ထမ်း အသီးသီး၏အရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချနိုင်မည်ဆိုလျှင် အောင်မြင်မှုရရှိမည်မှာ ဧကန်မုချပင် ဖြစ်သည်။ ထိုသို့အကျိုးရှိစွာအသုံးချနိုင်ရန်အတွက် ဝန်ထမ်းများ၏စိတ်ဓာတ်ကို မြှင့်တင်ပေးရန်လိုအပ်သည်။ အထူးသဖြင့် အောက်ခြေဝန်ထမ်းများ၏ အခြေခံစားဝတ်နေရေးအဆင်ပြေအောင် ဖော်ဆောင်ပေးသင့်ပါသည်။

**ဝန်ပိုများ လျှော့ချ**

သို့မှသာလျှင် တာဝန်ကိုပျော်ရွှင်ချမ်းမြေ့စွာ ထမ်းဆောင်နိုင်ကြမည်ဖြစ်သည်။ ထို့အပြင် မလိုလားအပ်သော တာဝန်ပေးအပ်မှုများ၊ အချိန်ပိုခိုင်းခြင်းများကိုလည်း လျှော့ချသင့်ပါသည်။ နိုင်ငံ့ဝန်ထမ်းတစ်ဦးသည် အမှန်တကယ်လိုအပ်လျှင် တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ကိုပင်ပေးဆပ်ရန် ဝန်လေးကြမည် မဟုတ်ချေ။ ထို့ကြောင့် အောက်ခြေဝန်ထမ်းများအပေါ် ကိုယ်ချင်းစာစိတ်မွေးမြူကာ ဝန်ထုပ်ဝန်ပိုးများ တဖြည်းဖြည်း လျှော့ချသွားနိုင်ကြပါစေ။

## ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

**သန်လျင် ဖေဖော်ဝါရီ ၂၆**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် တင်ဒါအောင်မြင်သည့် မြတ်ကောင်းကင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် သန်လျင်မြို့နယ် ဖားကူးအနောက်ကျေးရွာတွင် လေးပေခွဲအချင်း စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ သံကူကွန်ကရစ် အမြင့်တင်ရေစင်ဆောက်လုပ်ခြင်း၊ ပေ (၁၀×၈×၈) ရေစက်ရုံနှင့် ဂါလန် ၅၀၀ ဆံ့ အုတ်ရေကန်ဆောင်ရွက်ခြင်းလုပ်ငန်းများ ပြီးစီးပြီဖြစ်သဖြင့် ဖေဖော်ဝါရီ ၂၁ ရက်တွင် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများမှ ကွင်းဆင်း၍ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာရေကော်မတီအဖွဲ့ဝင်များမှ ကျေးလက်ရေပေးရေးလုပ်ငန်း ရေရှည်အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းဆောင်ရွက်နိုင်ရန် တွေ့ဆုံဆွေးနွေးခဲ့ပြီး ကျေးလက်ရေပေးရေးလုပ်ငန်းများအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ချောစုစံ**



## မသန်စွမ်းသူများမဲပေးနိုင်ရေး တာဝန်ပေးဖွဲ့စည်း

**လှိုင်သာယာ ဖေဖော်ဝါရီ ၂၆**

၂၀၁၇ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကာလ ဆေးအကာအကွယ်နှင့် မသန်စွမ်းမဲဆန္ဒရှင်များ မဲပေးနိုင်ရေးအတွက် ကူညီရန်ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းဝေးခန်းမ၌ ပြုလုပ်သည်။ လှိုင်သာယာမြို့နယ်အတွင်း မျက်မမြင်ကိုးဦးနှင့် အခြားမသန်စွမ်း ၁၀၃ ဦးရှိကြောင်းသိရသည်။ **(၃၂၉)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဖွင့်

**ကျောက်တန်း ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး (တောင်ပိုင်းခရိုင်) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးကြီးမှူး၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ခွင့်ပြုငွေဖြင့် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်းဖြစ်သည့် ဆိုင်ကယ်ပြင်သင်တန်းဖွင့်ပွဲကို ကမာကလုပ်ကျေးရွာဘုန်းကြီးကျောင်းဝင်း၌ ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပခဲ့ရာ မြို့နယ်ဦးစီးမှူး ဦးတင်အောင်သန်းက သင်တန်းအဖွင့်အမှာစကားပြောကြားရာတွင် ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြှင့်တင်ပေးနိုင်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆိုင်ကယ်ပြင်သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ကမာကလုပ်ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ သင်တန်းဆရာနှင့် သင်တန်းသားများတက်ရောက်ခဲ့ပြီး သင်တန်းသား ၂၀ ဖြင့် ရက်ပေါင်း ၂၀ ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**စန်းစန်း(ကျောက်တန်း)**



# ကယားပြည်နယ်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ခရီးစဉ်တိုးချဲ့ရန် နေရာသစ်ရှာဖွေ

**လွိုင်ကော် ဖေဖော်ဝါရီ ၂၆**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီခွဲက ကယားပြည်နယ်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ခရီးစဉ်တိုးချဲ့ရန် ဖရူဆိုမြို့နယ် မော်သီဒိုကျေးရွာအနီးရှိ ထီးပရူနူလိုဏ်ဂူသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ ထီးပရူနူလိုဏ်ဂူ၏ ထူးခြားချက်သည် ဒေသခံများနှင့် နိုင်ငံခြားခရီးသွားများ စူးစမ်းလေ့လာချက်များအရ ထီးပရူနူလိုဏ်ဂူမှ ရေများသည် ဒီးမော့ဆိုမြို့နယ် ကွိုင်ငံကျေးရွာအနီးရှိ ကွိုင်ငံရေထွက်သို့ စီးဆင်းနေခြင်း၊ လိုဏ်ဂူဝတွင် သဘာဝရေတံခွန်ဖြစ်ပေါ်နေခြင်း၊ မြေအောက်မြစ်၊ မြေအောက်ဂူ နှစ်မျိုးတွဲနေပြီး နှစ်ဖက်ပွင့် မြေအောက်ဂူဖြစ်နေခြင်း၊ ထီးပရူနူလိုဏ်ဂူမှ အတွင်းဖက် တစ်မိုင်ကျော်တွင် လိုဏ်ဂူမျက်နှာပြင် ပေ ၂၀၀ ကျော် ကျယ်ဝန်းခြင်း၊ လက်ရှိထီးပရူနူလိုဏ်ဂူမှ အတွင်းဖက် နှစ်မိုင်ကျော်အထိ သွားရောက်စူးစမ်းလေ့လာနိုင်ခြင်း၊ ငွေတောင်ဆည် ရေစီးဝင်မှု အရင်းအမြစ်ဖြစ်ခြင်း၊ လိုဏ်ဂူအတွင်း သဘာဝအလျောက်ဖြစ်ပေါ်နေသော ရေတံခွန်များနှင့် ကျောက်စက်ပန်းဆွဲများဖြင့် လှပစွာတည်ရှိနေခြင်းတို့ကို လက်ရှိအနေအထားအရ တွေ့မြင်နေရသည်။

အဆိုပါ လိုဏ်ဂူသည် သဘာဝအခြေခံများနှင့် ပြည့်နှက်နေသော လိုဏ်ဂူဖြစ်ခြင်း၊ လွိုင်ကော်မှ ဖရူဆိုမြို့သို့ ၂၁မိုင်၊ ဖရူဆိုမြို့မှ ထီးပရူနူလိုဏ်ဂူသို့ ၁၀ မိုင်ကျော် ခရီးအကွာအဝေးတွင်သာ တည်ရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးလွယ်ကူစွာ သွားလာနိုင်ခြင်း၊ ဘူမိဗေဒအနေအထားကို ပြည်တွင်း၊ ပြည်ပခရီးသွားများနှင့် ပညာရှင်များ လေ့လာစူးစမ်းနိုင်ခြင်းတို့ကြောင့် ကယားပြည်နယ်၏ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ခရီးစဉ်တိုးချဲ့နိုင်ရေးအတွက် နေရာသစ်အဖြစ် ဖော်ထုတ်ဆောင်ရွက်သွားရန် ကယားပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ဒေသခံများအား မှာကြားခဲ့သည်။

**(ပြည်နယ်ပြန်/ဆက်)**

# ကွန်ကရစ်ပစ္စည်းများ အသုံးပြုမှုများပြားလာ၍ လုပ်ငန်းရှင်များ လုပ်ငန်းအဆင်ပြေကောင်းမွန်လျက်ရှိ

**မင်းဘူး ဖေဖော်ဝါရီ ၂၆**

မင်းဘူးခရိုင်အတွင်းရှိ ယခုနှစ်ခြောက်သွေ့ရာသီ အိမ်၊ ခြံများပြုပြင်ဆောက်လုပ်ရေးလုပ်ငန်းများတွင် ကွန်ကရစ်ပစ္စည်းများဖြစ်သည့် ကွန်ကရစ်တိုင်၊ ကွန်ကရစ်အုတ်၊ ကွန်ကရစ်ကျောက်စည်၊ ကျောက်ခွေများ ဝယ်ယူအသုံးပြုမှုများပြား၍ ကွန်ကရစ်လုပ်ငန်းရှင်များ လုပ်ငန်းအဆင်ပြေကောင်းမွန်လျက်ရှိကြောင်း သိရသည်။

